မိုင်းပန်သူလေး နန်းယီဆိုင်ကော်
နှင့်
ရှမ်းစာဆိုတော်ကြီး စဝ်ကောလီ

နန်းရွှေလီကြိုင် (မိုင်းပန်)

KO KYAW

မိုင်းပန်မြို့၊ မွေတော်ပရိယတ္တိစာသင်တိုက်
နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်

ရှမ်းပြည်(တောင်ပိုင်း) မိုင်းပန်မြို့၏ ရာဇဝင်

နန်းရွှေလီကြိုင်(မိုင်းပန်)
ရေးသားတင်ပြသည့်

"မိုင်းပန်သူလေး
နန်းယီဆိုင်ကော်"

နှင့်

"ရှမ်းစာဆိုတော်ကြီး
စဝ်ကောလိ"

ပုံနှိပ်မှတ်တမ်း

မိုင်းပန်သူလေး နန်းယီဆိုင်ကော်နှင့်
ရှမ်းစာဆိုတော်ကြီး စဝ်ကောလီ
နန်းရွှေလီကြိုင်(မိုင်းပန်)

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ရန်အောင်စာပေ
အုပ်ရေ – ၁၀၀၀

ပုံနှိပ်သူ

ဦးကျင်ရင်၊ ([မဲ–၁၀၀၉၈)၊ ရွှေခြည်သွေ့ပုံနှိပ်တိုက်
အမှတ်(၂၇၉)၊ ၃၁ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်
ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးလှတိုး([မဲ–၀၃၇၇၂)၊ ရန်အောင်စာပေ
တိုက် ၁၇၊ အခန်း ၂၃၊ ရွှေအုန်းပင်အိမ်ရာ၊
အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

ကွန်ပျူတာစာစီ

မောင်မင်္ဂလာ
(ကိုကျော် ကွန်ပျူတာ)(တာချီလိတ်)

မျက်နှာဖုံးဒီဇိုင်း

ကိုကျော်စိုးဝင်း
(ကိုကျော် ကွန်ပျူတာ)(တာချီလိတ်)

တန်ဖိုး – ၁၀၀၀ ကျပ်

နန်းရွှေလီကြိုင်(မိုင်းပန်)
အမည်ရင်း
စိုင်းအောင်ကြိုင်
အဖ ဦးထွန်းအေး၊ အမိ ဒေါ် နန်းလူတို့မှ
၁၉၇၂ ခုနှစ်၊ ဇူလိုင်လ (၁၆)ရက်နေ့တွင်
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့၌
မွေးဖွားခဲ့ပါသည်။

၁၉၉၁ ခုနှစ်တွင် တောင်ကြီးမြို့၊ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်း စာမေးပွဲ အောင်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် တောင်ကြီး တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (သမိုင်း) B.A(History, Q)ရရှိခဲ့ပါသည်။ ၁၉၉၇ ခုနှစ်တွင် ဒေါ် နန်းသန်းသန်းဦး(လယ်/ပြ) နှင့်အိမ်ထောင်ကျခဲ့ပြီး သမီးနန်းရွှေလီဦးနှင့်သားဖြစ်သူ စိုင်းရန်ငြိမ်းကြိုင်တို့ကို ထွန်းကားခဲ့ပါသည်။

ထို့ကြောင့် သမီးနန်းရွှေလီဦးမှ "နန်းရွှေလီ"ကိုယူ၊ အမည်ရင်းစိုင်းအောင်ကြိုင်မှ နောက်စာလုံး"ကြိုင်"ကိုယူပြီး မွေးရပ်ဇာတိမြေ"မိုင်းပန်"ကို ဂုဏ်ပြုသောအားဖြင့် နန်းရွှေလီကြိုင်(မိုင်းပန်)ဟု ကလောင်အမည်ခံယူခဲ့ခြင်း ဖြစ်သည်။

၂၀၀၄ ခုနှစ်တွင် ရွှေတံခါးမှူးမဂ္ဂဇင်း၌ "နစကသည် အကျဉ်းထောင်မဟုတ်ပါ"စာမူဖြင့် စာပေနယ်သို့ စတင်ရောက်ခဲ့ပါသည်။

၂၀၁၀ ခုနှစ်တွင် "မူကြိုအဆင့် ဗုဒ္ဓဘာသာကျင့်ထုံး ဓမ္မဝေါဟာရ ခက်ဆစ်အဓိပ္ပါယ်များ၊ မေးခွန်းများနှင့်အဖြေများ"ဘာသာရေးစာအုပ်ကို ဓမ္မဒါနအဖြစ် ရေးသားထုတ်ဝေခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် "အခြေခံအဆင့်ဗုဒ္ဓဘာသာကျင့်ထုံး ဓမ္မဆိုင်ရာမေးခွန်းများနှင့်အဖြေများ" စာအုပ်ကို ဒုတိယအကြိမ် ဓမ္မဒါနအဖြစ် ရေးသားထုတ်ဝေနိုင်ခဲ့ပါသည်။

၂၀၁၂ ခုနှစ်တွင် "လူငယ်များအတွက် အခြေခံဗုဒ္ဓဘာသာကျင့်ထုံး ဓမ္မဆိုင်ရာအမေးအဖြေများ"စာအုပ်၊ ၂၀၁၃ ခုနှစ်တွင် "ကန္တာရပန်းတစ်ပွင့်(သို့မဟုတ်)တေးသံရှင်စိုင်းဆိုင်

မောဝ်"၊ "အရက်သမားတို့၏မူလနေရာ"နှင့်"ထပ်တစ်ရာတစ်ချပ်၏ရာဇဝင်"စာအုပ်၊ ၂၀၁၄ ခုနှစ်တွင် "သေမင်းဖိတ်စာနှင့်မရဏပွဲ"စာအုပ်များကို ရေးသားထုတ်ဝေနိုင်ခဲ့ပါသည်။

ယခုအချိန်အထိ လုံးချင်းစာအုပ်(၈)အုပ်၊ ဝတ္ထုတို(၇)ပုဒ်၊ ဆောင်းပါး(၂၄)ပုဒ်၊ ကဗျာ(၈)ပုဒ်၊ တွေးတောစရာကဏ္ဍ(၁)ပုဒ် ရေးသားခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါတွင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ဦးစီးဌာန၌ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူးရာထူးဖြင့် ခရိုင်ဦးစီးဌာနမှူးရုံး၊ တာချီလိတ်မြို့တွင် တိုင်းပြည်တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

အမြဲတမ်းနေရပ်လိပ်စာမှာ (၇/၂၄)၊ ဘုရင့်နောင်လမ်း၊ အရှေ့ရပ်၊ မိုင်းပန်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ဖြစ်ပါသည်။

စီစဉ်တင်ပြသူ၏ဥယျောဧည့်

စာရေးသူဟာ ရှမ်းအမျိုးအနွယ်ဖွား မိုင်းပန်နယ်သားတစ်ဦး ဖြစ်ပါတယ်။ မိုင်းပန်သားဖြစ်တာနဲ့အညီ ငယ်စဉ်တောင်ကျေးအစကတည်းက ကြားဖူးခဲ့တဲ့သက်ကြီးစကား သက်ငယ်ကြားဆိုသလို ရှေးဒဏ္ဍာရီတစ်ခုကို ယနေ့တိုင် ပြောကြားနေခြင်း၊ အလှူအတန်းပွဲများရှိပါက ရှမ်းစာပေဟောကြားခြင်းအတွက် မှတ်ကျောက်တင်ခံရတဲ့ပုံပြင်ကတော့ "နန်းယီဆိုင်ကော်"ပဲ ဖြစ်ပါတယ်။

မိုင်းပန်မြို့အကြောင်းပြောရင် နန်းယီဆိုင်ကော် မပါရင် မပြီးသလို နန်းယီဆိုင်ကော်ဟာ ရှမ်းလူမျိုးများအတွက် ပါးစပ်ရာဇဝင်ပဲပြောပြော၊ ကလေးများအတွက် အိပ်ရာဝင်ပုံပြင်ပဲဆိုဆို သာရေးနာရေးပွဲများ၊ ရှမ်းစာပေဟောပြောပွဲတွေမှာ ထိပ်တန်းက နေရာယူစမြဲ၊ ယနေ့ထိ ယူနေဆဲပါပဲ။

အထူးသဖြင့် မိုင်းပန်မြို့ရာဇဝင်ဖြစ်တဲ့နန်းယီဆိုင်ကော်ပုံပြင်ဟာ လူသားနဲ့တိရစ္ဆာန်အကြား ထားရှိတဲ့မေတ္တာတရားကို ဖော်ညွှန်းသောသင်္ကေတတစ်ခု ဖြစ်ပါတယ်။ ပြီးတော့ ငါးပါးအာရုံကာမဂုဏ်ကို ဦးစားပေးလွန်းတဲ့ဖခင်သူဌေးကြီးနဲ့လောဘ ဒေါသ မောဟမာန်မာနကြီးလွန်းတဲ့မိထွေးတို့ကြောင့် မဖြစ်သင့်တာတွေဖြစ်သွားခဲ့တဲ့ ဘဝသင်ခန်းစာပေးဇာတ်လမ်းတစ်ပုဒ်ဆိုရင်လည်းမှားမယ်မထင်ပါဘူး။

ဤပုံပြင်ရာဇဝင်ကို ရှေးစာဆိုတော်ကြီးများ ရေးသားခဲ့တဲ့မူရင်းဇာတ်လမ်းအတိုင်း အတတ်နိုင်ဆုံး အနီးစပ်ဆုံးဖြစ်အောင် ပြန်လည်ရေးသားတင်ပြထားအပ်ပါတယ်။ ရာဇဝင်ပုံပြင်ပါ အကြောင်းအရာများ၊ စာလုံးပေါင်းသတ်ပုံများ မှားယွင်းနေပါက စာရေးသူ၏ချို့ယွင်းချက်သာ ဖြစ်ပါတယ်။ ဤရာဇဝင်ပုံပြင်ကို ဖတ်

ရှုပြီး ပုံပြင်ကပေးတဲ့အသိတရား၊ သင်ခန်းစာများအပေါ် အခြေခံပြီး နှောင်းလူတို့အတုယူသင့်တာယူ၊ ဆင်ခြင်သင့်တာ ဆင်ခြင်၊ ပြုပြင်သင့်တာပြုပြင်ပြီး တရားဓမ္မအသိဖြင့် အကျိုးရှိရှိ နေထိုင်သွားခဲ့မယ်ဆိုရင် ဤပုံပြင်ကို စာရေးသူ ရေးသားရကျိုးနပ်သွားရုံသာမက မယ်တော်နန်းယီဆိုင်ကော်၏သားတော်တစ်ဦးဖြစ်တဲ့မိုင်းပန်သား စာရေးသူအဖို့ သမိုင်းအတွက် တာဝန်ကျေပွန်တဲ့သူဖြစ်ဖို့ နီးစပ်သွားပြီလို့ ဆိုချင်ပါတယ်။

ဤကောင်းမှုကုသိုလ်စေတနာကံတို့ကြောင့် စာရေးသူသည် ဘေးဒုက္ခရောဂါ အန္တရာယ်အပေါင်းမှ ကင်းဝေးပြီးလျှင် မြတ်စွာဘုရားရှင်ဟောကြားအပ်သော သစ္စာလေးပါး မြတ်တရားကို ကောင်းစွာသိမြင်ရေးအတွက် အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပါစေသား။

သတ္တဝါခပ်သိမ်း တရားကိန်း အေးငြိမ်းနိုင်ကြပါစေ။

နန်းရွှေလီကြိုင်(မိုင်းပန်)

၀၉-၄၉၀၃၅၃၁၄

မိုင်းပန်စော်ဘွားကြီး

မိုင်းပန်ပြု ဟော်နန်းတော်ပုံ

ဒဂုတ္တမြို့ဟောင်း, ကဆောမြို့ဟောင်း Palace of Hong Dea

မိုင်းပန်သူလေး

နန်းယီဆိုင်ကော်

(ပထမပိုင်း)

သုံးလောကထွတ်ထား မြတ်စွာဘုရားသခင်ဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ နောက်တော်ပါရဟန်း(၅၀၀)နဲ့သီတင်းသုံးမွေ့လျော် စံပျော်နေတုန်း တစ်နေ့ကျတော့ မြတ်စွာဘုရား ကုဋီတော်တက်နေတဲ့အချိန်မှာ ကျောင်းခန်းဆောင်တစ်ဆောင်အတွင်း ရဟန်းများက ပြဿနာတစ်ရပ်အတွက် ဆူညံဆူညံနဲ့အငြင်းပွားနေကြပါတယ်။ မြတ်စွာဘုရားလည်း ကိစ္စတော်ပြီးစီးလို့ ကုဋီမှထွက်လာပြီး ရဟန်းများကို-

"ငါ့ရှင်တို့ အဘယ့်ကိစ္စအတွက် အငြင်းပွားနေကြသနည်း" လို့မေးတော်မူတဲ့အခါ သက်တော်ပိုမိုကြီးရင့်တဲ့ရဟန်းတစ်ပါးက အောက်ပါအတိုင်း ပြန်လည် လျှောက်ထားပါတော့တယ်။

"မြတ်စွာဘုရား၊ ကုသိုလ်ပြုမှု၏အကျိုးခံစားခွင့်၊ အကုသိုလ်ပြုမှု၏အပြစ်ဒဏ် ဤနှစ်ရပ်တို့တွင် သူ့နေရာနှင့်သူ ရှိကြသော်လည်း ကုသိုလ်၊ အကုသိုလ်တို့ကို ပြိုင်တူပြုလုပ်မိခြင်းကြောင့် မည်သို့သောအကျိုးအပြစ်ကို ဖြစ်စေနိုင်သည်၊ ပြုမှားခဲ့သည့်အကုသိုလ်အတွက် မည်သို့သောအပြစ်ဒဏ်ကို ခံစားရမည်၊ ကုသိုလ်၏အကျိုးဆက်ကြောင့် ရရှိလာမည့်ကောင်းမှုအရှိန်အဟုန်နှင့်ဤဘဝမှစုတေပြီး နောက်ဘဝ၌ မည်သို့သော အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဖြစ်စေသနည်းလို့အချင်းချင်း အငြင်းပွားရသည့်ကိစ္စ ဖြစ်ပါသည်ဘုရား။ သို့ဖြစ်ပါ၍ တပည့်တော်များ၏မရှင်းလင်းမှုအတွက် အမှတ်တရားတို့ ပိုမိုသိရှိရလေအောင် အရှင်ဘုရားကိုယ်တိုင် ဟောကြားသွန်သင်တော်မူပါဘုရား"လို့ လျှောက်ထားပါတော့တယ်။ ရဟန်းတို့ အချင်းချင်း အငြင်းပွားတဲ့ကိစ္စက အကုသိုလ်လို့ခေါ်တဲ့အမည်းကံ၊ ကုသိုလ်လို့ခေါ်တဲ့အဖြူကံ၊ ပြီး

တော့ အဖြူနဲ့အမည်း ရောတဲ့ကုသိုလ်အကုသိုလ်ကံကိစ္စပါပဲ။ အဲဒီ အခါမှာ မြတ်စွာဘုရားသခင်က- "ကောင်းပြီ၊ ငါ့ရှင်တို့ ကောင်းမွန် စွာ မှတ်သားနာယူကြလော့"လို့မိန့်တော်မူပြီး ဝတ္ထုဇာတ်လမ်းတစ် ပုဒ်ကို ဟောကြားတော်မူခဲ့ပါတယ်။

ရှေးအခါက ဤဘဒ္ဒကမ္ပာအတွင်း ကကုသန်မြတ်စွာဘု ရားလက်ထက်တော်မှာ မထင်ရှားတဲ့ ဇနပုဒ်ဒေသတစ်ခု ရှိပါတယ် အဲဒီဒေသမှာ သူဆင်းရဲမှုဆိုးမနဲ့လူလားမြောက်စ သမီးငယ်တို့ဟာ မိမိတို့ရဲ့ပရိယေသနဝမ်းစာအတွက် ပိုးမွေးမြူခြင်း၊ ပိုးထည်ယက် လုပ်ရောင်းချခြင်းလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်း ပြုကြရပါ တယ်။ ဒီနည်းနဲ့သားအမိတို့နှစ်ယောက်ဟာ နေ့စဉ်နဲ့အမျှ မွေးထား တဲ့ပိုးတွေကို ပြုတ်စားပြီး ပိုးအိမ်ကနေ ပိုးမျှင်များကို ရစ်ယူလို့ပိုး ထည်ဖြစ်အောင် ယက်လုပ်တဲ့လုပ်ငန်းနဲ့အကုသိုလ်အလုပ်ကို ပျော် ပျော်လုပ်လာရင်း ဘဝမှာတင့်တင့်တယ်တယ် နေထိုင်လာခဲ့ပါ တယ်။

တစ်နေ့ကျတော့ မထေရ်တစ်ပါးနဲ့တပည့်ရဟန်းတစ်ပါး တို့ဟာ အဲဒီသားအမိအိမ်ရှေ့မှာ ရပ်ပြီး သင်္ကန်းအလှူခံပါတယ်။ သားအမိနှစ်ယောက်တို့ဟာ အဲဒီရဟန်းတော်နှစ်ပါးကို အိမ်ပေါ် ပင့်ဆောင်ပြီး ဆွမ်းဆက်ကပ်လှူဒါန်းပါတယ်။ ပြီးတဲ့အခါမှာတော့ ကောင်းမြတ်တဲ့သောမနသိကာရစိတ်နဲ့မထေရ်တို့ထံက သီလကို ခံ ယူဆောက်တည်ပါတယ်။ ရဟန်းတို့လည်း ၄င်းသားအမိကိုဒါနသီ လဘာဝနာစတဲ့ကုသိုလ်၊ အကုသိုလ်တို့ရဲ့ကောင်းကျိုးဆိုးကျိုးတို့ ကို ဟောကြားဆုံးမပြီး မိမိတို့သီတင်းသုံးရာ ဒေသတောအတွင်းသို့ ပြန်လည်ကြွသွားပါတော့တယ်။ သားအမိနှစ်ယောက်လည်း အဲဒီ နေ့ကစပြီး အကုသိုလ်အလုပ်ကို မလုပ်တော့ဘဲ သမ္မာအာဇီဝလုပ် ငန်းနဲ့လုပ်ကိုင်စားသောက်ရပ်တည်နေထိုင်ခဲ့ပါတယ်။ ဒါပေမယ့်

သက်တမ်းစေ့လို့ သေဆုံးကြတဲ့အခါ အကုသိုလ်ရဲ့အကျိုးပေးမှုကြောင့် ငရဲကျလိုက်၊ ကုသိုလ်ရဲ့အကျိုးပေးမှုကြောင့် လူပြန်ဖြစ်လိုက်နဲ့ သံသရာမှာ ကျင်လည်ခဲ့ရပါတယ်။

သားအမိ နေထိုင်တဲ့ဒေသဟာ ယခု မိုင်းပန်မြို့ရဲ့အရှေ့မြောက်ဘက်(၅)မိုင်ခန့်အကွာမှာ တည်ရှိပါတယ်။ အဲဒီသားအမိပိုးမွေးတဲ့လျှိုကို ရှမ်းအခေါ် "ဝိုလိုင်""လျှိ"ရှမ်းအခေါ်"ဝို"၊ "ပိုး"ရှမ်းအခေါ်"လိုင်"၊ ပိုးမွေးလျှိ ရှမ်းအခေါ်"ဝိုလိုင်"၊ ကာလရွှေ့လျောပြီး "ဝိုးလိုင်း"ရွာဟု ယခုတိုင် အထင်အရှား ရှိပါတယ်။ "အခင်း"ရှမ်းအခေါ်"တုံ"၊ "ပိုးစာပင်"ရှမ်းအခေါ်"မွန်း" သို့မဟုတ် "မိုက်မွန်း"၊ ပိုးစာခင်း ရှမ်းအခေါ်"တုံမွန်း" ယနေ့အထိ တုံမွန်းရွာဆိုပြီး အထင်အရှားရှိနေပါသေးတယ်။

(ဒုတိယပိုင်း)

လွန်လေပြီးသောအခါက ဝေလုပုပွတနာဂရတိုင်းအရှင်သီရိခတ္တိယသူရိယရာဇာမင်းဟာ တိုင်းနိုင်ငံကို မင်းကျင့်တရားဆယ်ပါးနဲ့အညီ တရားမျှတစွာ အုပ်ချုပ်ပြီး သက်တမ်းတစ်လျှောက် သာသနာတော်စည်ပင်သာယာရေးကိုလည်း ပြုစုဆောင်ရွက်ရင်း အသက်အရွယ်ကြီးရင့်လာတဲ့အတွက် အနိစ္စ ဒုက္ခ အနတ္တသဘောတရားကို မလွန်ဆန်နိုင်ဘဲ နတ်ရွာစံတော်မူခဲ့ပါတယ်။ သူ့အရိုက်အရာကို သက်တော်တစ်ဆယ့်ရှစ်နှစ်မျှသာရှိသေးတဲ့မင်းပျိုမင်းလွင်သားတော် သီရိခတ္တိယစန္ဒရာဇာမင်းက ဆက်လက်စိုးစံပြီး တိုင်းပြည်ကို ဆက်ခံအုပ်စိုးခဲ့ပါတယ်။

အဲဒီမင်းလက်ထက်မှာ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲ၊ ငှက်စတဲ့တိရစ္ဆာန်မျိုးစုံကို မြောက်မြားစွာ မွေးမြူထားရုံသာမက အင်းလုပ်ငန်း၊ ရေလုပ်ငန်းတို့ကို လုပ်ကိုင်ပြီး ပစ္စည်းဥစ္စာအလွန်ကြွယ်ဝချမ်းသာတဲ့ကုပိတဆိုတဲ့တောင်ပြင်သူဌေးကြီးတစ်ဦး ရှိပါတယ်။ အဲဒီသူဌေးကြီးမှာ ရုပ်ချောပြီး သဘောကောင်းတဲ့မနောလည်း လှတဲ့ရိုးသားသူ ဥစ္စုစိတ္တာ အမည်နာမခေါ်တွင် မယားကြီးအပြင် ရုပ်ချောသလောက် သဘောကောက်တဲ့မိဿရီခေါ် မယားငယ်လည်း ရှိပါတယ်။ မယားကြီးက ကြန်အင်လက္ခဏာနဲ့ပြည့်စုံတဲ့သမီးငယ် မယ်ဥတ္တရာ(ခ)နန်းယီဆိုင်ကော်ကို ဖွားမြင်ခဲ့သလို မရွေးမနှောင်းမှာပဲ မယားငယ်ကလည်း ရုပ်ရည်ချောမောလှပတဲ့သမီးငယ် သမ္မာဝတီ(ခ)အဲအီကို ဖွားမြင်ခဲ့ပါတယ်။

သူဌေးကြီးရဲ့အိမ်ထောင်ရေးမှာ သာယာဖြောင့်ဖြူးသင့်သလောက် ဖြောင့်ဖြူးခဲ့တယ်ဆိုပေမယ့် အိမ်ထောင်သက်ကြာလာတာနဲ့အမျှ မယားငယ်မိဿရီမှာ မနာလိုဝန်တိုစိတ်များပြားလာပြီး မုန့်ကိုသာ ဝေစား၍ရသော်လည်း လင်ယောက်ျားရဲ့ချစ်ခြင်းမေတ္တာကို ဆက်လက်ဝေခြမ်းသုံးဆောင်နိုင်စွမ်း မရှိတဲ့အခါမှာတော့ မယားကြီးပျက်စီးအောင် အကောက်ကြံစည်ပါတော့တယ်။ အဲဒါကတော့ ကုပိတသူဌေးကို သူမထံ တစ်ဖဝါးမှမခွဲနိုင်မခွာရက် ဖြစ်အောင် မိန်းမမာယာ သဲကိုးဖြာ၊ မာယာတစ်သိန်း အပလိန်းအနန္တနဲ့ဆက်ခါဆက်ခါ ချော့မြူဆွဲဆောင်ရုံသာမက အစာငတ်ခံပြီး ရောဂါဖိစီး၊ အားအင်ကုန်ခန်း ချိနဲ့ဟန်ပြပြီး ပြင်းထန်နေတဲ့ဝေဒနာကို ခံစားနေရပုံ၊ သမားတော်များကို လာဘ်ထိုးပြီး အဲဒီရောဂါဝေဒနာကို ကုသမရတဲ့အတွက် အသက်ကို သေမင်းထံ အကြိတ်အနယ် လုယူနေရတဲ့ဟန် စတဲ့မိန်းမတို့မာယာအမျိုးမျိုးနဲ့မိမိအား ပိုမိုကြင်နာယုယလာစေရန် ပရိယာယ်မာယာမျိုးစုံ ကမ်းကုန်အောင် ဉာဏ်ဆင်ပါ

တော့တယ်။ နွားဖြစ်ချင်တဲ့သူဌေးကြီးလည်း မယားငယ်ရဲ့မာယာတောမှာ မျက်စိလည် လမ်းမှားပြီး အမှန်တကယ် နာမကျန်းတယ်လို့ထင်မှတ်တဲ့အတွက် သူမကို တစ်စတစ်စနဲ့ပိုမိုအရေးပေးလာခဲ့ပါတယ်။ ဩော် - အငယ်ကို ဦးစားပေးလာတာ အဲဒီကတည်းကကိုး။ မယားကြီးခမျာ သနားစရာ။

တစ်နေ့မှာတော့ သူဌေးကြီးနဲ့သူဇနီး နှစ်ယောက်တို့ဟာ လှေတစ်စီးနဲ့အင်းစပ်ချောင်းရေနက်ထဲကို လှော်ခတ်ပြီး ငါးဖမ်းထွက်ခဲ့ပါတယ်။ အခုခေတ်ဆိုရင်တော့ အပျော်ခရီးထွက်တာပေါ့နော်။ ချောင်းသာတို့လို ငွေဆောင်တို့လို နေရာမျိုးမှာ မဟေသီအလန်းလေးတွေနဲ့ဟန်းနီးမွန်းခရီး အပန်းဖြေထွက်သလိုမျိုးပေါ့။ လှေဦးမှာ မယားကြီးဥစ္စုစိတ္တာက ပေါက်ချပ်တစ်လုံးနဲ့လှေဦးကို ထိန်းလာတယ်။ မယားငယ် မိဿရီကလည်း ပဲ့ပိုင်းမှာ အလားတူ ပေါက်ချပ်တစ်လုံးနဲ့ပဲ့ထိန်းပြီး လိုက်လာပါတယ်။ သူဌေးကြီးက ပိုက်ကွန်ဖြန့်ပြီး ဖမ်းမိရရှိလာတဲ့ငါးများကို မယားကြီး မယားငယ်တို့ကို အညီအမျှ ခွဲဝေပေးပါတယ်။ မယားများကလည်း ရရှိလာတဲ့ငါးတွေကို မိမိတို့ပေါက်ချပ်ထဲမှာ အသီးသီးထည့်ထားကြပါတယ်။ ဒါပေမယ့် မယားငယ်ဟာ ယုတ်မာတဲ့သားစိမ်းစား စုန်းကဝေမျိုးဖြစ်တာနဲ့အညီ မိမိရရှိထားတဲ့ငါးများကို အစိမ်းလိုက်စားပြီး ငါးအနည်းငယ်မျှ ကျန်တဲ့အခါ မယားကြီးနဲ့နေရာ တောင်းလဲပါတော့တယ်။ မယားကြီးလည်း သဘောရိုးထင်မှတ်ပြီး မိမိရဲ့ပေါက်ချပ်ကို မယူဘဲ မယားငယ်နဲ့နေရာလဲလိုက်မိပါတယ်။ အဲဒီအခါမှာ သူဌေးကြီးက ငါးလည်း အတော်အတန်ရပြီ။ ပြန်ဖို့အချိန်တန်ပြီလို့တွေးမိပြီး ပိုက်ကွန်ကို သိမ်းပါတယ်။ ပြီးတော့မှ မယားကြီးရဲ့အနီးမှာရှိတဲ့ပေါက်ချပ်ထဲက ငါးတွေကို ကြည့်ပြီး-

"အလို - မင်းတို့နှစ်ယောက်ကို ငါးအကောင်အရေ အညီအမျှ ငါခွဲဝေပေးတာပဲ။ ဘာဖြစ်လို့ မင်းနားမှာ ငါးက နည်းနေတာလဲ"လို့ မေးတဲ့အခါ မယားကြီးက-

"အရှင်သူဌေးကြီး ဤဟာ ကျွန်မပေါက်ချပ် မဟုတ်ရပါ။ ညီမငယ်နဲ့နေရာပြောင်းထိုင်စဉ် ပေါက်ချပ်ကို မယူဘဲ လှေဦးမှာ ထားလျက်စနဲ့ထားခဲ့ပါတယ်။ ကျွန်မရဲ့ပေါက်ချပ်ဟာ လှေဦးမှာရှိပါတယ်"လို့ပြောတဲ့အခါ မယားငယ်က ငိုယိုပြီး-

"မဟုတ်ဘူး၊ မဟုတ်ဘူး။ ဒါ ကျွန်မရဲ့ပေါက်ချပ်ပါ။ အစ်မကြီးဟာ စုန်းမဖြစ်တယ်။ ကြည့်ပါလား ငါးတွေကို သူစားပစ်လိုက်တာ ကုန်တော့မယ်။ သက်သက်မဲ့ ကျွန်မအပေါ်အပြစ်ရောက်အောင် ကလိန်ဉာဏ်ဆင်နေပြီ"လို့ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောတဲ့အခါမှာတော့ သူဌေးကြီးဟာ မယားငယ်မှိုင်းမိပြီး ဒေါသသံနဲ့မယားကြီးကို ငေါက်ငန်းလျက်-

"ဟယ် - မိုက်လှချည်လား။ မယ်ဥစ္စာစိတ္တာ၊ အညီအမျှ ခွဲပေးတဲ့ငါးတွေကိုမှ သင် မစောင့်ထိန်းနိုင်ဘဲ စားရက်လေခြင်း"လို့ပြောပြီး မယားကြီးရဲ့ဦးခေါင်းကို လှော်တက်နဲ့ပြင်းထန်စွာ ရိုက်ချလိုက်ပါတယ်။ မယားကြီးလည်း ပွဲချင်းပြီး ခန္ဓာကြွေပျက်သုဉ်း အသက်ဆုံးပါးသွားတာနဲ့တစ်ပြိုင်နက် အဲဒီအင်းထဲမှာ ထူးခြားပြီး ကြီးမားလှပတဲ့သုဝဏ္ဏရွှေလိပ်အဖြစ် ဘဝ ပြောင်းလဲခဲ့ရပါတော့တယ်။ သူဌေးကြီးနဲ့သူ့မယားငယ်တို့ဟာ ဥစ္စာစိတ္တာအလောင်းကို ရေနက်ထဲ တွန်းချပြီး အိမ်ပြန်လာခဲ့ပါတယ်။

ဥစ္စာစိတ္တာရဲ့သမီးလေး နန်းယီဆိုင်ကော်ဟာ အရွယ်အားဖြင့် အသက်တစ်ဆယ့်ခြောက်နှစ်မျှရှိပြီး ရုပ်ရည်ရူပကာယချောမောပေပြစ်လှပသူတစ်ဦး ဖြစ်ပါတယ်။ မြင်သူတကာတို့ရဲ့စိတ်နှ

လုံးကို အစွမ်းကုန် သိမ်းကျုံးဆွဲငင်နိုင်စွမ်းရှိတဲ့မိုးကျမယ်နတ်အ သွင် အလှထိပ်ခေါင်တင်လို့ တင်စားရမလောက်အောင် ချောမော လှပတဲ့မိန်းကလေးတစ်ဦးပါပဲ။ ဒါပေမယ့် သူ့အလှနဲ့မလိုက်ဖက် အောင် ကျေးဇူးရှင်မိဘနှစ်ပါးရဲ့ခိုင်းစေချက်အရ နေ့စဉ်နေ့တိုင်း အိမ်နဲ့ခပ်လှမ်းလှမ်း တောစပ်ဘက်ကို နွားကျောင်းထွက်ရတတ်ပါ တယ်။ အခုလည်း နွားကျောင်းရာက အိမ်ပြန်ရောက်ပြီး ငါးဖမ်းရာ က ပြန်မရောက်သေးတဲ့မိဘများကို အိမ်ရှေ့မှာ ထွက်ပြီးစောင့်ကြို လျက်နေပါတယ်။ များမကြာမီ ဖခင်နဲ့မိဒွေးတို့ ပြန်လာပြီး သုံး ယောက်အတူသွားရာမှာ မိမိရဲ့မိခင် ပြန်လာတာကို တွေ့မြင်ခြင်း မရှိတဲ့အတွက် စိတ်နှလုံးမချမ်းမြေ့ဖြစ်ပြီး ဖခင်ကို အတင်းမေး မြန်းပါတော့တယ်။

"အို - ဖခင်၊ သမီးရဲ့မိခင်လည်း မမြင်ရပါလား။ မိခင် ဘယ်ရောက်နေလဲ။ နောက်မှာ လိုက်လာနေပြီလား"လို့မေးတဲ့အခါ ဖခင်ကြီးမှာ ဘာမှပြန်မပြောနိုင်ဘဲ တုံဏိဘာဝရှိနေတုန်း မိဒွေး ဖြစ်သူက-

"တယ် - အယုတ်တမာမ၊ စကားကြောရှည်မနေနဲ့။ က လေးက ကလေးလိုနေ။ နင့်အမေ ဘောဂဝတီ နဂါးပြည်ကို ဥပုသ် စောင့်သွားပြီ"လို့မာန်မဲဟိန်းဟောက်ပြီး အိမ်ထဲကို ဝင်သွားကြပါ တယ်။

အဲဒီအခါမှာ နန်းယီဆိုင်ကော်လေးမှာ ငယ်ရွယ်နုနယ်သူ ဖြစ်တဲ့အလျောက် ဟုတ်တိုင်းမှန်ရာကို တွေးတောမျော်မြင်နိုင်စွမ်း မရှိတဲ့အတွက် မည်သို့မျှ မမှန်းဆနိုင်ဘဲ မိမိရဲ့အိပ်ခန်းထဲကို စိတ် နှလုံးမချမ်းမသာနဲ့ ဝင်သွားလေတော့တယ်။ ဒီလိုနဲ့ တစ်ရက်ပြီး တစ်ရက် မိမိရဲ့မိခင် ပြန်လာနိုးနိုးနဲ့မျှော်လင့်စောင့်စားရင်း သွား

နေကျနေရာကို နွားကျောင်းထွက်ပြီး အချိန်ကာလကို ကျော်လွန်စေခဲ့ပါတယ်။

တစ်နေ့တော့ ထုံးစံအတိုင်း နွားကျောင်းထွက်လာတဲ့အခါမှာ အိမ်မှာမွေးထားတဲ့ခွေးနက်ကြီးက မိမိနောက်ကနေ တကောက်ကောက် လိုက်လာတာကို မြင်တွေ့ရတဲ့အတွက်-

"ဟဲ့ ခွေး၊ ပြန် - ဘာဖြစ်လို့ ငါ့နောက်ကို လိုက်လာရတာလဲ။ ရှူး ရှူး - ပြန်တော့"လို့ မောင်းထုတ်တဲ့အခါ သာမန်အားဖြင့် လူစကားမပြောတတ်တဲ့အဲဒီခွေးနက်ကြီးက "သခင်မလေးကို ပြောစရာရှိလို့ လိုက်လာတာပါ။ နားထောင်မယ်ဆိုရင် ပြောပြချင်ပါတယ်"လို့ လူစကားနဲ့ပြန်လည်တုံ့ပြန်ပြောဆိုလာတဲ့အခါမှာတော့ နန်းယီဆိုင်ကော်မှာ အံ့သြမှင်တက်မိပြီး ခေတ္တခဏမျှ ခွေးနက်ကြီးကို ကြောင်ကြည့်နေပါတော့တယ်။ လူစကား ပြောတတ်မှာပေါ့လေ။ အဲဒီခွေးကို ဝိသကြံုနတ်ဝင်စားနေလို့ပါပဲ။

"သခင်မလေးရဲ့မိခင် သခင်မကြီးဟာ ငါးဖမ်းထွက်တဲ့နေ့က လှေပေါ်မှာ ကွယ်လွန်သွားခဲ့ပါပြီ။ သခင်မလေးရဲ့မိဒွေးဂုံးချောစကားကြောင့် ဖခင်သခင်ကြီးက တက်မနဲ့ရိုက်ချပြီး သတ်ပစ်လိုက်တာပါ။ အခု ချောင်းရေနက်မှာ သုဝဏ္ဏရွှေလိပ်မကြီးဖြစ်လို့ နေပါပြီ။ သူရှိတဲ့နေရာကို သွားပြီး အသံပေးရင် သခင်မလေးကို သူလာပြီး တွေ့ဆုံပါလိမ့်မယ်။ သွားပေဦးတော့ သခင်မလေးရေ"လို့ ပြောပြီး ခွေးနက်ကြီးက အိမ်ဘက်ကို လှည့်ပြန်သွားပါတော့တယ်။

မိမိရဲ့မိခင် သေဆုံးသွားပြီလို့ သိလိုက်ရတဲ့နန်းယီဆိုင်ကော်ဟာ ယူကျုံးမရအောင် ဝမ်းနည်းကြေကွဲပြီး အဆက်မပြတ် ငိုကြွေးပါတော့တယ်။ ပြီးတော့မှ ဘယ်ဘဝရောက်ရောက် မိခင်ဟာ မိခင်ပဲဆိုတဲ့အသိတရား ဝင်လာပြီး မိခင်ကို တွေ့လိုတာနဲ့အင်းစပ်

ချောင်းရေနက်ဘက်သို့ နွားကို အတင်းနှင်ပြီး ရောက်အောင်သွားခဲ့ရပြီပေါ့။ ချောင်းစပ်ကို ရောက်တာနဲ့တစ်ပြိုင်နက် နန်းယီဆိုင်ကော်ဟာ ချောင်းကမ်းပါးမှာရပ်ပြီး မိခင်ကို တစာစာ အော်ခေါ်ပါတော့တယ်။

"အို မိခင်၊ အဖြစ်ဆိုးလှချည်လား မိခင်ရယ်။ ဘယ်ဘဝဝဋ်ကြွေးကြောင့် မိခင် ဒီလိုဖြစ်ရတာလဲ။ မိခင်ရဲ့အဖြစ်ကို သမီးသိရပြီး ယူကျုံးမရဝမ်းနည်းကြေကွဲရပါပြီ။ မိခင်ကိုလည်း သမီးမြင်လိုလှပါပြီ။ သမီးကို အမှန်တကယ်ချစ်ရင် ထွက်လာလှည့်ပါမိခင်" လို့အော်ခေါ်လိုက်တာနဲ့ များမကြာမီ မိမိအနား ရေထဲမှာ ဘွားကနဲပေါ်လာတဲ့ရွှေလိပ်ကြီးကို မြင်တွေ့လိုက်ရပါပြီ။ ရွှေလိပ်မကြီးဟာ ဝိသကြံုနတ်ရဲ့တန်ခိုးကြောင့် ကုန်းပေါ်ကို လူယောင်ဖန်ဆင်းပြီး လိပ်ခွံမှထွက်ကာ သမီးထံ အရောက်လာခဲ့ပါတော့တယ်။ ပြီးတော့မှ မိခင်တို့၏ဝတ္တရားအတိုင်း သမီးလှ လိမ္မာစေရေးအတွက် မှာကြားသင့်တာကို မှာကြားပါတော့တယ်။

"ချစ်သမီး၊ မိခင်ရဲ့အဖြစ်ဟာ ဆိုးရွားလှပါတယ်။ အရင်ဘဝက ပြုခဲ့တဲ့ရှေးကံဝဋ်ကြွေး မကုန်သေးသရွေ့ ခံစားရမှာဖြစ်ပါတယ်။ ရောက်တဲ့ဘဝမှာ သင့်သလို နေရမှာလည်း မိခင်ရဲ့တာဝန်ပဲဖြစ်ပါတယ်။ သမီးလေးဘဝ တစ်သက်တာ ချမ်းချမ်းသာသာနေနိုင်ဖို့အတွက် လိမ္မာစွာ နေပါ။ အိမ်မှုကိစ္စဝတ္တရားများ မလစ်ဟင်းရအောင် ဆောင်ရွက်ပါ။ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို အမြဲဆည်းကပ်ပါ။ အခုအချိန်အတော်လင့်သွားပြီ ငါ့သမီး၊ ပြန်ဖို့ အချိန်တန်ပြီ။ မိခင်နဲ့ ဒီနေရာမှာ နေ့တိုင်း လာတွေ့လှည့်ပါ။ ခုတော့ ပြန်ပေဦးတော့သမီးရယ်"လို့ မှာကြားပြီး ရွှေလိပ်မကြီးဟာ ရေထဲကို ပြန်ဆင်းသွားတယ်ဆိုရင်ပဲ နန်းယီဆိုင်ကော်ဟာ နွားများကို မောင်းနှင်ပြီး နေအိမ်ကို ပြန်လာခဲ့ပါတော့တယ်ခင်ဗျာ။

အဲဒီလိုနဲ့ နေ့စဉ်ရက်ဆက် ချောင်းရေစပ်မှာ သားအမိနှစ်ဦး အမြဲတွေ့ဆုံရင်း မိခင်လိပ်မကြီးရဲ့ဆန္ဒအရ ဝိသကြံုနတ်က ဖန်ဆင်းပေးတဲ့အလှပြုပြင်မှုကိရိယာပစ္စည်းအစုံနဲ့ ရွှေလိပ်မကြီးက သမီးနန်းယီဆိုင်ကော်ကို နံ့သာလိမ်းပေးခြင်း၊ ပန်းပန်ခြင်း၊ ခေါင်းဖီးခြင်း စသဖြင့် နေ့စဉ် အလှပြင်ပေးပါတော့တယ်။ ချောမောလှပပြီး သပ်သပ်ရပ်ရပ်နဲ့အိမ်ပြန်လာတဲ့နန်းယီဆိုင်ကော်ကို မြင်တွေ့ပြီး မကျေမနပ်နဲ့မနာလိုဖြစ်မိသူက မိဒွေးမိဿရီပါ။

"နန်းယီဆိုင်ကော် နင့်ကို ဘယ်သူ အလှပြင်ပေးတာလဲ၊ ကောင်မ ငယ်ငယ်ရွယ်ရွယ်နဲ့ ချစ်သူရှိနေပြီလား။ ဒါ နင့်ကောင်က အလှပြင်ပေးတာ မဟုတ်လား။ ငါ့ကို မှန်မှန်ပြောစမ်း"လို့မေးတဲ့အခါ နန်းယီဆိုင်ကော်က-

"မဟုတ်ပါဘူး မေမေလေး။ နွားကျောင်းဖေါ်အမျိုးသမီး အချင်းချင်း အလှပြင်ပေးတာပါ"လို့ ပြန်ပြောပေမယ့်မိဒွေးမှာ သိပ်အယုံအကြည် ရှိပုံမရပါ။

"မင်းစကားအတိုင်း ရှိစေတော့ ထားပါလေ။ နောက်မှငါ စုံစမ်းဦးမယ်"လို့ပြောဆိုပြီး ထွက်သွားပါတော့တယ်။

နောက်တစ်နေ့ အခြားနွားကျောင်းဖေါ်များထံ သွားရောက်စုံစမ်းကြည့်ရာ အချင်းချင်းအလှပြုပြင်ပေးခြင်းမဟုတ်ကြောင်းသိရတဲ့ မိဒွေးမိဿရီမှာ ဒေါသအမျက်ချောင်းချောင်းထွက်ပြီး နန်းယီဆိုင်ကော် အိမ်အပြန်ကို စောင့်မျှော်နေပါတော့တယ်။ မကြာမီ ပြေပြစ်လှပပြီး သပ်သပ်ရပ်ရပ်နဲ့ပြုပြင်လာတဲ့မယ်ဥတ္တရာ နန်းယီဆိုင်ကော်ကို မြင်လိုက်တာနဲ့ ဘာမှမေးမြန်းခြင်းမပြုဘဲ ၄င်း၏ဆံပင်ကို အတင်းဆောင့်ဆွဲပြီး အသင့်ပါလာတဲ့တုတ်နဲ့ပြင်းထန်စွာ ရိုက်ရင်း-

"ကောင်မ၊ မှန်မှန်ပြောစမ်း။ နင့်ကို ဘယ်သူ အလှပြင်ပေး တာလဲ။ မပြောလို့ကတော့ နင့်ကို အသေသတ်မယ်"လို့ကြိမ်းမောင်း ပြောဆိုရင်း ဆက်ခါဆက်ခါ ရိုက်နှက်တဲ့အခါ နန်းယီဆိုင်ကော်လေးမှာ နာကျင်လွန်းတာကြောင့် ဆောက်တည်ရာမရအောင် ငိုကြွေးလျက် မိခင်ရွှေလိပ်မကြီးနဲ့တွေ့ပြီးလို့ ၄င်းက အလှပြင်ပေးကြောင်း အမှန်အတိုင်း ဖွင့်ဟဝန်ခံပြောပြရပါလေတော့တယ်။

"သြော် - နင့်အမေစုတ်က လိပ်ယုတ်ဖြစ်နေပြီပေါ့"

အဲဒီနောက် မိဒွေးယုတ်ဟာ လိပ်မကြီး ပျက်စီးအောင် ဘယ်လိုကြံစည်ရရင်ကောင်းမလဲလို့ တွေးတောဆင်ခြင်ရင်း အကြံတစ်ခုရပြီး နေမကောင်းတဲ့လူမမာ ဟန်ဆောင်လေတော့တယ်။ စုန်းကဝေမျိုးဖြစ်တဲ့အတွက် အစာငတ်ခံပြီး ပိန်ချိအောင် လုပ်တယ်။ ထိုမှတစ်ဖန် အခါတော်ပေး ဗေဒင်ဆရာများကို လာဘ်ထိုးပြီး သား၊ ငါး၊ ဘဲ၊ ကြက်စတဲ့အညှီအဟောက်တွေကို နတ်များထံ ပူဇော်ပသရန်လို့အကြောင်းပြပြီး ၄င်းထံ ယူလာစေပါတယ်။ အဲဒီနောက် ဘယ်သူမှမတွေ့အောင် တံခါးပိတ်ပြီး အဲဒီအသားစိမ်း ငါးစိမ်း အညှီအဟောက်အားလုံးကို အကုန်စားပစ်လိုက်ပါတယ်။ အခြားသူများက မေးတဲ့အခါ နတ်များ သုံးဆောင်၍ ကုန်ပြီလို့လိမ်ပြောလိုက်တာပေါ့ဗျာ။

ဒါတင်မကသေးဘူး။ အခါတော်ပေး ဟူးရားများကိုလည်း ရွှေလိပ်သားစားရမှ ၄င်းခံစားနေရတဲ့ ရောဂါဝေဒနာဆိုးကြီး ပျောက်ကင်းမယ်လို့ လိမ်လည်တွက်ချက်လိုက်တဲ့အခါ သူဌေးကြီး ကုပိတဟာ မိမိရဲ့အရှိန်အဝါသြဇာအာဏာနဲ့ရွာသူရွာသားများကို ခေါ်ပြီး ရွှေလိပ်မကြီးရှိရာ ချောင်းရေနက်ထဲကို ရေပက်စေပါတယ် သမီးနန်းယီဆိုင်ကော်က မိမိရဲ့မိခင်ကို နောက်တစ်ဖန် ထပ်သတ်

မှာစိုးတဲ့အတွက် အရှေ့ပက်ရင် အနောက်ကို ရှောင်၊ တောင်ဘက် ပက်ရင် မြောက်ဘက်ကို ရှောင် စသဖြင့် မိခင်ကို သတိပေးစကား မှာကြားလိုက်လို့ ရွှေလိပ်မကြီးကို တွေ့အောင် ဘယ်လိုမှ မရှာနိုင်ခဲ့ ပါဘူး။

ရွာသားများ အကြိမ်ကြိမ် ခုနစ်နေရာကျအောင် ရေပက်တဲ့ နေရာကို "စစ်ဟတ်"လို့ခေါ်ပါတယ်။ "စစ်"ရှမ်းအခေါ်"ခုနစ်"၊ "ဟတ်"ရှမ်းအခေါ် "ပက်သည်"။ ဒါကြောင့် "စစ်ဟတ်"ခုနစ်နေရာ ရေပက်တယ်လို့ဆိုလိုခြင်း ဖြစ်ပါတယ်။ ရွှေလိပ်ကို ဘယ်တွေ့မှာလဲ ဗျာ။ သမီးတော်ရဲ့အမှာစကားကြောင့် ရှောင်တိမ်းနေတာကိုး။ နောက်ဆုံးတော့ စုန်းမကြီးမိသရီ ညစ်ပတ်ပြီ။ ယုတ်မာပက်စက် ပြီ။ နန်းယီဆိုင်ကော်ကို အင်းစပ်ချောင်းသို့ခေါ်လာပြီး အပြင်းအ ထန် ရိုက်နှက်နှိပ်စက်လိုက်ကြပါတယ်။ အစကတော့ သူမလည်း ခံ စားနေရတဲ့ဝေဒနာကို အောင့်အီးသည်းခံနိုင်ပေမယ့် ရေရှည်ကျ တော့ အသွေးအသားနဲ့တည်ဆောက်ထားတဲ့လူပဲဗျာ။ မခံနိုင်တဲ့အ ဆုံးတော့ မိခင်ကို တမ်းတပြီး ငိုကြွေးရပြီပေါ့။

"အို - မိခင်၊ သမီး အရိုက်အနှက်ခံရပြီး သေပါပြီ၊ မိခင် နောက်ကို သမီးလိုက်လာပါပြီ" လို့အော်မိအော်ရာ အသံထွက်သွား တဲ့အခါ ရွှေလိပ်မကြီးလည်း သမီးအသံကြားတာကြောင့် "ငါသေ လိုက သေပါစေတော့"လို့ပုန်းအောင်းရာ နေရာကနေ ကုန်းပေါ်ကို တက်လာတဲ့အခါ လူအများက သူ့ကို ဝိုင်းဖမ်းလိုက်ကြပါတော့ တယ်။

ရွှေလိပ်မကြီးလည်း သမီးနန်းယီဆိုင်ကော်ကို "အိုး-သမီး၊ မိခင်သေရင် အရိုးကို ကောက်ပြီး မြို့တော်သွားလမ်းဆုံမှာ မြှုပ်နှံ လိုက်ပါ"လို့ ကြိုတင်မှာကြားလိုက်ပါတယ်။ အဲဒီနောက် ရွာသား

များက ရွှေလိပ်မကြီးကို သူဌေးကြီးနေအိမ်သို့ယူဆောင်လာပြီး အိုးထဲကို ထည့်၊ သမီးနန်းယီဆိုင်ကော်ကို ကိုယ်တိုင်မီးပြင်းထည့်ပြီး ပြုတ်ခိုင်းစေပါတယ်။ မီးပြင်းထည့်မထည့် မိဒွေးယုတ် မိဿရီ ကိုယ်တိုင် စောင့်ကြပ်ကြည့်ရှုလျက်ရှိပါတယ်။ သြော် - "ဝဋ်မှာအမြဲ ငရဲမှာအပ" ဝဋ်ကြွေးဟူက ရှောင်ပြေးလို့မရတဲ့။ မှန်လိုက်လေ။ အရင်ဘဝဟောင်းက ပိုးတွေကို ပြုတ်ထားတဲ့မကောင်းမှုအကုသိုလ်ကံ အကျိုးပေးတန်ပြီရော့ထင့်။ ခုတော့ ရွှေလိပ်မကြီးခမျာ အိုးပူထဲမှာ အပြုတ်ခံနေရပြီ။ ရေတဖြန်းဖြန်း ပူလာတဲ့အခါ ရွှေလိပ်မကြီးက "သမီး၊ ခြေဖျားမှခြေဖမိုးအထိ ပူလောင်စပြုလာပါပြီ"လိုညည်းလိုက်ရင် သမီးက မီးအပူရှိန်လျော့အောင် ထင်းစကို ရပ်တဲ့အခါ မိဒွေးက ငေါက်ငန်းပြီး ရိုက်နှက်တယ်။ ဒီလိုနဲ့ ခြေဖမိုးမှ ခြေကျင်းဝတ်၊ ခြေသလုံးမှ ဒူးဆစ်၊ ဝမ်းဗိုက်မှ ရင်ဘတ်၊ လည်ပင်းစသဖြင့် အဆင့်ဆင့် အပူရှိန်ရောက်လို့ ညည်းညူလိုက်တိုင်း သမီးက မိခင်သက်သာအောင် ထင်းစကို ရပ်လိုက်၊ မိဒွေးက ရိုက်လိုက်နဲ့သံသရာ လည်နေပါတော့တယ်။ နောက်ဆုံး ရွှေလိပ်မကြီး ညည်းညူသံတိတ်ပြီး သေတဲ့အခါ လိပ်သားလည်း နူးနပ်ပြီဖြစ်တာကြောင့် မိဿရီတို့ ဆွေမျိုးသားချင်းများနဲ့တကွ နီးစပ် ခင်မင်သူများပါအောင်သေအောင်သားစားတဲ့အနေနဲ့ပ။ တပျော်တပါး ဝိုင်းဝန်းစားကြပါတော့တယ်။ အဲဒီလို လိပ်သားစားရာမှာ အတတ်နိုင်ဆုံး အရိုးကို အောက်မကျစေဘဲ ကောင်းစွာထိန်းသိမ်းပြီး စားကြပါတော့တယ်။

သမီးနန်းယီဆိုင်ကော်မှာ မိခင်အရိုးကို ရအောင် ကြံဆောင်ပေးရန်အတွက် ယခင်ခွေးနက်ကြီးကို မှာကြားထားတဲ့အတိုင်း ကလေးငယ်တစ်ယောက်ရဲ့လက်ကနေ လွတ်ကျလာတဲ့အရိုးတစ်ခုကို ကိုက်ချီယူဆောင်ပေးတဲ့အခါ ၄င်းက မိခင်မှာကြားတဲ့အ

တိုင်း အရိုးကို မြို့တော်သွားရာလမ်းဆုံမှာ သွားရောက်မြှုပ်နှံလိုက်ပါတယ်။ အဲဒီလို မြှုပ်နှံလိုက်တာနဲ့ တစ်ပြိုင်နက် တစ်ခဏအတွင်းမှာပဲ ထူးဆန်းအံ့သြဖွယ်ကောင်းအောင် ပင်စည်၊ အကိုင်း၊ အခက်၊ အရွက်မှစပြီး ရွှေစင်အတိဖြစ်တဲ့ကျက်သရေမင်္ဂလာနဲ့ပြည့်စုံလှတဲ့ ရွှေညောင်ပင်တစ်ပင် ပေါက်လာပါတော့တယ်။ ပြီးတော့ အဲဒီ ညောင်ပင်ကနေ စိတ်ကြည်နူးစရာ သာယာနာပျော်ဖွယ်ကောင်းပြီး သံစုံနှောတဲ့တူရိယာငြိမ့်ညောင်းသံ ခြိမ့်ခြိမ့်ညံအောင် ထွက်ပေါ်လာပါလေတော့တယ်။

မကြာမီ ရွှေညောင်ပင်ပေါက်တဲ့သတင်းဟာ နိုင်ငံအဝှမ်း ဟိုးလေးတစ်ကျော်ကျော် ဖြစ်လာတဲ့အတွက်ကြောင့် ဘုရင်မင်းမြတ်နားတော်သို့ ပေါက်ရောက်လေတော့တယ်။ ဘုရင်မင်းမြတ်ကလည်း ကကြိုးအစုံ ဆင်ယင်ထားတဲ့မင်္ဂလာဆင်တော်ကို စီးပြီး မှူးမတ်ဗိုလ်ပါခြံရံလျက် ရွှေညောင်ပင်ရှိရာကို ထွက်ချီလို့ ရှုစားတော်မူတဲ့အခါမှာ အလွန်ပဲ စိတ်နှလုံးရွှင်လန်းချမ်းမြေ့တော်မူပါတယ်။ အဲဒါကြောင့် ၄င်းရွှေညောင်ပင်ကို နန်းတော်ဝင်းအတွင်း ရွှေပြောင်းလိုတဲ့စိတ်ဆန္ဒပြင်းပျလှတဲ့အတွက် နန်းတော်သို့ပြန်ရောက်လျှင်ရောက်ချင်း ရွှေညောင်ပင်ကို တူးဖော်ရွှေပြောင်းဖို့ အမိန့်ထုတ်လိုက်ပါတယ်။ ဒါပေမယ့် အမိန့်တော်အတိုင်း လူအများက ဘယ်လိုပဲ တူးဖေါ်တူးဖေါ် လုံးဝမရနိုင်ခဲ့ပါဘူး။ အခုတူး၊ နောက်နေ့ကျတော့ တူးပြီးသားနေရာမှာ မြေများ ပြန်ဖုံးပြီး ပကတိအတိုင်း ပြန်ဖြစ်နေတာကြောင့် မြတ်သောရွှေညောင်ပင်ကို ၄င်းနှင့်ပတ်သက်သူ တူးမှရနိုင်မည်ကို ဆင်ခြင်မိသောကြောင့် ရွှေညောင်ပင်ကို တူးဖေါ်ပြီး နန်းတော်အရောက် ပို့နိုင်သူကို ယောကျ်ားဖြစ်ရင် အိမ်ရှေ့ဥပရာဇာရာထူး၊ မိန်းမဖြစ်ရင် အဂ္ဂမဟေသီမိဖုရားခေါင်ကြီးအရိုက်အ

ရာ ချီးမြှင့်မြောက်စားမယ်လို့ တိုင်းပြည်ကို မောင်းခတ်ကြေညာစေပါတယ်။

အဲဒီသတင်းကို ကြားရတဲ့ကုပိတသူဌေးဟာ နန်းတော်ကိုသွားပြီး မိမိသမီး နန်းယီဆိုင်ကော်သာလျှင် ရွှေညောင်ပင်ကို တူးဖော်ပို့ဆောင်နိုင်ပါမည်။ နွားကျောင်းရာနေရာမှ ဆင့်ခေါ်၍ စေခိုင်းပါရန် ဘုရင်မင်းမြတ်ကို လျှောက်ထားပါတယ်။ ဘုရင်မင်းမြတ်ကလည်း အဲဒီလိုဆိုရင် သင်ကိုယ်တိုင် ငါ၏စာချွန်တော်ကိုယူပြီး သင့်သမီးကို ပေးအပ်ပါ။ ပြီးရင် ရွှေညောင်ပင်ကို တစ်ပါတည်း တူးဖော်ယူလာစေလို့ မိန့်တော်မူလိုက်ပါတယ်။ သူဌေးကြီးလည်း စာချွန်တော်ကို ယူပြီး သမီးနန်းယီဆိုင်ကော်ကို ပေးအပ်လိုက်တာနဲ့ ၄င်းက ရွှေညောင်ပင်ရှိရာသွားပြီး ပထမဦးစွာ မိခင်ကို ဦးတိုက်ပူဇော်ရှိခိုးပါတယ်။ ပြီးမှ ဘုရင်မင်းမြတ်အလိုကျ နန်းတော်ဝင်းအတွင်းသို့ တစ်ပါတည်းလိုက်ပါရန် တိုင်တည်လျက် မိမိရဲ့တဘက်နဲ့ရွှေညောင်ပင်ကို ရစ်ပတ်လို့ ညင်သာစွာ ဆွဲတင်လိုက်ပြီး မောင်းသံစည်သံ တညံညံနဲ့ နန်းတော်ဝင်းထဲကို ဝင်သွားပါတော့တယ်။ ဩော် - သူ့ပစ္စည်းနဲ့သူပဲလေ။ လူအချင်းချင်း ဉာဏ်သာ ယှဉ်လို့ရနိုင်မယ်။ ကံချင်း သွားယှဉ်လို့မရဘူးလေ။ ဘုရင်မင်းမြတ်လည်း သာယာငြိမ့်ညောင်းတဲ့အသံကို ကြားရလို့ လေသာပြူတင်းကနေ ရှုစားတော်မူတဲ့အခါ ကျက်သရေမင်္ဂလာနဲ့ပြည့်စုံတဲ့မိုးကျမယ်နတ်အသွင် တော်ဝင်မိန်းမမြတ်တို့ရဲ့ကြန်အင်လက္ခဏာနဲ့ပြည့်စုံလှတဲ့မိန်းမပျိုတစ်ဦးက ရွှေညောင်ပင် ယူဆောင်လာတာကို မြင်တွေ့ရတာနဲ့တစ်ပြိုင်နက် ချက်ချင်းပဲ နန်းတော်ကဆင်းပြီး နန်းဦးကွက်လပ်တစ်နေရာမှာ ရွှေညောင်ပင်ကို စိုက်စေပါတယ်။ ပြီးတဲ့အခါမှာ ဘုရင်မင်းမြတ်က နန်းယီဆိုင်ကော်လက်ကိုဆွဲလို့ နန်းတော်ပေါ်

တက်ပြီး ထိုက်သင့်တဲ့အဆောင်အယောင်များ ပေးအပ်လျက် အဂ္ဂ မဟေသီမိဖုရားခေါင်ကြီးအဖြစ် ချီးမြှင့်မြောက်စားပါတော့တယ်။

ဒီလိုနဲ့ နန်းယီဆိုင်ကော်ဟာ မိဖုရားဖြစ်ပြီး နှစ်အတန်ကြာ တဲ့အခါမှာ သားတော်တစ်ပါးနဲ့သမီးတော်တစ်ပါး ထွန်းကားခဲ့ပါ တယ်။ မိဖုရားဖြစ်တဲ့ကာလအတွင်း မောင်းမမိသံခြံရံလျက် အပူ အပင်မရှိ ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့ရပေမယ့် ဘဝဟောင်းက သူပြု ခဲ့ဖူးတဲ့အကုသိုလ်ကံ အကျိုးပေးဖို့ တဖြည်းဖြည်း နီးကပ်လာပြီး အဲဒီဝဋ်ကြွေးဟာ သူ့ဘဝကို ဘယ်လို ဖန်တီးစေခဲ့မယ်ဆိုတာကို တော့ ဘယ်လိုမှ ကြိုတင်မှန်းဆနိုင်စွမ်း မရှိခဲ့ပါဘူး။

မိဿရီမိဒွေးဟာ နန်းယီဆိုင်ကော် ကောင်းစားပြီး မိဖုရား ဖြစ်နေတာကို မနာလို မရှုစိမ့်နိုင်တဲ့အတွက် ၄င်းအစား မိမိရဲ့သမီး ရင်း သမ္မာဝတီ(ခ)အဲအီကို အစားထိုးလိုတာကြောင့် တစ်မျိုးတစ် မည် အကောက်ကြံပြန်ပါတယ်။ အဲဒါကြောင့် မိမိရဲ့ခင်ပွန်းကုပိတ သူဒွေးကြီးနဲ့တိုင်ပင်ပြီး ဖခင်နေမကောင်းတဲ့အတွက် သမီးမိဖုရား ကြီးကိုယ်တိုင် လာရောက်ကြည့်ရှုဖို့ သွားရောက်ပြောကြားစေပါ တယ်။ မိဖုရားကြီးလည်း တကယ်ထင်မှတ်ပြီး နောက်တော်ပါးခြွေ ရံများနဲ့အတူ ဘုရင်မင်းမြတ်ထံ ခွင့်ပန်လို့ ဖခင်အိမ်ရောက်တဲ့အခါ မိဒွေးယုတ်မိဿရီက "ဖခင်လူမမာအခန်းထဲကို မဝင်နဲ့ဦးသမီး၊ ရေချိုးခေါင်းလျှော်ပြီးမှ ဝင်ပါ။ ဒီအခန်းထဲ အေးအေးဆေးဆေး ခေါင်းအရင်လျှော်လိုက်ပါ"လို့ပြောပြီး အသင့်စီမံထားတဲ့ပွက်ပွက် ဆူနေတဲ့ရေပူအိုးထဲကို တွန်းချလိုက်တဲ့အတွက် နန်းယီဆိုင်ကော် ခမျာမှာ လူးလိမ့်တွန်းကန်ရင်း အသက်ဇီဝိန်ချုပ်သွားပါတော့တယ် အရင်ဘဝက ပိုးပြုတ်စားတဲ့ ဝဋ်ကြွေးကြောင့် ခုဘဝ ရေနွေးပူ လောင်ပြီးသေဆုံးရခြင်းပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် လောကလူ သားများ ကိုယ့်လုပ်ရပ်ကို ကိုယ်သိပါ။ လောကသဘာဝနိယာမအ

တိုင်း အချုပင်စိုက်ရင် အချုသီး သီးပြီး အခါးပင်စိုက်ရင်လည်း ကြက်ဟင်းခါးသီးလို အပင်မျိုးအကျိုးပေးမှာပဲလေ။ အဲဒါကြောင့် စေတနာကို "ကံ"လို့ခေါ်ရခြင်းပဲ ဖြစ်ပါတယ်။

အဲဒီနောက် လူမမာကို ကြည့်ရှုပြီး ပြန်ဖို့ အချိန်စေ့ရောက်တဲ့အနေနဲ့ နန်းယီဆိုင်ကော်နဲ့ခွဲမရအောင် တူလွန်းတဲ့သမ္မာဝတီ(ခ) အဲအီကို မိဖုရားအဝတ် တန်ဆာဝတ်ဆင်စေပြီး ခွေရံများခြံရံလျက် နန်းတော်ထဲ ပြန်သွားလေတော့တယ်။ ၄င်းရဲ့အမူအရာကြမ်းတမ်းလွန်းတဲ့အတွက် သားတော်သမီးတော်များကလည်း တို့မိခင်နဲ့မတူတို့မိခင် မဟုတ်နိုင်။ အနားမသီကြလေနဲ့ဆိုပြီး အဲအီကို ရှောင်ပြေးလေတော့တယ်။ ဘုရင်မင်းမြတ်ကလည်း အဲအီ ဟန်ပန်အမူအရာကို ကြည့်ပြီး မိမိရဲ့မိဖုရားအစစ် ဟုတ် မဟုတ် ဒွိဟဖြစ်နေတုန်းမှာပဲ ရွှေညောင်ပင်မှ သာယာငြိမ့်ညောင်းတဲ့တူရိယာအသံလည်း တိတ်ဆိတ်ငြိမ်သက်သွားတာကြောင့် မိဖုရားအစစ် မဟုတ်ကြောင်း သိပေမယ့် အကဲစမ်းလိုတဲ့အနေနဲ့ ရက်အနည်းငယ်မျှစောင့်ကြည့်လျက်နေပါတော့တယ်။

ရက်အနည်းငယ်မျှ အဲအီရဲ့အရိပ်အကဲကို စောင့်ကြည့်လျက်ရှိရာ တစ်နေ့တော့ မိဖုရားကြီး နန်းယီဆိုင်ကော်ကိုယ်တိုင် ပင့်ကူမျှင်နဲ့ယက်လုပ်နေကျ ယက္ကန်းစင်မှာ အဲအီကို ယက်လုပ်ခိုင်းကြည့်တဲ့အခါ ယောင်ဝါးဝါးနဲ့မလုပ်တတ် မကိုင်တတ်နဲ့ ရမ်းတမ်းပြီး ကြမ်းတမ်းစွာ ကိုင်တွယ်ယက်လုပ်တဲ့အတွက် ပင့်ကူမျှင်တွေပျက်လို့ ယက္ကန်းစင်တစ်ခုလုံး ပြိုကျပျက်စီးလေတော့တယ်။ အဲဒီအခြေအနေကို စောင့်ကြည့်နေတဲ့ဘုရင်မင်းမြတ်က "ဟယ် - အယောင်ဆောင်မိဖုရား၊ ဤနေရာ ဤဒေသသည် သင်နဲ့ထိုက်တန်သလော"လို့ ပြောဆိုငေါက်ငန်းရင်း လက်မရွံ့အာဏာသားများကိုခေါ်ပြီး "ဤအယုတ်တမ အသွေးအသားနဲ့အမဲချဉ်လုပ်ပြီး ကုပိတသူ

ဌေးအိမ်သို့ အမြန်ပို့စေ"လို့အမိန့်တော်ချမှတ်ပြီး မျက်နှာလွှဲတော်မူပါတယ်။

အာဏာပါးကွက်သားတို့ကလည်း အဲအီရဲ့ဆံပင်ကို ဆုပ်ကိုင်ပြီး နန်းတော်အောက်ရောက်တဲ့အထိ အတင်းတရကြမ်း တရွတ်တိုက်ဆွဲချလို့ ဝါးရင်းတုတ်နဲ့ပြင်းထန်စွာ ရိုက်တဲ့အခါ အဲအီမှာ အသေဆိုးနဲ့သေပါတော့တယ်။ အဲဒီနောက် အဲအီရဲ့တစ်ကိုယ်လုံးကို တောက်တောက်စင်း၊ ထမင်းနဲ့နယ်၊ အမဲချဉ်လုပ်ပြီး ကြီးမားတဲ့တောင်းထဲကို ထည့်ပြီး သိပ်လေတယ်။ အဲအီရဲ့ခေါင်းကိုတောင်းရဲ့အောက်ဆုံးမှာ၊ ခြေလက်အစုံကို တောင်းရဲ့အလယ်မှာ စသဖြင့် အသီးသီးထားရှိပြီး အမဲချဉ်အပြည့်သိပ်တဲ့ပုံစံနဲ့သူဌေးကြီးကုပိတရဲ့နေအိမ်ကို အမြန်ပို့ပေးလေတော့တယ်။

နန်းတော်က ပေးလိုက်တဲ့အမဲချဉ်တောင်းလက်ဆောင်ကို မိဿရီမြင်တွေ့တဲ့အခ ဝမ်းမြောက်လွန်းတဲ့အတွက် "နန်းယီဆိုင်ကော် သုံးနှစ်သွား အသပြာတစ်ပြားမရ၊ အဲအီ သုံးရက်သွား အသားချဉ်ပါရ"လို့ပြောဆိုရင်း တစ်အိမ်သားလုံး ဝမ်းမြောက်ဝမ်းသာနဲ့အမဲချဉ်ကို စားကြပါတော့တယ်။ အားရပါးရစားရင်း တောင်းအလယ်ကို ရောက်တဲ့အခါ ခြေလက်တို့ကို တွေ့မြင်လိုက်တာနဲ့ မိဿရီအလန့်တကြား ဖြစ်ပြီး "သမီးအဲအီရဲ့ခြေလက်နဲ့တူလှတယ်၊ ကြည့်ပါဦး"လို့ သူဌေးကြီးကို ပြောပါတယ်။ သူဌေးကြီးလည်း ခြေလက်တို့ကိုကြည့်ပြီး သံသယဖြစ်တဲ့အတွက် အမဲချဉ်တောင်းကို မှောက်ပြီး ကြည့်တဲ့အခါ ဦးခေါင်းကို မြင်တွေ့ရပြန်လို့ "ဟုတ်ပါပြီ၊ သမီးအဲအီရဲ့ဦးခေါင်းခြေလက်အစစ်ပါပဲ။ ဖြစ်မှဖြစ်ရလေ သမီးရယ်"လို့ပြောဆိုရင်း ယူကျုံးမရအောင် အိမ်သားများအားလုံး အော်ဟစ်ငိုကြွေးကြပါတော့တယ်။

အဲဒီအတောအတွင်း နန်းတော်ရဲ့တံခါးမှူးသောဝါရိကရဲ့ အိမ်မှာ ထူးခြားတဲ့အဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့ပါတယ်။ အဲဒါက တော့ တံခါးမှူးရဲ့ခြံထဲမှာ ရှိတဲ့ဥသျှစ်ပင်တစ်ပင်ကနေ ရွှေအဆင်းနဲ့တူပြီး ထူးခြားလှတဲ့ဥသျှစ်သီးတစ်လုံးကို တွေ့ရလို့ ၄င်းတို့ဇနီးမောင်နှံက ဆွတ်ယူပြီး အိမ်ဦးခန်းတစ်နေရာမှာ အလှတင်ထားပါတယ်။ တံခါးမှူးမောင်နှံမရှိခိုက် အိမ်တွင်း သန့်ရှင်းစင်ကြယ်အောင် သိမ်းဆည်းခြင်း၊ တံမြက်စည်းလှည်းခြင်း၊ သပ်ရပ်လှပသေချာအောင် ပြုပြင်ထားခြင်းစတဲ့အိမ်မှုကိစ္စများကို ၄င်းတို့အိမ်ပြန်ရောက်တိုင်း တွေ့မြင်ကြရပါတယ်။ နေ့စဉ်နေ့တိုင်း ဒီလိုတွေ့ရှိရတဲ့အတွက် ဘယ်သူများ လာရောက်ပြုလုပ်ပေးတာပါလိမ့်လို့သိရှိရအောင် ချောင်းကြည့်တဲ့အခါမှာ ဥသျှစ်သီးကနေ ထွက်လာတဲ့လုံမငယ်ကလေးကို တွေ့လို့ ဥသျှစ်ခွက်ကို ခွဲပြီး လုံမပျိုလေးကို သမီးအဖြစ် မွေးစားပါတော့တယ်။

၄င်းလုံမငယ်ဟာ ရေနွေးပူလောင်ပြီး ခန္ဓာကြွေခဲ့ရတဲ့နန်းယီဆိုင်ကော်ပဲ ဖြစ်ပါတယ်။ သေဆုံးခါနီးမှာ ၄င်း၏ဆုတောင်းအတိုင်း ဥသျှစ်သီးအတွင်းမှာ ဥပပတ်သန္ဓေတည်လာခြင်း ဖြစ်ပါတယ်။ အဲဒီဥသျှစ်မယ်လေးမှာ ရုပ်ရည်ရူပကာယ အလွန်လှပယဉ်ကျေးပြီး ရှေးဘဝက နန်းယီဆိုင်ကော်နဲ့ခွဲမရအောင် တစ်ထေရာတည်းတူပါတယ်။ ၄င်းမှာ အနုပညာလက်ရာ အလွန်ပြောင်မြောက်သူဖြစ်ပြီး ခြံဝင်းထဲက ပန်းများကို ခူးလို့ နန်းတော်အသွင်၊ ဘုရင်၊ မိဖုရား၊ သားတော်၊ သမီးတော်များအသွင် စသဖြင့် သီကုံးပြုလုပ်ပြီး အမိတံခါးမှူးကတော်ကို ဈေးမှာ ရောင်းချစေပါတယ်။ ဈေးလာဝယ်ကြတဲ့နန်းတော်သူ နန်းတော်သားတို့မှာ ထူးဆန်းလှပစွာ ပြုပြင်သီကုံးထားတဲ့ပန်းများကို ဝယ်ပြီး ဘုရင်မင်းမြတ်ထံ ဆက်သကြပါတယ်။ ပြီးတော့ ငြိမ်သက်သွားရှေ့ညောင်ပင်က သာယာ

ငြိမ့်ညောင်းတဲ့တူရိယာအသံများကိုလည်း ပြန်လည်ကြားစပြုလာပြန်ပါတော့တယ်။

ဘုရင်မင်းမြတ်လည်း ဤအခြင်းအရာများကို တွေ့မြင်နားဆင်ရပြီး မိမိရဲ့မိဖုရားကြီး တစ်နေရာရာမှာ ပြန်လည်ဖြစ်တည်ပြီလို့ ယုံစားပြီး ပန်းသည်မှာ မည်သူမည်ဝါဖြစ်ကြောင်း စုံစမ်းတဲ့အခါ တံခါးမှူးသောဝါရိကအိမ်ကဖြစ်ကြောင်း သိရတာနဲ့ချက်ချင်းပဲ ဆင်တော်ကိုစီး၊ နောက်ပါမှူးမတ်ဗိုလ်ပါ ခြံရံလျက် တံခါးမှူးအိမ်ဘက်ကို ထွက်တော်မူပါတယ်။ တံခါးမှူးအိမ်ရှေ့မှာ ရပ်တော်မူလျက် နန်းတော်က အသင့်ပါလာတဲ့ရွှေခွက်ကို ပေးပြီး သောက်တော်ရေဆက်သဖို့ မိန့်တော်မူရာ တံခါးမှူးကိုယ်တိုင် ပျာပျာသလဲရေခပ်ပြီး ဆက်သမည်အပြုမှာ ဘုရင်မင်းမြတ်က "သင်ကိုယ်တိုင်ဆက်သသည့်ရေကို သုံးဆောင်တော်မမူလို၊ သင့်သမီးကိုယ်တိုင်ထွက်ရန် ဆက်သစေ"လို့မိန့်တော်မူတာကြောင့် သမီးဖြစ်တဲ့ဥဿျစ်မယ်လုံမပျိုလည်း ဖခင်ပေးတဲ့ရွှေခွက်ကို ယူလို့ ရေခပ်ဖို့ ကြည့်လိုက်တာနဲ့ ငါကိုင်ဖူးတဲ့ရွှေခွက်နဲ့အလွန်တူလှချည်ရဲ့လို့အောက်မေ့လျက် ဘုရင်မင်းမြတ်အား ရေဆက်သမည်အပြုမှာ ဘုရင်မင်းမြတ်လည်း ၄င်းအား မြင်လိုက်တာနဲ့ မိမိရဲ့မိဖုရားဟောင်းဖြစ်ကြောင်း သိရှိတဲ့အတွက် ဆင်တော်ပေါ်တက်၍ ရေဆက်သစေလို့ မိန့်တော်မူလိုက်ပါတယ်။ အဲဒီနောက် ဘုရင်မင်းမြတ်လည်း လုံမပျိုလက်က ရွှေခွက်ကို လှမ်းယူရင်း မိမိအပါးတော်မှာ လုံမပျိုကို ထိုင်စေလျက် နန်းတော်ကို ပြန်လည်ကြွသွားပါတော့တယ်။

အဲဒီနေ့ကစပြီး နန်းယီဆိုင်ကော်မှာ ဘေးမသီ ရန်မခဘဲ အဂ္ဂမဟေသီမိဖုရားခေါင်ကြီးအဖြစ် ပြန်ရောက်ရှိပြီးဖြစ်လို့ သားတော် သမီးတော်များနဲ့တစ်ဖန် ပေါင်းဆုံရပြန်တာကြောင့် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့ရပါတော့တယ်။ ဒါပေမယ့် ၄င်းရဲ့ဖခင် ကုပိ

တသူဌေးကြီးကတော့ အခြေအနေမဟန်လှပါဘူး။ မွေးထားတဲ့ကျွဲ၊ နွားတိရစ္ဆာန်များလည်း အချို့သေ၊ အချို့လူခိုးခံရနဲ့ ဒီကြားထဲ အိမ်မှာလည်း ဓားပြတိုက်ခံရတဲ့အတွက် ရှိရှိသမျှ ရွေ ငွေ ကျောက်သံပတ္တမြားအားလုံး ဆုံးပါးပြီး "လူမလေး ခွေးမခန့်"ဆိုသလို ရပ်သူရွာသားများကလည်း မရှိမသေ အခြေမလှ ဖြစ်ရုံမျှမက လုံးဝစားစရာမရှိတဲ့အတွက် လူမွဲဘဝကို ရောက်ရှိခဲ့ရပါတော့တယ်။

အဲဒီတော့ သူဌေးမွဲကုပိတနဲ့ဇနီးသည်မိသရီတို့ဟာ ကြံရာမရတဲ့အဆုံး အသက်ဆက်ရန်အတွက် သမီးနန်းယီဆိုင်ကော်ထံ အကူအညီတောင်းဖို့အသွား နေပြည်တော်အဝင် မြို့ရိုးရောက်ခါနီးမှာ ထူးဆန်းကြောက်မက်ဖွယ်ကောင်းတဲ့မြည်ဟီးသံကြီးဖြစ်ပေါ်လာပြီး မဟာပထဝီမြေကြီးလည်း သွက်သွက်ခါအောင် လှုပ်ခါလျက် ကွဲအက်လာတဲ့အချိန်မှာ ကုပိတတို့ဇနီးမောင်နှံဟာ ပြေးပေါက်ရာပေမယ့် မလွဲမရှောင်သာပဲ မြေမျိုခြင်းကို ခံကြရပါတော့တယ်ခင်ဗျာ။

အဲဒီအချိန်ကစပြီး သီရိခတ္တိယစန္ဒရာဇမင်းနဲ့မိဖုရားမယ် ဥတ္တရာနန်းယီဆိုင်ကော်တို့မှာ သာယာကြည်နူးဖွယ် စံပျော်နေရင်းတိုင်းနိုင်ငံကို စည်ပင်ဝပြောအောင် မင်းကျင့်တရား(၁၀)ပါးနဲ့အညီစီမံအုပ်ချုပ်လုပ်ဆောင်ကြပါလေတော့တယ်။ ကုပိတသူဌေးကြီးမွေးထားတဲ့ရာပေါင်းများစွာသော ကျွဲများလူးရာကျွဲလူးအိုင်(ယခုနောင်လုံအင်း)ကြီးကိုလည်း ပြန်လည်ပြုပြင်တဲ့အတွက် တဖြည်းဖြည်း ရေပြည့်လာပြီး အင်းကြီးအဖြစ်ကို ရောက်ရှိပြောင်းလဲလာလို့ မင်းမိဖုရားတို့ လှေလှော်ထွက် စံပျော်ရာ နေရာဖြစ်လာလေတော့တယ်။ ၄င်းအင်းကြီးထဲမှာ ကြာမျိုးငါးပါးတို့လည်း ပေါက်ရောက်ထွက်ပေါ်လာရုံသာမက တရွေ့ရွေ့ ရွှေ့လျားပြီး လည်နေတဲ့ကျွန်းမျောများလည်း ဖြစ်ပေါ်လာခဲ့ပါတယ်။ နောင်လှေခင်းသဘင်

ပွဲတော် ကျင်းပတဲ့အခါ မင်း၊ မိဖုရား၊ မှူးမတ်တို့ဟာ ရံဖန်ရံခါမှာ အဲဒီကျွန်းမျောများပေါ်တက်ပြီး လိုက်ပါတတ်တယ်လို့ ဆိုကြပါတယ်။ တရွေ့ရွေ့ ရွေလျားပြီး လည်နေတဲ့ကျွန်းကို အစွဲပြုလို့ "ကျွန်း"ရှမ်းအခေါ်"ကွန်"၊ "လည်"ရှမ်းအခေါ် "ပန်"၊ "ကျွန်းမော" ရှမ်းအခေါ်"ကွန်ပန်"၊ ၄င်းမှ "မိုင်းပန်"လို့ ခေါ်တွင်လာတဲ့အကြောင်း အဆိုရှိပါတယ်။

(နောက်ဆက်တွဲ)

ရာဇဝင်သမိုင်းအရ ပုံပြင်ဇာတ်တော်မှာ ပါဝင်တဲ့ပုဂ္ဂိုလ်များဟာ အသီးသီး ဘဝပြောင်းကြပြီး ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တော်မှာ အောက်ပါအတိုင်း ဖြစ်လာခဲ့ကြပါတယ်။

သီရိခတ္တိယသူရိယရာဇာမင်း - သုဒ္ဓေါဒနမင်းကြီး

၄င်း၏မိဖုရား - သန္တုဿိတနတ်သား

သီရိခတ္တိယစန္ဒရာဇာမင်း - ဂေါတမဘုရားရှင်

မယ်ဥတ္တရာ(နန်းယီဆိုင်ကော်) - ယသော်ဓရာဒေဝီ

သီရိခတ္တိယစန္ဒရာဇာသားတော် - သားတော်ရာဟုလာ

၄င်းသမီးတော် - ဥပ္ပလဝဏ်

ကုပိတသူဌေးကြီးကတော်ဥစ္စုစိတ္တာ - မိဒွေးတော်မဟာပဇာပတိဂေါတမီ

သောရိကတံခါးမှူး - ညီတော်အာနန္ဒာ

၄င်းကတော် - ဘဒ္ဒကလျာဏီမင်းသမီး

ဝိသကြံုနတ် - အရှင်သာရိပုတ္တရာ

ကုပိတသူဌေးကြီး - ဒေဝဒတ်

သူဌေးကတော်အငယ်မိသရီ - စိဉ္စမာနမိန်းမယုတ်

သူဌေးကြီးသမီးငယ် သမ္မာဝတီ(အဲအီ) - သီရိမာလာပြည့်တန်ဆာမ

နန်းယီဆိုင်ကော်ပုံပြင် ဤတွင်ပြီး၏။

သတ္တဝါခပ်သိမ်း တရားကိန်း အေးငြိမ်းနိုင်ကြပါစေ။

နန်းရွှေလီကြိုင်(မိုင်းပန်)

ရှမ်းစာဆိုတော်ကြီး စဝ်ကောလီ

ကျွန်တော်သိသော ရှမ်းစာဆိုတော်ကြီး

"စဝ်ကောလီ"

"ဗမာလယ်တီ၊ ရှမ်းကောလီ"တဲ့။

ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ကြားဖူးခဲ့တဲ့ဆိုရိုးစကားပဲ ဖြစ်ပါတယ်။ နှုတ်ဖျားကနေ ရွတ်ဆိုလို့ကောင်းပေမယ့် နားဝကနေ နားထောင်လို့ကောင်းပေမယ့် ဘာကိုဆိုလိုမှန်းစာရေးသူ မသိခဲ့ပါဘူး။ ငယ်ရွယ်စဉ်ကာလကိုး။ အခုတော့ သင်ကြားလေ့လာဆည်းပူးခဲ့တဲ့ပညာနဲ့ဘဝမှာ လက်တွေ့ကျတဲ့အတွေ့အကြုံကို ပေါင်းစပ်ပြီး စာရေးသူ သိရှိခဲ့ပါပြီ။ ပိဋကတ်ကျမ်းစာများကို ကောင်းမွန်စွာ နှုတ်အာဂုံဆောင်နိုင်ခြင်း၊ ရှမ်း မြန်မာသင်ပုန်းကြီး အခြေခံစာများ ရှင်သာမဏေကျင့်ရန် ရှင်ကျင့်ဝတ်များ၊ သဒ္ဒါ၊ သင်္ကာ၊ ဝိနည်း၊ လောကနီတိကျမ်း၊ ဗုဒ္ဓဝင်ကျမ်း၊ ဇာတ်နိပါတ်တော်များ၊ ရှမ်းကဗျာလင်္ကာရေးသားနည်းစနစ်များ၊ ပိဋကတ်စာပေဆိုင်ရာ ဒါနသီလဝိပဿနာကျမ်း၊ ကျင့်ဝတ်ဆိုင်ရာကျမ်း စတဲ့စာပေဆိုင်ရာကျမ်းစာအုပ်များ ရေးသားတဲ့နေရာမှာ သူမတူအောင် ကျွမ်းကျင်မှုရှိခြင်း၊ လောကရေးရာကဗျာ၊ လင်္ကာများ ရေးဖွဲ့ရာမှာ စကားလုံးပြောင်မြောက်မှုရှိခြင်း စတဲ့ဂုဏ်အင်္ဂါအရည်အချင်းတွေကြောင့် ဘဝရှင်မင်းတုန်းမင်းတရားကြီးရဲ့နှုတ်ဖျားကနေ ထုတ်ဖော်ချီးကျူးခြင်းခံရတဲ့ရှမ်းတိုင်းရင်းသားမှာ စဝ်ကောလီဖြစ်ပြီး အဲဒီအရည်အချင်းနဲ့ထပ်တူကျတဲ့ဗမာဘုန်းတော်ကြီးကတော့ လယ်တီဆရာတော်ဘုရားကြီးပဲ ဖြစ်ပါတယ်။

တစ်ကယ်တော့ ရှမ်းစာဆိုတော်ကြီးစဝ်ကောလီဟာ လူဝတ်မလဲမီ လယ်တီဆရာတော်လို ဘုရားသားတော်ရဟန်းတစ်ပါး

ပဲ ဖြစ်ပါတယ်။ သူ့ရဲ့ဘုန်းကြီးဘွဲ့တော်"အရှင်ကောလိယ"ဆိုတဲ့ ပါဠိသက်ဝေါဟာရကို အစွဲပြုပြီး လူအများက "စာရေးကောလီ"လို့ ခေါ်ဆိုကြခြင်းပဲ ဖြစ်ပါတယ်။ ဒီ့အပြင် တစ်ခြားဘွဲ့ထူး၊ ဂုဏ်ထူးနဲ့ ဂုဏ်ပြုခေါ်ခဲ့တဲ့နာမည်တွေလည်း အများကြီးရှိတဲ့အကြောင်း စာရေးသူ လေ့လာမှတ်သားသိရှိရပါတယ်။ ရှမ်းစာဆိုတော်ကြီးစဝ်ကောလီကို-

(၁)တြိပိဋကပဏ္ဍိတဂုရု

(၂)စဝ်ကောလီ

(၃)စာရေးမိုင်းပန်

(၄)စာရေးလမ်

(၅)စာရေးပေါ်မန်

(၆)စာရေးတွန်း

စတဲ့ဘွဲ့တော်နာမည်ထူးများနဲ့အသီးသီး ခေါ်ဝေါ်ကြပါတယ်။

"တြိပိဋကပဏ္ဍိတဂုရု" ခေါ်ဆိုတဲ့အကြောင်းရင်းကတော့ ဘဝရှင်မင်းတုန်းမင်းတရားကြီးဟာ မန္တလေးရွှေနန်းတော်ကို စိုးစံနေတဲ့အချိန်ကာလပဲ ဖြစ်ပါတယ်။ ရှမ်းတိုင်းရင်းသားရဟန်းတော်ဖြစ်တဲ့အရှင်ကောလိယဟာ ပိဋကတ်တော်များကို ထူးချွန်စွာ နှုတ်တက်အာဂုံဆောင်နိုင်ကြောင်း မင်းတုန်းမင်းတရားကြီး ကြားသိရတဲ့အခါမှာ ရွှေနန်းတော်ထဲကို ပင့်ဆောင်လာပြီး "အရှင်ဘုရား၊ ယနေ့မှစပြီး ဘုရားတပည့်တော်ကို အရှင်ဘုရား၏စတုပစ္စယဒါယကာအဖြစ် မှတ်ယူတော်မူပါ၊ လိုအပ်သော ပစ္စည်းလေးပါးကို လို

လေသေးမရှိအောင် တပည့်တော် ထောက်ပံ့လှူဒါန်းပါ့မယ်"လို့ လျှောက်ထားပြီး သိမ်ထပ်ပေးပါတယ်။ ပြီးတဲ့အခါ စာပေပရိယတ္တိဆိုင်ရာဘွဲ့ထူး ဂုဏ်ထူးဖြစ်တဲ့ "တြိပိဋကပဏ္ဍိတဂုရု"ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့တဲ့အတွက် ၄င်းဘွဲ့တော်နာမည်နဲ့တင်စားခေါ်ဝေါ်ကြခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် အရှင်ကောလိယ(ခ) စဝ်ကောလီဟာ မင်းတုန်းမင်းတရားကြီးရဲ့သိမ်ထပ်သားတော် ရဟန်းတစ်ပါးဖြစ်ကြောင်း ယနေ့အထိ ရှမ်းလူမျိုးများရဲ့ရာဇဝင်မှတ်တမ်းစာအုပ်များ၌သော်လည်းကောင်း၊ ပါးစပ်ရာဇဝင် အစဉ်အဆက်များ၌သော်လည်းကောင်း ဂုဏ်ယူချီးမြှောက်ပြီး ရေးသားနေဆဲ၊ ပြောဆိုနေကြဆဲ ဖြစ်ပါတယ်။

"စဝ်ကောလီ"လို့ခေါ်ဆိုတဲ့အကြောင်းရင်းက သူ့ရဟန်းဘွဲ့တော်"ကောလိယ"ကို အစွဲပြုပြီး စဝ်ကောလီလို့ခေါ်ဆိုကြတဲ့အကြောင်းကို ရှေ့မှာ ပြောခဲ့ပြီးပြီနော်။ ပိုပြီး ထင်ရှားသွားအောင် ဒါ့အပြင် နေရပ်ဇာတိ မိုင်းပန်မြို့ကို အကြောင်းပြုပြီး "စာရေးမိန်းပန်"လို့လည်း ခေါ်ကြပါတယ်။ "စာရေးလမ်"လို့ခေါ်ဆိုကြတဲ့အကြောင်းရင်းက သူ့ရုပ်အသွင်အပြင်၊ အသားအရေကို အစွဲပြုပြီး ခေါ်တာပါ။ ပြီးတော့ အိမ်ထောင်ပြုရာမှာ သားသမီးမထွန်းကားခဲ့တာကို အကြောင်းပြုပြီး ရှမ်းဘာသာနဲ့"စာရေးပေါ်မန်"လို့လည်း ခေါ်ကြပါတယ်။ နောက်ပြီးတော့ ရှမ်းကဗျာ လင်္ကာများ ရေးသားဖွဲ့နွဲ့ရာမှာ သီးခြားသင်ယူစရာမလိုဘဲ ကိုယ်တိုင်လေ့ကျင့်တတ်မြောက်သောအားဖြင့် ကျွမ်းကျင်စွာ ရေးသားနိုင်ခြင်းကို အစွဲပြုပြီး သူ့ကို "စာရေးတွန်း"လို့ တင်စားခေါ်ဆိုကြခြင်းပဲ ဖြစ်ပါတော့တယ်။

စာရေးသူ ငယ်ရွယ်နုနယ်စဉ်က စာဆိုတော်ကြီးစဝ်ကောလီကို ပဲပုပ်အမျိုးအနွယ် ရှမ်းတိုင်းရင်းသားတစ်ဦးမှန်း လေ့လာသိ

ရှိပေမယ့် မိုင်းပန်သားမှန်း မသိခဲ့ရိုးအမှန်ပါ။ မြန်မာဘုရင်ဘဝရှင် မင်းတရားကြီး မင်းတုန်းမင်းကိုယ်တိုင် သာသနာရေးထူးချွန်ဆု "တြိပိဋကပဏ္ဍိတဂုရု"ဘွဲ့တံဆိပ်တော်ကြီး ချီးမြှင့်ပေးတဲ့အထိ စာပေထူးချွန်ဆု နာမည်ကြီးစာဆိုတော်ရှင်တစ်ယောက်မို့ သူ့ကို တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံစတဲ့ အဲဒီဘက်က မြို့ကြီးတစ်ယောက်လို့ ထင်ခဲ့မိတယ်။ စာပေနဲ့ပတ်သက်ပြီး အစစအရာရာ ဘက်စုံထူးချွန်တဲ့သူတွေကို မြို့ကြီးပြကြီးကနေ မွေးထုတ်ပေးနိုင်ပြီး စာရေးသူလို တောအုံကြိုကြား မြို့မိန်းပန်ဆိုတဲ့ဇနပုဒ်ကနေ မွေးထုတ်ပေးနိုင်မယ်လို့ မထင်ခဲ့မိပါဘူး။ အခုတော့ ပတ္တမြားမှန်ရင် နှံမှာနစ်စေအုံးတော့ အရောင်မပျက်ပါဘူး။ လူတွေက အဲဒီပတ္တမြားကို နှံတောထဲမှဆယ်ယူပြီး ရေဆေးသန့်စင်ပေးလို့ ကောင်းမွန်မြင့်မြတ်တဲ့နေရာဌာနမှာပဲ ထားပေးကြတာ ထုံးစံပါပဲ။ ထင်ပေါ်ရင် စင်တော်ကောက်တယ်ဆိုတာ ဒါမျိုးထင်ပါရဲ့။ အဲဒါကြောင့် မြန်မာဘုရင် မင်းတုန်းမင်းကြီးကိုယ်တော်တိုင် အရှင်ကောလိယ(ခ)စဝ်ကောလီကို နန်းတွင်းထဲအထိ ပင့်ဆောင်ပြီး ကိုးကွယ်ခဲ့တာပါ ။

ရှမ်းစာဆိုတော်ကြီး စဝ်ကောလီရဲ့အတ္ထုပ္ပတ္တိအကျဉ်းကို စာရေးသူလေ့လာမှတ်သား သိရှိရသမျှ စာဖတ်သူများကို ပြန်လည်တင်ပြရရင်ဖြင့် ရှမ်းစာဆိုရှင်လောင်းလျာဖြစ်တဲ့ စဝ်ကောလီကို ကောဇာသက္ကရာဇ် ၁၁၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၉)ရက်၊ တနလင်္ဂနေ့မှာ ရှမ်းပြည်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်၊ နောင်ခေါဝ်လာမ်မှာ (အဘ)လုံးကျောင်းဆိုင်၊ (အမိ)ပါကျောင်းနွဲတို့မှ မွေးဖွားလာတဲ့သားကောင်းရတနာတစ်ဦး ဖြစ်ပါတယ်။ ငယ်နာမည်ကတော့ မိုင်းကာခမ်း(ခ)စိုင်းလိတ် ဖြစ်ပါတယ်။

ရှမ်းလူမျိုးများဟာ များသောအားဖြင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြသူများ ဖြစ်ကြပါတယ်။ မိမိတို့သားရတနာများ အရွယ်ရောက်လာတဲ့အခါ ရှင်လောင်းပြုပေးခြင်း၊ ရှင်သာမဏေပြုပေးခြင်းစတဲ့အလေ့အထများ ရှိကြပါတယ်။ ယောကျ်ားတိုင်းလိုလို ရှင်လောင်း၊ ရှင်သာမဏေမပြုသေးရင် မိမိတို့ဝတ္တရား မကျေပွန်သည်သာမက မိမိတို့သားရတနာလည်း ယောကျ်ားဖြစ်ရကျိုးမနပ်သလို လောကဝတ္တရားအနေနဲ့လည်း မပြည့်စုံသေးဘူးဆိုတဲ့အယူအဆရှိပါတယ်။ ပညာရေးပိုင်းဆိုင်ရာ၌လည်း အများအားဖြင့် ဘုန်းတော်ကြီးသင် ပညာရေးကိုသာ အားထားကြပါတယ်။ အဲဒါကြောင့် စိုင်းကာခမ်း အသက်(၆)နှစ်သားအရွယ်မှာ မိဘဖြစ်သူများက မိမိတို့သားလှရတနာကို သာသနာ့ဘောင် သွတ်သွင်းစေလိုခြင်း ပညာတတ်မြောက်စေလိုခြင်းဆိုတဲ့ စိတ်ဆန္ဒနဲ့ နောင်ခေါဝ်လာမ်ကျောင်း ယွန်းဂိုဏ်းဆရာတော်ဘုရားကြီးဦးသုမေဓာထံမှာ သွားရောက်အပ်နှံခဲ့ပါတယ်။ အဲဒီဆရာတော်ဘုရားကြီးဟာ မိုင်းပန်နယ်မှာ သက်တော်ဝါတော်အားဖြင့် အကြီးဆုံးပုဂ္ဂိုလ်တစ်ပါးဖြစ်တဲ့အလျောက် ပရိယတ္တိပညာအရည်အချင်းအားဖြင့်လည်း သီဟိုဠ်ကျွန်း(ယခုသီရိလင်္ကာ)နိုင်ငံကို ကိုယ်တော်တိုင် သွားရောက်လေ့လာသင်ကြားခဲ့တဲ့အတွက် ပါဠိဘာသာကို ကောင်းစွာ တတ်မြောက်ကျွမ်းကျင်တဲ့ဆရာတော်တစ်ပါး ဖြစ်ပါတယ်။ အဲဒါကြောင့် ယွန်းပိဋ္ဌက၊ ရှမ်းပိဋ္ဌကတော်များကိုသာမက မြန်မာပိဋ္ဌကတော်များကိုပါ တတ်မြောက်ကျွမ်းကျင်တော်မူပါတယ်။ အဲဒီအရည်အချင်းတွေကြောင့် ပညာတတ်၊ ကျမ်းဂန်တတ်တပည့်များကို မြောက်မြားစွာမွေးထုတ်ပေးနိုင်ခဲ့ပါတယ်။

စဝ်ကောလီလောင်းလျာ စိုင်းကာခမ်းဟာ ကျောင်းသား(ကပွိယ)ဘဝနဲ့ ရှမ်း၊ မြန်မာအခြေခံသင်ပုန်းကြီးများ၊ သင်္ကန်း

တောင်းစာများ၊ သာမဏေကျင့်ဝတ်များနဲ့ပရိတ်ကြီးများကို တစ်နှစ်တာမျှ ကြိုတင်လေ့လာသင်ကြားခဲ့ပါတယ်။ ရှင်သာမဏေမဝတ်မီ ကျောင်းသားဘဝနဲ့ဘုန်းတော်ကြီးကျောင်းမှာ တစ်နှစ်တာမျှ နေရခြင်းသည် ရှမ်းလူမျိုးတို့ရဲ့အလေ့အထထုံးစံတစ်ခုပဲ ဖြစ်ပါတယ်။

စိုင်းကာခမ်း အသက်(၇)နှစ်သားအရွယ်မှာ သိသင့်သိထိုက်တဲ့ ရှမ်းစာအခြေခံနဲ့ သာမဏေဆိုင်ရာ ကျင့်ဝတ်များကို ကောင်းမွန်စွာ သိရှိနားလည်တဲ့အခါ နောင်ခေါင်းလာမ်ကျောင်းယွန်းဂိုဏ်းဆရာတော်ဦးသုမေဓာကို ဥပဇ္ဈာယ်ပြုပြီး မိဘနှစ်ပါးရဲ့စတုပစ္စယကို ခံယူလျက် ရှင်သာမဏေအဖြစ်ကို ရောက်ရှိခဲ့ပါတယ်ဘွဲ့တော်မှာ ရှင်ကောလိယ ဖြစ်ပါတယ်။

ရှင်သာမဏေ ဖြစ်ပြီးတဲ့နောက် ရှင်ကောလိယဟာ ဥပဇ္ဈာယ်ဆရာခြေတော်ရင်းမှာ ချဉ်းကပ်ပြီး လောကနီတိကျမ်း၊ သဒ္ဒါကျမ်း၊ သင်္ကာကျမ်း၊ ဝိနည်းကျမ်း၊ ဇာတ်နိပါတ်တော်ကျမ်း၊ ဗုဒ္ဓဝင်ကျမ်းစတဲ့ပိဋကတ်ကျမ်းစာများကို ဆက်လက်သင်ကြားတတ်မြောက်ခဲ့ပါတယ်။ ရှမ်းကဗျာ လင်္ကာရေးသားနည်းစနစ်များကို ဇာတ်နိပါတ်တော်လာဝတ္ထုဇာတ်ကြောင်းတစ်ခုခုကို ယူပြီး လင်္ကာဖွဲ့စာအဖြစ် ကိုယ်တိုင်လေ့ကျင့်ရေးသားခြင်း၊ တစ်ခါတရံ သူများရေးသားပုံ ရေးသားနည်းအတိုင်း ရေးသားလေ့ရှိခြင်း၊ တစ်ခါတရံ သူများထက် ထူး၍ သူမတူအောင် မူကွဲအမျိုးမျိုးဖြင့် စကားလုံးပြောင်မြောက်လှပသေသပ်စွာ ရေးဖွဲ့နိုင်ခြင်း၊ ဉာဏ်ပညာထက်မြက်ခြင်း၊ အနေအထိုင် လိမ္မာယဉ်ကျေးသိမ်မွေ့ခြင်း၊ ကဗျာလင်္ကာများကို ကာရံအချိတ်အဆက် အဖြတ်အတောက်ညီစွာ မိမိကိုယ်တိုင် ရေးသားဖွဲ့ဆိုနိုင်ခြင်းစတဲ့ ဝိသေသလက္ခဏာထူးများ ပိုင်ဆိုင်ထားသည်ကို ကြည့်ခြင်းအားဖြင့် ရှင်ကောလိယတစ်ဖြစ်လဲ စဝ်

ကောလီဟာ ငယ်စဉ်ကတည်းက စာပေလောကထဲကို ဝင်ရောက်နေပြီလို့ ဆိုရပါမယ်။

အဲဒီနောက် ရှင်ကောလိယဟာ ဥပဇ္ဈာယ်ဆရာရဲ့ညွှန်ကြားချက်အရ ကောဇာသက္ကရာဇ် ၁၂၀၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ အသက်(၁၉)နှစ်မှာ နောင်ခေါဝ်လာမ်ကျောင်းကနေ နားပွဲကျောင်းကို ပြောင်းရွှေ့သီတင်းသုံးနေထိုင်ပြီး နားပွဲကျောင်းစာချဆရာတော်ဦးတိလောကထံပါးမှာ အထက်တန်းဆိုင်ရာ ပညာရပ်များကို ဆက်လက်သင်ယူဆည်းပူးခဲ့ပါတယ်။ ဆရာတော်ဦးတိလောက သီတင်းသုံးတော်မူတဲ့ နားပွဲကျောင်းဟာ မိုင်းပန်မြို့ရဲ့ မြောက်ဘက်နှစ်မိုင်ခန့်အကွာ နားပွဲတောင်ခြေမှာ တည်ရှိပါတယ်။ နားပွဲရွာဟာ မိုင်းပန်မြို့နဲ့ မဝေးလှတဲ့အတွက် အချင်းချင်းလှမ်းမြင်နေရပါတယ်။ ဒါ့အပြင် မိုင်းပန်မြို့ရဲ့တည်ပုံကလည်း တောင်ကုန်းများ ပတ်ပတ်လည် ဝိုင်းရံထားပြီး လယ်ကွင်းများရဲ့အလယ်မှာ တည်ရှိတဲ့အတွက် နားပွဲတောင်ခြေကနေ မြို့ထဲကို လှမ်းကြည့်လိုက်ရင် စော်ဘွားကြီးဟော်နန်းကို လှမ်းမြင်နေရပါတယ်။ ဒါပေမယ့် အခုတော့ ဟော်နန်းကြီးဟာ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူခါနီးမှာ မိန့်ကြားခဲ့တဲ့-

"ဝယဓမ္မာ သခ်ါရာ၊ အပ္ပမာဒေန သမ္မာဒေထ"(ရုပ် နာမ် သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘော ရှိကြကုန်၏။ မမေ့မလျော့သော သတိတရားနှင့်ပြည့်စုံကြလော့)ဆိုတဲ့အတိုင်း သက်ရှိသက်မဲ့ အရာဝတ္ထုတို့ရဲ့ သဘောတရားဟာ အမြဲတမ်း ဖောက်ပြန်ပြောင်းလဲနေရတဲ့အတွက် အဆိုပါစော်ဘွားကြီးဟော်နန်းစိုက်ရာ နေရာဌာနဟာ ခုတော့ မိုင်းပန်မြို့မဈေးအဖြစ် ပြောင်းလဲခဲ့ရပါပြီ။

ကောဇာသက္ကရာဇ် ၁၂၀၄ ခုနှစ်မှာ ရှင်ကောလိယဟာ သက်တော် ၂၀ အရွယ် ပြည့်လာတဲ့အတွက် နားပွဲကျောင်းစာချဆရာတော်ဦးတိလောကကို ဥပဇ္ဈာယ်ပြုပြီး မိဘနှစ်ပါးနဲ့ဆွေမျိုးတို့ရဲ့ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်တဲ့ရဟန်းဘဝကို ရောက်ရှိခဲ့ပါတယ်။ အရှင်ကောလိယဟာ ရဟန်းဖြစ်ပြီးနောက် အထက်တန်းကျမ်းစာများဖြစ်တဲ့ လောကုတ္တရာ ပိဋကတ်စာပေပညာရပ်များနဲ့ လောကီဆိုင်ရာ ဗေဒင်နက္ခတ်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်းများစတဲ့ပညာရပ်များကို နားပွဲစာချဆရာတော်ထံမှာ (၇)နှစ်တိုင်တိုင် ဆက်လက်လေ့လာသင်ကြားခဲ့တဲ့အပြင် အားလပ်တဲ့အချိန်မှာ ကလေးသူငယ်များအား ပိဋကတ်စာပေအကြောင်းများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် ရှမ်းကဗျာလင်္ကာဖွဲ့စာများ ရေးသားပြုစုခဲ့ပါတယ်။ ဒါ့အပြင် အရှင်ကောလိယဟာ ပညာရှိထံအပါးမှာ ချဉ်းကပ်ပညာယူဖို့ ဝန်မလေးတတ်သူပီပီ ကောဇာသက္ကရာဇ် ၁၂၁၀ ခုနှစ်မှာ နားပွဲဆရာတော်ဦးတိလောကို ခွင့်တောင်းပြီး မိုးနဲမြို့ စာတတ်ပေတတ်အကျော်အမော်ဖြစ်တဲ့ ဟော်ဦးကျောင်းသုဓမ္မာဂိဏ်းဆရာတော်ဦးဥက္ကဋ္ဌထံမှာ ပြောင်းရွှေ့ပညာသင်ကြားခဲ့ပြီး ယင်းဆရာတော်ထံမှာ ပိဋကတ်ဆိုင်ရာစာပေများကို လေးနှစ်တိုင်တိုင် လေ့လာသင်ကြားခဲ့ပြန်ပါတယ်။ ဒါပေမယ့် ပညာဆိုတာ ပိုသည်မရှိ၊ ပညာဆိုတာ ဆုံးခန်းတိုင်မရှိသည်နှင့်အညီ မန္တလေးရွှေမြို့တော်ကို ထပ်မံ ပညာသင်ယူရန်အတွက် ဆရာတော်ဦးဥက္ကဋ္ဌကို ခွင့်တောင်းလိုက်ပြန်ပါတယ်။ ဆရာတော်ကလည်း အရှင်ကောလိယရဲ့လျှောက်ထားချက်ကို ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုတော်မူပြီး မိုးနဲကနေ မန္တလေးရွှေမြို့တော်ကို ကုန်ရောင်းကုန်ဝယ်သွားလာနေကြတဲ့ မိမိရဲ့ဒကာ လှည်းကုန်သည်တွေနဲ့အတူ ထည့်ပေးလိုက်ပါတယ်။

အဲဒီခေတ် အဲဒီကာလက ဒေသတစ်ခုနဲ့တစ်ခု ကုန်ပစ္စည်းများ ကူးသန်းရောင်းဝယ်ရာမှာ လှည်းနဲ့မြင်းတို့ကို အသုံးပြုနေတဲ့အချိန် ဖြစ်ပါတယ်။ ယခုလို လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လွယ်ကူတာ မဟုတ်ပါဘူး။ အဲဒါကြောင့် အရှင်ကောလိယဟာ ပညာရပ်များ ထပ်မံသင်ယူရန်အတွက် မိုးနဲကနေ မန္တလေးရွှေမြို့တော်ကို တစ်လတိတိ ခြေလျင်ခရီးနဲ့လျှောက်ခဲ့ရတဲ့အကြောင်း စာဆိုရှင်များရဲ့သမိုင်းမှတ်တမ်းစာအုပ်မှာ ရေးသားထားတာကို တွေ့ရပါတယ်။ အဲဒီနောက် ကောဇာသက္ကရာဇ် ၁၂၁၄ ခုနှစ်၊ ဝါဆိုဦးကာလမှာ အရှင်ကောလိယဟာ မန္တလေးမြို့၊ ဘုရားကြီးမြောက်မုခ်မြင်းဝန်တိုက်ဆရာတော်ဦးနန္ဒိစာရထံမှာ သွားရောက်ချဉ်းကပ်သီတင်းသုံးတော်မူပြီး လောကုတ္တရာဆိုင်ရာ အထက်တန်းကျမ်းစာများဖြစ်တဲ့ ဝိနည်းပိဋကတ်၊ သုတ္တန်ပိဋကတ်၊ အဘိဓမ္မာပိဋကတ်များကို ဆက်လက်သင်ကြားခဲ့ပါတယ်။ ကြိုးစားအားထုတ်မှုဝီရိယနဲ့ဉာဏ်ပညာတတ်မြောက်မှုနဲ့စိတ်ဆန္ဒထက်သန်မှုတို့ကြောင့် အရှင်ကောလိယဟာ (၄)နှစ်တာ ကာလအတွင်းမှာ ပိဋကတ်ကျမ်းစာများကို ကောင်းမွန်စွာ အာဂုံဆောင်နိုင်တဲ့အထိ တစ်ဖက်ကမ်းခတ်တတ်မြောက်တဲ့ရဟန်းတော်တစ်ပါး ဖြစ်လာခဲ့ပါတယ်။ ကျော်ဇောထင်ရှားမွှေးကြိုင်လှတဲ့သူ့ပညာဂုဏ်သတင်းကြောင့် မန္တလေးရွှေနန်းတော်ကို စိုးစံနေတဲ့ဘဝရှင်မင်းတုန်းမင်းတရားကြီးက ရွှေနန်းတော်အတွင်း ပင့်ဆောင်ပြီး ကိုးကွယ်ခဲ့တဲ့အပြင် စာပေပရိယတ္တိဆိုင်ရာဘွဲ့ထူး ဂုဏ်ထူးဖြစ်တဲ့ "တြိပိဋကပဏ္ဍိတဂုရု" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။

အရှင်ကောလိယဟာ မင်းတုန်းမင်းတရားကြီးရဲ့ထောက်ပံ့လှူဒါန်းမှုကို ရယူပြီး ပရိယတ္တိလုပ်ငန်းများကို ကြိုးစားပမ်းစားလုပ်ဆောင်နေတုန်းမှာပဲ ၁၂၁၈ ခုနှစ်မှာ မယ်တော်ပါကျောင်းနွံ မ

ကျန်းမာမှုကြောင့် မွေးရပ်ဇာတိမြေ မြို့မိုင်းပန်ကို ပြန်လာခဲ့ရပါတယ်။ မိုင်းပန်ကို ပြန်လည်ရောက်ရှိချိန်မှာတော့ မယ်တော်ပါကျောင်းနွံဟာ ရောဂါကြာရှည်စွာ စွဲကပ်ထားတဲ့ဒဏ်နဲ့မိမိ၏သားမောင်ပဉ္စင်းဖြစ်သူရဲ့မျက်နှာကို ဖူးမြင်ရဖို့ နှစ်ရှည်လများ တောင့်တနေတဲ့စိတ်ဒဏ်ရာနဲ့အတူ သားဖြစ်သူကို စကားနှစ်ခွန်း သုံးခွန်း မျှသာ ပြောဆိုနိုင်ပြီး ကွယ်လွန်အနိစ္စရောက်သွားခဲ့ပါတယ်။ အဲဒီနောက် အရှင်ကောလိယဟာ မိမိသင်ယူတတ်မြောက်ထားတဲ့ပိဋကကျမ်းစာများကို မယ်တော်ပါကျောင်းနွံအတွက် ရည်စူးပြီး "သုတ္တမိုင်းပန်"ခေါ်ကျမ်းစာတစ်စောင်ကို ရှမ်းကဗျာလင်္ကာနဲ့ကောင်းမွန်စွာ ရေးသားပြုစုပြီး ရက်လည်ဆွမ်းနဲ့အတူ တွဲလျှပေးလိုက်ပါတယ်။ အဲဒီကျမ်းစာဟာ ရှမ်းပြည်နယ်တစ်ခွင်လုံးမှာ နေထိုင်ကြတဲ့ရှမ်းလူမျိုးနွယ်စုများရဲ့သာရေးနာရေးအခမ်းအနားတွေမှာ ယနေ့တိုင်အထိ ယဉ်ကျေးမှုတစ်ခုအဖြစ် ထည့်သွင်းနာယူနေဆဲ၊ ဟောကြားနေဆဲပဲ ဖြစ်ပါတယ်။ ကျမ်းစာရဲ့ဆိုလိုရင်းက ရရှိလာတဲ့ခန္ဓာငါးပါးရဲ့မမြဲကြောင်းကို သတိသံဝေဂတရားများ ပွားများဖို့ရန် ဖြစ်ပါတယ်။

အဲဒီအချိန်မှာပဲ မြန်မာပြည်မှာ အရုံဂိုဏ်း အတင်ဂိုဏ်းစတဲ့သံဃာအချင်းချင်း ပဋိပက္ခများ ဖြစ်ပွားခဲ့သလို ရှမ်းစော်ဘွားများ ဟော်နန်းစိုက်ရာ မိုးနဲ၊ မိုင်းပန်စတဲ့ဒေသတွေမှာလည်း သံဃာဂိုဏ်းအချင်းချင်း ပဋိပက္ခဖြစ်ပွားခဲ့ပါတယ်။ ဒါပေမယ့် အရှင်ကောလိယဟာ ပိဋကတ်စာပေကျမ်းဂန် တတ်မြောက်တဲ့ရဟန်းတော်တစ်ပါးဖြစ်သည်နှင့်အညီ စာပေမှာမွေ့လျော်ပြီး အေးအေးချမ်းချမ်းနေတတ်တဲ့သူပီပီ ဘယ်ဂိုဏ်းဘက်မှမပါဘဲ တပည့်စာသင်သားသံဃာများကို လက်ခံပြီး ရှမ်း၊ မြန်မာသင်ပုန်းကြီးအခြေခံစာများ၊ ရှင်သာမဏေကျင့်ရန် ရှင်ကျင့်ဝတ်များ၊ သဒ္ဒါ၊ သင်္ကာ၊ ဝိနည်း၊

လောကနီတိကျမ်း၊ ဗုဒ္ဓဝင်ကျမ်း၊ ဇာတ်နိပါတ်တော်များ၊ ရှမ်းကဗျာလင်္ကာရေးသားနည်းစနစ်များစတဲ့ စာပေအတတ်ပညာရပ်များကို နေ့စဉ်နဲ့အမျှ တပည့်များအား သင်ကြားပို့ချပေးပါတယ်။ မိမိရဲ့ တပည့်သံဃာသားချင်းများကို စာပေဆိုင်ရာများ သင်ကြားပို့ချပေးရင်း တစ်ဘက်တစ်လမ်းက ရှမ်းစာပေဆိုင်ရာစာအုပ်စာတမ်းများ ပြန့်ပွားရေးအတွက် စာပေသမိုင်းကျမ်း၊ ယဉ်ကျေးမှုသမိုင်းကျမ်း၊ ရာဇဝင်သမိုင်းကျမ်း၊ မြို့သမိုင်း၊ စေတီသမိုင်း၊ ဘုရားသမိုင်း၊ ကျောင်းသမိုင်းများနဲ့ပိဋကတ်စာပေဆိုင်ရာ ဒါ နဿီလ ဝိပဿနာကျမ်း၊ ကျင့်ဝတ်ဆိုင်ရာကျမ်းစတဲ့ကျမ်းဟောင်းမျိုးစုံကို ရှမ်းကဗျာလင်္ကာနဲ့ရေးသားဖွဲ့ဆိုခဲ့ပါတယ်။

အဲဒီကျမ်းများထဲက ဆမ်ကောင်မိုင်းပန်ခေါ် သီလကွန္ဓာကျမ်းဟာ အထူးပဲ လူကြိုက်များပြီး ကျော်ဇောထင်ရှားလှပါတယ်။ ဖြစ်ပွားနေတဲ့သံဃာဂိုဏ်းပဋိပက္ခပြဿနာရပ်များ ငြိမ်းအေးသွားအောင်လည်း မိမိတတ်စွမ်းတဲ့ကဗျာလင်္ကာများ ရေးသားပြီး ဂိုဏ်းအယူစွဲမှုနှင့်ဂိုဏ်းပဋိပက္ခများ ဖြစ်ပွားနေခြင်းသည် သာသနာတော်ရှေ့ရေးအတွက် အလွန်ကြီးမားသည့်အန္တရာယ်တစ်ခုဖြစ်၍ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း၊ တစ်ဦးနှင့်တစ်ဦး ရန်ငြိုးအာဃာတတရားများ မထားသင့်ကြောင်း၊ ဘုရားသားတော်အချင်းချင်း တစ်မျိုးတည်း တစ်ဂိုဏ်းတည်းသာ မိမိစိတ်ထဲ ထားရှိသင့်ကြောင်း၊ မြတ်စွာဘုရားလက်ထက်တော်အခါက ရောဟိဏီမြစ်ရေကို အကြောင်းပြုပြီး သာကီဝင်မင်းမျိုးနှင့်ကောလိယမင်းမျိုးတို့ ပဋိပက္ခ ဖြစ်ပွားကာ ဆွေတော်မျိုးတော်တို့ ပျက်စီးမည့်အရေးကို မြင်တော်မူတဲ့အတွက် မြတ်စွာဘုရားရှင်ဟာ ၄င်းတို့ရဲ့ကြားမှာ ရပ်တော်မူပြီး စစ်ပြေငြိမ်းအေးတရားဆေး တိုက်ကျွေးတော်မူ နှစ်နိုင်ငံ ပြေလည်မှုရသွားကြပြီး ဓား၊ လှံ၊ လေးမြားလက်နက်တွေကို ချလို့ ရန်ပွဲရပ်စဲသွားခဲ့တဲ့

အကြောင်း ကဗျာလက်ာဖွဲ့စာများ ရေးသားဖွဲ့ဆိုခဲ့ရာ မိုင်းပန်စော်ဘွားကြီးနဲ့ပြည်သူလူထုဖြစ်တဲ့ဒကာ ဒကာမအပေါင်းတို့ကလည်း အရှင်ကောလိယရဲ့စာပေကြိုးစားအားထုတ်မှုကို ချီးမြှောက်အားပေးခဲ့ကြပါတယ်။

ဒါ့အပြင် မိုးနဲနယ်မှာ ဖြစ်ပွားနေတဲ့သံဃာဂိုဏ်းပဋိပက္ခပြဿနာများ ငြိမ်းအေးစေရန်အတွက် ဝိဋ္ဌကတ်ကျမ်းဂန်လာ ဒေါသမာန်မာန ငြိမ်းကြောင်းတရားများကို ရှမ်းကဗျာလက်ာဖွဲ့စာဖြင့် ရေးသားဖွဲ့ဆိုပြီး မိုးနဲစော်ဘွားနဲ့ဒကာ ဒကာမများထံကို ရေးသားပေးပို့လေ့ရှိပါတယ်။ ဒါပေမယ့် သံဃာဂိုဏ်းပဋိပက္ခပြဿနာဟာ တစ်ခဏတာ ငြိမ်းအေးသွားပြီး အရင်းအမြစ်များ မငြိမ်းဘဲ ရှေးကအတိုင်းဖြစ်ပေါ်မြဲ ဖြစ်ပေါ်နေတဲ့အတွက် တစ်ချို့ပြဿနာတွေမှာ အရှင်ကောလိယကိုယ်တိုင် ဝင်ရောက်ဖြေရှင်းပေးနေရတဲ့အတွက် မိမိစာပေသင်ကြားပို့ချခြင်းကိစ္စနဲ့ စာပေထုတ်ဝေခြင်းကိစ္စရပ်များကို ပြည့်ပြည့်ဝဝ အားထုတ်ဖို့ အချိန်မပေးနိုင်ဘဲ အနှောင့်အယှက်သဖွယ် ဖြစ်လာခဲ့ပါတယ်။ အဲဒါကြောင့် အရှင်ကောလိယဟာ ကောဇာသက္ကရာဇ် ၁၂၂၀ ခုနှစ်၊ မိမိအသက် (၃၆)နှစ်၊ ဝါတော် ၁၆ ဝါမှာ စာပေလုပ်ငန်းကို စိတ်ချမ်းသာကိုယ်ကျန်းမာစွာနဲ့လုပ်ကိုင်နိုင်စေရန် ရည်ရွယ်ပြီး မိုင်းပန်နယ်ကနေ ရှမ်းပြည်အလယ်ပိုင်းဘက်ကို ခရီးထွက်ခွာသွားခဲ့ပါတယ်။ လဲချား၊ မိုင်းကိုင်၊ ကျေးသီး၊ ဝမ်ဆမ်၊ ဝမ်လောင်းစတဲ့ဗဟုသုတပညာရပ်များ ရေးသားဖြန့်ဝေပေးခဲ့ပြန်ပါတယ်။ ဒါပေမယ့် မိုင်းပန်စော်ဘွားကြီးက မိမိမွေးရပ်ဒေသကို အမျိုးဘာသာ သာသနာတိုးတက်ရာတိုးတက်ကြောင်းပြန်လည်ဆောင်ရွက်ရန်အတွက် ဟော်နန်းအတွင်းမှာ အရာရှိ(၃)ဦးကို စေလွှတ်ပြီး ပင့်ဆောင်ခိုင်းခဲ့ပါတယ်။ အရှင်ကောလိယကလည်း မိုင်းပန်စော်ဘွားကြီးနဲ့ဒကာ ဒကာမများရဲ့စေတနာ သဒ္ဓါ

တရားပင့်လျှောက်ချက်ကို မေတ္တာကရုဏာတရား ရှေ့ထားပြီး မိုင်းပန်နယ်ကို ပြန်လည်ကြွလာခဲ့ပါတယ်။ မိမိမွေးရပ်ဒေသမှာ အမျိုးဘာသာ သာသနာတိုးတက်ရာတိုးတက်ကြောင်း ကိစ္စရပ်များကို ဆောင်ရွက်ရာမှာ အောင်မြင်မှုများ အများအပြားရှိနေသော်လည်း တိုးတက်မှုတိုင်းမှာ တန်ပြန်ဆုတ်ယုတ်မှုများရှိစမြဲမို့ အနှောင့်အယှက်များနဲ့တွေ့ကြုံရင်ဆိုင်လာခဲ့ရပြန်ပါတယ်။

ဒီတစ်ခါတော့ အရှင်ကောလိယဟာ တစ်ခြားဒေသကို ရှောင်ထွက်သွားခြင်းမပြုဘဲ ဆွေမျိုးများရဲ့ဆန္ဒအကြံပေးချက်အတိုင်း ကောဇာသက္ကရာဇ် ၁၂၂၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ သက်တော် ၃၉ နှစ်၊ ဝါတော် ၁၉ မှာ ရဟန်းသိက္ခာချပြီး လူဝတ်လဲခဲ့ရပါတော့တယ်။ အဲဒီအချိန်ကစပြီး လူပြန်တော်အရှင်ကောလိယကို လူအများက "စာရေးကောလီ"လို့ခေါ်ကြပါတယ် အဲဒီနောက် စာရေးကောလီဟာ လူ့ဘောင်ဘဝကို ရောက်ရှိတဲ့အခါအဒေါ် ဦးလေးစတဲ့ဆွေမျိုးသားချင်းများကို မှီခိုပြီး စာပေရေးရာအနုပညာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။ အသက်(၄၀)အရွယ်မှာ နားပွဲရွာသူ နန်းခမ်းကြာနဲ့လက်ဆက်ခဲ့ပေမယ့် သားသမီး မထွန်းကားခဲ့ပါဘူး။

ရှမ်းစာဆိုတော်ကြီးစဝ်ကောလီဟာ အိမ်ထောင်ကျပြီး မိမိဝမ်းရေးအတွက် လယ်ယာ၊ တောင်ယာစတဲ့လုပ်ငန်းများကို လုပ်ကိုင်စားသောက်ခြင်းမပြုဘဲ ငယ်စဉ်ကတည်းက လုပ်ဆောင်လာခဲ့တဲ့စာပေအနုပညာပညာလုပ်ငန်းနဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုခဲ့ပါတယ်။ စာပေရေးရာနဲ့ပတ်သက်ပြီး ပြည်တွင်းသာမက ရှမ်းလူမျိုးများ နေထိုင်ရာ အခြားဒေသဖြစ်တဲ့ယိုးဒယား(ထိုင်း)နိုင်ငံအတွင်း၌ ဇင်းမယ်၊ မိုင်းဖန်၊ ကျိန်းရိုင်း၊ လပွန်း၊ လပန်း၊ မယ်ဟောင်ဆွန်စတဲ့နေရာဒေသအနှံ့အပြားကို လှည့်လည်ပြီး စာပေဗဟုသုတ

ပြန့်ပွားရေးကိစ္စများကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒါကြောင့် ရှမ်းစာဆိုရှင်ပုဂ္ဂိုလ်များထဲမှာ စာဆိုရှင်စဝ်ကန်းဆေကလွဲပြီး စဝ်ကောလီဟာ ဒုတိယအများဆုံးကျမ်းဂန်များ ရေးသားထုတ်ဝေနိုင်သူတစ်ဦးအဖြစ် စာဆိုရှင်များသမိုင်းစာအုပ်ထဲမှာ မှတ်တမ်းတင်ထားခြင်းခံရပါတယ်။ စဝ်ကောလီရေးသားထုတ်ဝေတဲ့ကျမ်းစာများမှာ (၂၀၀)ကျော်ခန့်ရှိတယ်လို့ဆိုကြပေမယ့် ရှေးလူတို့စာအုပ်စာပေများကို စုလေ့စုထမရှိသောကြောင့်သော်လည်းကောင်း၊ အခြားသောစစ်ဘေးစစ်ဒဏ်များကြောင့်သော်လည်းကောင်း ပျောက်ပျက်ပျက်စီးသွားရတဲ့စာအုပ်များလည်း ရှိနိုင်ပါတယ်။ စဝ်ကောလီရဲ့ကဗျာအရေးအသားကျွမ်းကျင်မှုနဲ့ပတ်သက်လို့-

"မိမိထံမှာ စာရေးမည့်သူ စာရေးနှစ်ယောက်ကို ခေါ်ယူပြီးစာပိုဒ်တစ်ပိုဒ်ကို တစ်ယောက်တစ်လှည့်စီ ပြောပြီး လိုက်ရေးမှတ်စေခြင်းဖြင့် တစ်ပြိုင်တည်း ကျမ်းစာနှစ်စောင် ရေးသားနိုင်စွမ်းရှိသည်"လို့ဆိုကြပါတယ်။ အဲဒါကြောင့် "ဗမာလယ်တီ၊ ရှမ်းကောလီ"လို့လူများက အဲဒီလို တင်စားခေါ်ဝေါ်လေ့ရှိကြပါတယ်။

မိမိအမျိုးဘာသာ သာသနာအတွက် စာပေလုပ်ငန်းများကို စိတ်ပါလက်ပါ ထမ်းဆောင်နေရတဲ့ရှမ်းစာဆိုတော်ကြီးစဝ်ကောလီဟာ မမြဲတဲ့ခန္ဓာငါးပါးကို ရရှိပိုင်ဆိုင်ထားတဲ့အတွက် ကောဇာသက္ကရာဇ် ၁၂၅၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၃)ရက်၊ တနလ်ာနေ့၊ အသက်(၇၃)နှစ်အရွယ်မှာ ကွယ်လွန်အနိစ္စရောက်ခဲ့ပါတယ်။ စဝ်ကောလီရဲ့ရုပ်အလောင်းကို မီးသင်္ဂြိုဟ်ပြီး အရိုးကို သဿုံငုံးအုတ်ဂူ(ဥမင်)အဖြစ် မိုင်းပန်မြို့၊ နားအိန်ရွာမှာ ယနေ့တိုင် ဌာပနာထားရှိပါတယ်။

ရှမ်းလူမျိုးတို့အတွက်၊ ဘာသာ သာသနာတော်အတွက် နေလို လလို ထင်ရှားလှတဲ့ရှမ်းစာဆိုတော်ကြီးစဝ်ကောလီကား ကွယ်လွန်အနိစ္စရောက်သွားခဲ့ပါပြီ။ သူကွယ်လွန်သွားခဲ့ပေမယ့် သူ့သမိုင်းကို အလှပဆုံးနဲ့အကောင်းဆုံးဖြစ်အောင် ရေးသားသွားနိုင်ခဲ့ပါတယ်။ "သမိုင်း"ဆိုတာ ဖျောက်ဖျက်ပစ်လို့မရသလို မေ့ပစ်လို့လည်း မရနိုင်ပါဘူး။ သမိုင်းကောင်းတဲ့သူတွေ လူသာ သေသွားမယ် ဘယ်တော့မှ နာမည်မသေပါဘူး။ အဆင်းလည်း ရှိပြီး အချင်းနဲ့ပြည့်စုံတဲ့ပန်းပင်တွေဟာ မြေပေါ်မှာ လဲလျောင်းခဲ့ရပေမယ့်မွှေးရနံ့မပြယ်နိုင်ပါဘူး။ အဲဒါကြောင့် ရှမ်းစာဆိုတော်ကြီးစဝ်ကောလီဆိုတဲ့လူသားတစ်ယောက် ကမ္ဘာမြေပေါ်မှာ ပျောက်ကွယ်သွားခဲ့ရပေမယ့် သူရေးခဲ့တဲ့သူ့စာပေများ လူသားကောင်းကျိုးအတွက် အကျိုးပြုနေဆဲ၊ ရှမ်းစာပေနဲ့ယဉ်ကျေးမှုအတွက် ရှေ့ဆောင်လမ်းပြနေဆဲပါ။ အမျိုး၊ ဘာသာ၊ သာသနာအတွက် တာဝန်ကျေတဲ့ရှမ်းစာဆိုတော်ကြီးစဝ်ကောလီကို ဆရာဇော်ဂျီရဲ့ "သင်သေသွားသော်" ကဗျာနဲ့စာရေးသူ ဂုဏ်ပြုပေးလိုက်ပါရစေ။

"သင် သေသွားသော်"

သြော် - လူ့ပြည်လောက လူ့ဘဝကား

အိုရ နာရ သေရဉီးမည်

မှန်ပေသည်တည်း။

သို့တပြီးကား

သင်သေသွားသော်

သင်ဖွားသောမြေ သင်တို့မြေသည်

အခြေတိုးမြှင့် ကျန်ကောင်းသင့်၏

သင်၏ မျိုးသား စာစကားလည်း

ကြီးပွားတက်မြင့် ကျန်ကောင်းသင့်၏

သင်ဦးချ၍ အမျှဝေရာ စေတီသာနှင့်

သစ္စာအရောင် ဉာဏ်တန်ဆောင်လည်း

ပြောင်လျက် ဝင်းလျက် ကျန်စေသတည်း။

အမျိုးဘာသာ သာသနာယဉ်ကျေးမှုအတွက် ရှေးလူတို့အ တိုင်းအတာတစ်ခုအထိ သူတာဝန်နဲ့သူ ကျေပွန်သွားခဲ့ပါပြီ။ နှောင်း လူတို့လည်း ရှေ့လူတို့လို တာဝန်ကျေပွန်ဖို့ လိုအပ်ပါတယ်။ တာဝန် ကျေပွန်နိုင်အောင်လည်း ကိုယ်စွမ်းအား ရှိသမျှ ဉာဏ်စွမ်းအား ရှိသ မျှ ကြိုးစားအားထုတ်ကြရမှာ ဖြစ်ပါတယ်။ တစ်ကယ်တော့ စာပေ ရေးရာကိစ္စနဲ့ပတ်သက်ပြီး စာရေးသူတို့ရဲ့မိုင်းပန်နယ်ဟာ ခပ်ညံ့ညံ့ မြို့တစ်မြို့တော့ မဟုတ်ပါဘူး။ ရှမ်းစာဆိုတော်ကြီးစဝ်ကောလီဟာ ရှမ်းစာပေနဲ့ယဉ်ကျေးမှုအတွက် တိုးတက်ရာတိုးတက်ကြောင်း လမ်းမှန်လမ်းကောင်းတို့ကို လမ်းညွှန်ပေးခဲ့သလို နှောင်းလူဖြစ်တဲ့ လွိုင်ကော်မြို့ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်ရဲ့နာယကဆရာတော် ဖြစ်တဲ့ဘဒ္ဒန္တဂုဏဝီယလည်း နိုင်ငံတော်က သာသနာရေးထူးချွန်ဆု "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်ကို ချီးမြှင့်ပေးတဲ့အထိ အမျိုး၊ ဘာ သာ၊ သာသနာအတွက် တာဝန်ကျခဲ့တဲ့မိုင်းပန်နယ်သားရဟန်း တော်တစ်ပါးပဲ ဖြစ်ပါတယ်။ နောက်တစ်ယောက် ရှိပါသေးတယ်။ သူကတော့ ရှမ်းတေးသံရှင် စိုင်းမှူးပဲဖြစ်ပါတယ်။ မိုင်းပန်နယ် သား စိုင်းမှူးလည်း တေးသီချင်းတွေကို ရေးဖွဲ့သီဆိုရာမှာ ဖခင် ကြီးစဝ်ကောလီလိုပဲ စကားလုံးပြောင်မြောက်လှပသေသပ်လှပါ

တယ်။ သူရေးဖွဲ့သီဆိုခဲ့တဲ့"စိုင်ထင်မိုင်းပန်"(မြို့မိုင်းပန်ကို သတိရတယ်)ဆိုတဲ့ရှမ်းတေးသီချင်းကို ရှမ်းပြည်နယ်သားတိုင်း မသိတဲ့သူမရှိသလောက်ပါပဲ။ ပြီးတော့ အခု ဒီဆောင်းပါးကို ရေးနေတဲ့စာရေးဆရာကရော၊ ဟုတ်ကဲ့ ကျွန်တော် နန်းရွှေလီကြိုင်ကလည်း စာဆိုတော်ကြီးစဝ်ကောလီအနွယ်ဖွား မိုင်းပန်သားတစ်ဦးပါပဲခင်ဗျာ။

အဲဒါကြောင့်-

မိုင်းပန်ဇာတိဖွား ရှမ်းတိုင်းရင်းသား ပဲပုပ်အမျိုးအနွယ်တစ်ဦးအနေနဲ့ အမျိုး၊ ဘာသာ၊ သာသနာတော်အတွက် တာဝန်ကျေပွန်သွားခဲ့တဲ့-

-ရှမ်းတေးသံရှင်စိုင်းမှူးအား အစဉ်ဦးညွှတ်ပါ၏။

-ထို့ထက်ပို၍ အဂ္ဂမဟာပဏ္ဍိတဆရာတော်ဂုဏာဝီယအား ဦးညွှတ်ပါ ၏။ ရှိခိုးပါ၏။ ပူဇော်ပါ၏။

-ထို့ထက်ပို၍ ဒီထက်မက ပို၍ ရှေ့ဆောင်လမ်းပြပေးသူ ရှမ်းစာဆိုတော်ကြီး၊ ဖခင်ကြီးစဝ်ကောလီအား စာရေးသူ ရင်ထဲ နှလုံးသားထဲမှ အစဉ်အမြဲ ဦးညွှတ်ပါ၏။ ရှိခိုးကန်တော့ပါ၏။ ပူဇော်ပါ၏။

ရှမ်းလူမျိုးများ တိုးတက်ပါစေ။

ရှမ်းစာပေနှင့်ယဉ်ကျေးမှုဆိုတဲ့ပန်းဟာလည်း ကမ္ဘာ့အလယ်မှာ လန်းလန်းဆန်းဆန်း ပွင့်ဖူးနိုင်ကြပါစေလို့ ဆန္ဒမွန်ဖြင့်-

သတ္တဝါခပ်သိမ်း တရားကိန်း အေးငြိမ်းနိုင်ကြပါစေ။

နန်းရွှေလီကြိုင်(မိုင်းပန်)

ကျမ်းကိုး-

အရှင်နန္ဒဓဇ၏အင်း၀၊ ကုန်းဘောင်ခေတ်တွင် ထင်ရှားသော ရှမ်းစာဆို(၈)ဦးအကြောင်း လေ့လာခြင်းစာတမ်းစာအုပ်။

သမုတိရာဇ်မင်းမတိုင်မီ
ပုဂံ၌ မြန်မာလူမျိုး ရှိသလော

ပုဂံသခင်ရဲညွန့်

မြဝတီမဂ္ဂဇင်း၊ ၁၉၈၀ ခုနှစ်၊ ဇွန်လ၊ အတွဲ ၂၈၊ အမှတ် ၈၊ နှာ ၅၂ မှ ၅၅ ထိ။

(၁)

နယ်ချဲ့ရာဇဝင်များနှင့်ယင်းတို့၏အယူအဆကို လက်ခံသော ရာဇဝင်သုတေသီတို့က အနော်ရထာစောမင်းလက်ထက် မတိုင်မီ ပုဂံ၌ မြန်မာလူမျိုးဟူ၍ မရှိကြောင်း ရေးခဲ့ကြသည်။ ထိုအယူအဆကို မနည်းလှသော မြန်မာသမိုင်းသုတေသီတို့ကလည်း လက်ခံယုံကြည်လျက် ရှိကြသည်။ ဤစကားလုံးဝမှားယွင်းသော အယူအဆတရပ် ဖြစ်၍ သမိုင်းကြောင်းနှင့်တကွ နောင်လာနောက်သား မြန်မာများ လုံးလုံးလျားလျား လက်မခံသင့်ဟု ထင်မြင်ပေ၏။

(၂)

မျိုးခြား ရာဇဝင်ဆရာတဦးဖြစ်သော ပါမောက္ခမစ္စတာလုစ်က သူ၏ "ရှေးဟောင်းကျောက်ဆည်နှင့်မြန်မာတို့ဝင်ရောက်လာပုံ" Old Kyaukse and the comin of Burman ဟူသော ဆောင်းပါးတွင်…

"မြန်မာနှင့်ပျူတို့မှာ လူမျိုးတစုတည်းပင် ဖြစ်ကြောင်း တောင်ဘက်သို့ ပြောင်းရွှေ့လာကြရာ၌ မြန်မာတို့မှာ မြန်မာနိုင်ငံမြောက်ပိုင်းရှိ တောင်တန်းများတွင် ကျန်နေရစ်ခဲ့ကြကြောင်း၊ နောင်တွင် အရှေ့ဘက်သို့ ဦးလှည့်၍ ပြောင်းရွှေ့သွားကြရာ တိုင်းလူမျိုးတို့၏နိုင်ငံဖြစ်သော နန်စောနိုင်ငံလက်အောက်သို့ ကျရောက်သွားကြောင်း။ နောက်ဆုံး ၉ ရာစု၊ ၁၀ ရာစုနှစ်များတွင် ကျောက်ဆည်ခရိုင်ဘက်မှစ၍ မြန်မာနိုင်ငံတွင်းသို့ ယပ်တောင်သဖွယ် ဖြန့်လျက် ဝင်ရောက်လာခဲ့ကြကြောင်း…"ဖြင့် သူ၏ယူဆချက်အနုမာနကို ဖော်ထုတ်ရေးသားထားပါသည်။ ၉ ရာစု၊ ၁၀ ရာစုနှစ်များ မတိုင်မီက ပုဂံပြည်၌ မြန်မာလူမျိုးဟူ၍ မရှိခဲ့သေးကြောင်း ဆိုလိုယင်း ဖြစ်သည်။ ယင်းအဆိုပြုချက်ကို မြန်မာလူမျိုးသမိုင်းသုတေသီအချို့ကလည်း လက်ခံနေကြောင်း တွေ့ရှိရပေသည်။

(၃)

ဦးကုလား၏မြန်မာရာဇဝင်ကြီး၌မူ "သက္ကရာဇ် တဆယ့်ခြောက်ခုရောက်သောအခါ သုံးစွဲကွဲလေ၏။ ပျူတစု၊ ကမ်းယံတစု၊ မြန်မာတစု ဖြစ်သတည်း"ဟု ဆိုသည်။ မှန်နန်းရာဇဝင်ကလည်း "သက္ကရာဇ် တဆယ့်ခြောက်ခု ရောက်သောအခါ သုံးစွဲကွဲလေ၏။ ပျူတစု၊ ကမ်းယံတစု၊ မြန်မာတစု ဖြစ်သတည်း"ဟု ထိုနည်းနှင်နှင် ဆိုသည်။ ယင်းရာဇဝင်များပါအဆိုပြုချက်များကို ပါမောက္ခလုစ်က ပယ်ချထားခြင်း ဖြစ်ပေသည်။ ပါမောက္ခလုစ်၏အနုမာနကား မြန်မာရာဇဝင်အဆိုများနှင့်မကိုက်ညီပေ။

ရှိပြီးရာဇဝင်များအရဆိုသော် (၉)ရာစုနှစ်ပိုင်းကား ပုဂံ၌ ညောင်ဦးစောရဟန်းမင်း အုပ်စိုးနေသော ကာလဖြစ်ပေသည်။ ညောင်ဦးစောရဟန်းမင်း မတိုင်မီ ပုဂံတွင် မင်း(၃၇)ဆက် အုပ်စိုး၍ လွန်ခဲ့လေပြီ။ သမုတိရာဇ်မင်း စတင်မင်းပြုအုပ်စိုးသည်မှစ၍ ညောင်ဦးစောရဟန်းမင်း ထီးနန်းရသောကာလအထိ နှစ်ပေါင်း ၅၄၂ နှစ်ကြာညောင်းခဲ့လေပြီ။

(၄)

သက္ကရာဇ် ခဆပဥ္စကိန်းဝင် ၂၉ ခုရောက်သောအခါ ယုန်လွတ်ကျွန်းအရပ်၌ သမုတိရာဇ်မင်းသည် သူကြီးပေါင်း ၁၉၊ မြို့ပေါင်း ၇၈၊ ကျေးလက်ပေါင်း ၁၀၀၀ ကိုချုပ်၍ မင်းပြုလျက် နိုင်ငံ တည်ထောင်စပြုခဲ့ကြောင်း ကျောက်စာများနှင့် ရှိပြီးရာဇဝင်များအရ အခိုင်အလုံ သိရှိနိုင်ပါသည်။

သမုတိရာဇ်မင်း အုပ်စိုးခဲ့သော သူကြီး ၁၉ ယောက်တို့၏နေရာ၊ ရွာပေါင်း ၁၉ ရွာတို့အနက် ၁၄ ရွာတို့၏အမည်များမှာ ယနေ့ထိ မပြောင်းမလဲ ခေါ်ဝေါ်နေကြသည့်မြန်မာအမည်များ ဖြစ်နေကြောင်း ထူးထူးခြားခြား ထင်ထင်ရှားရှား တွေ့ရှိရပေသည်။ ထိုရွာများကား အောက်ပါအတိုင်း ဖြစ်ကြသည်။

(၁) ညောင်ဦး

(၂) နဂါးကျစ်

(၃) နဂါးဇိုလ်

(၄) ကျောက်စကား

(၅) ညောင်ဝန်း

(၆) တဆောင်ကျွန်း

(၇) ရွာမုံး

(၈) ကုက္ကို

(၉) တောင်ပ

(၁၀) မြေခဲတွင်း

(၁၁) သရက်ရ

(၁၂) အုံများ

(၁၃) ယုန်လွှတ်ကျွန်း

(၁၄) ရွာစိုက်

(၅)

အဆိုပါရွာများထဲမှ ယနေ့သွားရောက်တွေ့ရှိနိုင်သော ရွာအချို့နှင့်တကွ ယင်းတို့၏မြန်မာပီသသော အမည်၊ မြန်မာမှုအဓိပ္ပါယ်အပြည့်အဝ ပါရှိသော အကြောင်းခြင်းရာတို့ကို ဆက်လက်ရှင်းလင်းတင်ပြလိုပါသည်။

ညောင်ဦး။ ။ယနေ့ဧရာဝတီမြစ်၏လက်ဝဲဘက်ကမ်း၌ မြို့ကြီးအဖြစ် အထင်အရှား ရှိနေပေပြီ။ ညောင်ဦးဟူသော အမည်မှာ နှောင်းကာလကျမှ ပြောင်းလဲခေါ်ဝေါ်ခဲ့သော အမည်မဟုတ်ချေ။ မူလက ရှိနှင့်ပြီး အမည်ဖြစ်သည်။ မင်းဝိုင်းကျောက်စာ စာကြောင်းရေ ၂၇ တွင်...

xxx ညောင်ဦးစသော သြိယ်ပစ်စရာ တိုင်ဩင်သောမ္လိယ်ပုံ အလုံတိုင်လျှင် xxx ဟူ၍ ပါရှိလေသည်။

ညောင်ဦး၏အဓိပ္ပါယ်မှာ ညောင်ပင်၏အထက်ဘက် ညောင်ပင်၏ဦးဘက်မှာ ရှိသောရွာဟု အဓိပ္ပါယ်ရသည်။ ဥပမာ - ရွာဦးကျောင်း။ ကန်ဦးမြေ စသည်တို့ကဲ့သို့ပင်တည်း။

တောင်ပရွာ။ ။သက္ကရာဇ် ၅၄၅ နှစ်ထိုး စူဠာမဏိဘုရားကျောက်စာ စာကြောင်းရေ ၃/၄ တွင်...

xxxစည်သူမင်ကြီသည်ကာ အရှေတုရင်သိုဝ်တံမုလတ်သော အစာန္ဓိက်လျှင် xxxဟူ၍ ပါရှိ၏။

ယခုအခါ "တဝင်းတောင်"ဟူ၍ အသံထွက်ခေါ်ဝေါ်ကြသော တူရင်းတောင်တန်းသည် ညောင်ဦးမြို့၏အရှေ့တောင်ယွန်းယွန်း ၅ မိုင်ခန့်အကွာတွင် ယနေ့ထိ တည်ရှိနေသည်။ ယင်းတောင်တန်းသည် အဆိုပါ ၅ မိုင်ကွာခန့်ဒေသမှ နေ၍ စတင်ပေါ်ထွက်ပြီး အရှေ့တောင်အရပ်ဆီသို့ သွယ်တန်းသွားသည်။ တနည်းဆိုသော် ထိုနေရာမှာ တူရင်းတောင်တန်း၏မြောက်ဘက်အစွန်ဆုံး၊ အဖျားအကျဆုံး၊ တောင်တန်းဆုံးသွားသော နေရာပင်ဖြစ်သည်။

ယင်းတောင်တန်းမြောက်ဘက်အဆုံးနေရာ၏အရှေ့ဘက် ဖာလုံဝက်ခန့်အကွာတွင် တောင်ပရွာ(တောင်ဘဟု အသံထွက်ခေါ်ဝေါ်ကြသည်)သည် ယနေ့အထင်အရှား တည်ရှိနေပေသည်။

"တောင်ပ"ဟူသော စကားရပ်၏အဓိပ္ပါယ်ကို ဆန်းစစ်ကြည့်ကြစို့။

မြန်မာစကား "ပ" သည် ပယ်သည်ဟူသော အနက်အဓိပ္ပါယ်ဖြင့် "တောင်ပ"သည် "တောင်မရှိတော့" "တောင်မှအပဖြစ်သော" ဟူ၍ အနက်ကို ဆောင်လေသည်။ တောင်တန်း၏အဆုံး၊ တောင်၏ပြင်ပ၌ တည်ထားသောရွာဟု အလွယ်တကူနားလည်နိုင်သည်။ မြန်မာအမည်စစ်စစ်ပါပေ။သ

[ဤတောင်ပရွာနှင့်သားချင်းတော်စပ်ဟန်တူသော "တောင်ရှေ့"(တောင်ရေ့ဟုခေါ်ကြ၏။) "တောင်ခွင်" ဟူသည့်ရွာများလည်း တူရင်းတောင်တန်းတလျှောက်တွင် ယနေ့အထိ အထင်အရှား ရှိနေကြသည်။]

မြေခဲတွင်းရွာ။ ။တောင်ပရွာ၏အရှေ့မြောက်ဘက် ၄ ဖာလုံခန့်အကွာတွင် ယနေ့ထက်တိုင် တည်ရှိနေပေသည်။

ယုန်လွှတ်ကျွန်း။ ။ပုဂံမြို့၏အရှေ့တောင်ဘက် ၇ မိုင်ခန့်အကွာနှင့်တူရင်းတောင်၏အရှေ့ဘက် ၄ ဖာလုံခန့်အကွာတွင် သမုတိရာဇ်မင်း၏နန်းတော်ရာနေရာ၌ အထိမ်းအမှတ် မှတ်တိုင်(အုတ်ဖြင့် တည်ဆောက်ထားသောဗုတ်တိုင်) စိုက်ထူထားကြောင်း ယနေ့တိုင် တွေ့ရှိနိုင်သည်။ ရွာနေရာကား ယာမြေ ဖြစ်နေချေပြီ။

ယုန်လွှတ်ကျွန်းဟူရာ၌ ကျွန်းသည် ရေပတ်လည်ဝိုင်းလျက်ရှိသော ကုန်းမြေဟုဆိုလိုယင်း မဟုတ်ပါ ။ တောထူထပ်ရာ တောကြီးရာအရပ်ကို "ကျွန်း"ဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်။ ဤနေရာမှာ ဇရာဝတီမြစ်နှင့် ၇ မိုင်ခန့် ကွာဝေးသည်။

ပုဂံနယ်ရှိ ကျေးရွာများမှ တောင်သူဦးကြီးများသည် ယာခင်းလုပ်ရန် တောခုတ်သည်ကို "ကျွန်းခုတ်သည်"ဟူ၍လည်းကောင်း၊ ယင်းတို့ခုတ်ထားသော သစ်ကိုင်းသစ်ခက်များအား မီးရှို့သည်ကို "ကျွန်းရှို့သည်"ဟူ၍လည်းကောင်း ယခုထက်တိုင် ခေါ်ဝေါ်ပြောဆိုလေ့ရှိကြပါသည်။

ဥပမာပြရသော် ပုဂံမြို့၏အရှေ့တောင်ယွန်းယွန်း ၂၈ မိုင်အကွာ(ဇရာဝတီမြစ်နှင့်လည်း ၂၈ မိုင်ပင် ကွာဝေး၏။) ကုန်းခေါင်ခေါင်ဒေသတွင် ကျွန်းခင်းကြီး ဟူသောရွာ ရှိ၏။ ရှေးအခေါ်အတိုင်း ဆက်လက်ခေါ်လာခဲ့သော အမည်ဖြစ်၍ "တောပြန့်ကြီး"၊ "တောပြင်ကြီး"ဟု အဓိပ္ပါယ် ရသည်။ ယုန်လွှတ်ကျွန်း နေရာမှာလည်း တောကြီးမြက်မည်းဖြစ်၍ မုဆိုးတို့ ယုန်စသည့် တောတိရစ္ဆာန်များကို လိုက်လံဖမ်းဆီးရာ၌ ဤတောထဲသို့ ဝင်ရောက်သွားလျှင် ဖမ်းဆီး၍ မရတော့ဘဲ လွှတ်သွားလေ့ရှိသောကြောင့် "ယုန်လွှတ်သောတော"ဟု အဓိပ္ပါယ်ကောက်ယူရန် ဖြစ်ပါသည်။ မြန်မာအမည် စစ်စစ်ပင် ဖြစ်ပါသည်။

မြန်မာအမည် စစ်စစ်ဖြစ်သော အုံများရွာ သည် ချောက်မြို့၏အရှေ့ဘက်တွင် ယနေ့ထက်တိုင် ထင်ရှားရှိနေပေသည်။

(၆)

ထို့ကြောင့် သမုတိရာဇ်မင်း ပုဂံသို့ မလာရောက်မီ (ဝါ)ပုဂံမြို့ မတည်ထောင်မီကပင် မြန်မာအမည်ဖြင့် ခေါ်ဝေါ်သော ကျေးရွာများ ရှိနှင့်ပြီး ဖြစ်သည့်အချက်ကို ထောက်ရှုလျက် သမုတိရာဇ်မင်း မတိုင်မီကပင် မြန်မာလူမျိုးများ ရှိနေကြောင်းကို တထစ်ချမှတ်ယူရန် ဖြစ်ပါသည်။ ရှိနှင့်ပြီး မြန်မာလူမျိုးတို့မှာလည်း ယဉ်ကျေးမှုအဆင့်အတန်းအလျောက် ရှိနေခဲ့ကြောင်း ရွာအမည်နှင့်မှည့်ခေါ်ပုံများက သက်သေထူနေပါသည်။

နယ်ချဲ့ရာဇဝင်ဆရာများ၏လွဲမှားသော အနုမာနကို လေ့လာဖတ်ရှုပြီး နောင်လာနောက်သား မြန်မာလူမျိုးများ အနေနှင့်အတွေးအခေါ် အယူအဆ လွဲမှားမသွားသင့်ပါ။ မြန်မာမဟုတ်သော တိုင်းတပါးသား၊ အထူးသဖြင့် မြန်မာတို့အပေါ် အုပ်စိုးဘူးသူများသည် မြန်မာလူမျိုးတို့၏ဂုဏ်ရှိန်ကို မြှင့်တင်ပေးမည်လော၊ သို့တည်းမဟုတ် သေးသိမ်စေရန် ကြိုးပမ်းမည်လောဆိုသည့်အချက်ကို သာမန်အသိဉာဏ်ဖြင့်ပင် ချင့်ချိန်စဉ်းစား သိရှိနိုင်ပါသည်။ မြန်မာရာဇဝင်ဆရာ၊ မြန်မာသမိုင်းသုတေသီ စသည့်ပညာရှင်တို့ကလည်း နောင်လာနောက်သား မြန်မာများ အယူအဆ ချွတ်ချော်တိမ်းပါး မသွားစေရန် အထူးသတိထား၍ ကြိုးပမ်းလေ့လာသင့်ကြပါသည်။

(၇)

စာရေးသူသည် ပုဂံနယ်သား ဖြစ်သည့်ပြင် ပုဂံဒေသ၌ နှစ်ပေါင်း ၅၀ ကျော် နေထိုင်ခဲ့ပြီး ကျေးလက် လူထုနှင့် ဒိုးတူပေါင်ဖက် ကြီးပြင်းခဲ့ခြင်း၊ ဘုရားပုထိုး၊ ကျောက်စာများ လေ့လာဆည်းပူးခဲ့ခြင်းတို့ဖြင့် ရရှိခဲ့သော မှန်ကန်သော သမိုင်းကြောင်းကို မြန်မာတို့ သိရှိစေရန် ဆန္ဒအလျောက် ဤဆောင်းပါးကို ရေးသားခြင်း ဖြစ်ပါသည်။

ထို့ကြောင့် မျိုးခြားဘာသာစကားနှင့်ရေးသားထားလျှင် အမှန်အကန်၊ ကျမ်းခိုင်ကျမ်းခန့်ဟူ၍ လှေနံဓားထစ်မမှတ်ယူသင့်ကြကြောင်း၊ မိမိတို့မျိုးရိုးဇာတိဇာစ်မြစ်ကို မိမိတို့ဘာသာ ကြိုးပမ်းရှာဖွေ ဖော်ထုတ်သင့်ကြကြောင်းကို သမုတိရာဇ်မင်းမတိုင်မီကပင် ပုဂံနယ်မြေ၌ မြန်မာလူမျိုးများ ရှိနေနှင့်ပြီဆိုသည့်အချက်အလက်ဖြင့် သက်သေထူ ရေးသားတိုက်တွန်းလိုက်ရပါသတည်း။

ပုဂံသခင်ရဲညွန့်

လေ့လာစရာ

ဆလုံတို့အကြောင်း တစေ့တစောင်း

နယ်ခြားမောင်

စာပေလုပ်သားမဂ္ဂဇင်း၊ ၁၉၈၃ ခု၊ ဩဂုတ်လ၊ အမှတ် ၂၈၊ နှာ ၃၈-၄၀ ထိ။

ဆလုံတို့နေထိုင်ရာဒေသ

တနင်္သာရီတိုင်း မြိတ် ကော့သောင် ပင်လယ်ကမ်းတလျှောက်နှင့်ပင်လယ်ပြင်၌ ရှိသော ကျွန်းကြီးကျွန်းငယ် အသွယ်သွယ်တို့တွင် အိုးအိမ် အတည်တကျ မတည်ထောင်ပဲ ဝါးနှင့်ကြိမ်တို့ဖြင့် ပြုလုပ်ထားသော ကဗန်းခေါ် လှေငယ်တို့ဖြင့် လှည့်လည်သွားလာ နေထိုင်လျက် ရှိသော မွန်ကင်းခေါ် ဆလုံတို့သည် ယခုအခါ မိသားစုပေါင်း ၇၆၉ ခန့်သာ ရှိသည်။ ဆလုံ ဟူသော အခေါ်မှာ မြန်မာတို့က ခေါ်သော အခေါ်အဝေါ်ဖြစ်ပြီး ၄င်းတို့ကမူ သူတို့ကိုယ်သူတို့ မော်ကင်းဟု ခေါ်ကြသည်။ ယိုးဒယားဘက်တွင် နေထိုင်ကြသော ဆလုံတို့ကမူ ထင်မိန်း ဟုခေါ်သည်။ "မွန်ကင်း"မှာ ပင်လယ်တွင် ပျော်သည်ဟု အဓိပ္ပါယ်ရပြီး "ထင်မိန်း"၏အဓိပ္ပါယ်မှာ ယိုးဒယားသစ်ဟု ခေါ်သည်။ ယိုးဒယားတွင် နေထိုင်ကြသော ဆလုံများကို ယိုးဒယားအစိုးရက အခမဲ့ ပညာသင်ပေးခြင်း၊ ဆေးကုသခြင်းတို့ကြောင့် ၄င်းတို့က ယိုးဒယားရဲအဖြစ် ပြန်လည်၍ တာဝန်ထမ်းဆောင်ပေးကြသည်။ ၄င်းဆလုံတို့သည် ဇာဒက်ကြီး၊ ညောင်ဝိ၊ လမ်းပိကျွန်း၊ ဒုန်းကျွန်းတို့တွင် နေထိုင်ကြသည်။

ဆလုံတို့၏ဇာစ်မြစ်

၁၆၇၅ ခုနှစ်၊ ဗြိတိသျှလူမျိုး ဗောင်းရေး ဆိုသူ စာရေးဆရာ၏ခရီးသွားမှတ်တမ်းတွင် ဆလုံတို့ကို ဆီလီဘာဟု ခေါ်ကြောင်း ဖော်ပြ၍ ၁၈၉၁ ခုနှစ်၊ သန်းခေါင်စာရင်း အစီရင်ခံစာတွင် ဆလုံတို့ကို ဆီလုန်ဟု ဖော်ပြထားပါသည်။ ယင်းတို့၏မူလနေထိုင်ရာ ဒေသမှာ မလေးကျွန်းဆွယ် ဖြစ်ဟန်တူသည်။ မလေးကျွန်းဆွယ်တွင် နေထိုင်ခဲ့ရာ မလေးတို့ ဝင်ရောက်လာရာမှ မူလဇာတိဒေသကို စွန့်ပစ်၍ ပင်လယ်ပြင်ရှိ ကျွန်းများတွင် လှည့်ပတ်နေထိုင်ကြသည်ဟု ယူဆဖွယ် ရှိသည်။

ဆလုံတို့၏ သမိုင်းကြောင်းကို လေ့လာသော စကီနှင့်ဗလက်ဂဒင်ပညာရှင်နှစ်ဦးကမူ လွန်လေပြီးသောအခါက အင်ဒိုချိုင်းနား တောင်ပိုင်းဒေသ၌ ဆလုံနှင့်မွန်ခမာတို့သည် လူမျိုးချင်း အဆက်အနွယ် ဖြစ်ခဲ့ဖူးလိမ့်မည်ဟု ထင်မြင်ယူဆသော သဘောရှိသည်။ ထိုသို့ ထင်မြင်ခြင်းမှာ ဆလုံတို့သည် မလေးကျွန်းဆွယ်ရှိ ဂျာကွန်လူမျိုးနှင့်ဆက်စပ်နေသည်ဟူသော အယူအဆကြောင့် ဖြစ်သည်။

ဂျာကွန်တို့မှာ မလေးကျွန်းဆွယ်ရှိ ခေတ်ဦး မလေးလူမျိုးများ ဖြစ်သည်။ ယင်းတို့သည် ဩရန်ဗူကစ်ခေါ် တောင်တန်းသားများနှင့်ဩရန်လောက်ခေါ် ပင်လယ်သားများဟူ၍ ရှိကြရာ ဩရန်လောက်လူမျိုးထဲတွင် ဆလုံတို့ အပါအဝင် ဖြစ်သည်။ မလေးလူမျိုးတို့ ကိုယ်တိုင်က ဆလုံတို့ကို ဩရန်ဗီဆင်ဟု ခေါ်ကြသည်။ ဩရန်ဗီဆင်ဟူသော ဝေါဟာရမှာ ဆီလန်လာနှင့်မလက္ကာကမ်းခြေရှိ ဂျာကွန်လူမျိုး အပါအဝင် ဩရန်ဗီဆီလီခေါ် ပင်လယ်သားတို့၏အမည်နှင့်အနည်းငယ် ဆင်သည်ဟု မြန်မာ့စွယ်စုံကျမ်းထဲတွင် ဖော်ပြထားသည်။

အချို့က လွန်ခဲ့သော ၁၆ ရာစုနှစ်က ကမ္ဘောဒီးယားနွယ်ဝင် ရှချင်းလူမျိုးထဲမှ ဆင်းသက်လာသည်ဟုဆိုပြန်သည်။ ဆလုံတို့ကမူ ၄င်းတို့က သူတို့သည် ပေါ်တူဂီလူမျိုးထဲမျ ဆင်းသက်လာကြသည်ဟုလည်း ဆိုသည်။ ပေါ်တူဂီတို့သည် မိမိနေရပ်သို့ မပြန်နိုင်သော တချို့ကုန်သည်များနှင့်အတူ ပင်လယ်တွင်း ကျွန်းကြီးကျွန်းငယ်တို့၌ ခိုအောင်းကာ ပင်လယ်ဒမြများအဖြစ်သို့ ရောက်ရှိလာခဲ့ရာမှ အကြွင်းအကျန်တချို့၏ဆက်နွယ်မှုကြောင့် ဆလုံများ ဖြစ်ပေါ်လာခဲ့သည်ဟုလည်း အချို့က ယူဆကြပြန်သည်။ မည်သို့ပင် ဆိုစေကာမူ မြန်မာ့စွယ်စုံကျမ်းကြီးက ဆလုံလူများသည် မလေးရှားအနွယ်ဝင်များဟု ဖော်ပြထားခြင်းမှာ မှန်ကန်သည်ဟု အများကပင် လက်ခံကြသည်။ ၄င်းတို့၏ပြောဆိုပုံတွင်လည်း မလေးလူမျိုးများ၏စကားအသုံးအနှုန်းများလည်း ပါဝင်နေသည်။ ၄င်းတို့မှာ စာပေဟူ၍ လုံးဝမရှိပါ။

ဆလုံတို့နေထိုင်ပုံ

ဆလုံတို့၏လှေကို ၄င်းတို့ဘာသာစကားဖြင့် "ကဗန်း"ဟုခေါ်သည်။ ကဗန်းမှာ ကြိမ်ဖြင့် ပြုလုပ်ထားသော လှေဖြစ်၍ သုံးနှစ်လျှင် တစ်ကြိမ် အသစ်လဲကြသည်။ ပေါင်းမိုးမှာ ခနီ သို့မဟုတ် တဂျက်ရွက်ကို စပ်၍ ရက်ထားသော ပေါင်းမိုးဖြစ်သည်။ သူတို့အဖို့ ထိုလှေသည်ပင် အိမ်ဖြစ်၍ ရာသီဥတု သာယာနေသမျှကာလပတ်လုံး လှေငယ်တွင် မိသားစုအားလုံး တင်ဆောင်၍ ပင်လယ်တွင်း လှည့်လည်နေထိုင်ကြသည်။ မိုးရာသီ ကျရောက်လာသောအခါ၌မူ ကျွန်းကြီးကျွန်းငယ်

ပင်လယ်ကမ်းခြေတို့၌ သုံးလေးလမျှ မိုးခိုနေထိုင်ကြသည်။ ထိုအခါ ခြေတံရှည်သော တဲအိမ်များကို ကမ်းစပ်တွင် ဆောက်လုပ်၍ နေထိုင်ကြပေသည်။

အလုပ်အကိုင်

ဆလုံတို့သည် ရေကူးရေငုပ် ကျင်လည်ကြသဖြင့် ငါးဖမ်းခြင်း၊ ခရင်းခွာခြင်း၊ ကျောက်ပန်းကျောက်ခက်ကောက်ခြင်း၊ ပင်လယ်မျှော့ဖမ်းခြင်း၊ ဖျာရက်ခြင်း၊ ခရုကမာငုပ်ခြင်း စသည်တို့ဖြင့် အသက်မွေးမြူကြသည်။ ယခင်က ဆလုံတို့သည် ငွေကြေးများ မသုံးစွဲတတ်သဖြင့် ၄င်းတို့ ပင်လယ်ထဲမှ ရရှိသော ခရုကမာ၊ ပင်လယ်မျှော့တို့ဖြင့် ၄င်းတို့လိုအပ်သော ပစ္စည်းများကို လဲလှယ်ကြသည်။

ပင်လယ်မျှော့သည် ပင်လယ်ကမ်းခြေတလျှောက် အလွန်ပေါများသော ရေသတ္တဝါမျိုး ဖြစ်သည်။ ယင်းကို ဆလုံတို့က ဖမ်းဆီးပြီး တရုတ်ကုန်သည်သူဌေးများထံ ပစ္စည်းများနှင့်လဲလှယ်မှုကြောင့် ယခုအခါ ပင်လယ်မျှော့သည် အဖိုးတန်ဈေးကောင်း၍ အရသာအရှိဆုံးသော အစားအစာတခု ဖြစ်လာသည်။

ကော့သောင်းမြို့နယ်ရှိ တရုတ်လူမျိုးများသည် ၄င်းတို့၏အဖိုးတန် ထုတ်ကုန်များကို မက်မောအလိုရှိသဖြင့် ဆလုံအမျိုးသမီးများကိုပင် လက်ထပ်ယူနေကြသည်။ ဆလုံတို့၏အကောင်းဆုံး အကြိုက်ဆုံး အစားအစာမှာ လိပ်သားနှင့်ငှက်ပျောသီးများ ဖြစ်ကြသည်။ ဆေးလိပ် သောက်သုံးခြင်း မရှိပဲ ဆေးခြောက်ကို ဝါးကြသည်။ ဆေးခြောက်ကို မမှီဝဲရပါ က ၄င်းတို့အလုပ် မလုပ်နိုင်ကြပေ။ ယခင် လှော်တက်ကို အသုံးပြုတတ်သော ၄င်းတို့သည် ယခုအခါ လှေတွင် စက်တပ်၍ ပင်လယ်ထဲ၌ သွားလာကျက်စားလျက် ရှိကြသည်။

ဓလေ့ထုံးတမ်းစဉ်လာ

ဆလုံလူမျိုးတို့သည် တစ်နှစ်လျှင် တစ်ကြိမ်သာလျှင် ပြုလုပ်လေ့ရှိသော နတ်ပူဇော်ပသခြင်း၊ သို့မဟုတ် သရဲရှင်းရှိခိုးခြင်း၊ သို့မဟုတ် နှစ်သစ်ကူးပွဲတော်ကို ဇပြီလနှင့်ဆုံသော မြန်မာလပြည့်နေ့မှ အစပြု၍ သုံးရက်တိုင်တိုင် ကျင်းပကြသည်။ ၄င်းတို့သည် နတ်ကို အလေးအနက် ယုံကြည်ကြသည်။ အထူး လေးစားကြသည်။ ၄င်းတို့တွင် ကိုယ်ပိုင်စာ အသုံးအနှုန်း မရှိကြသဖြင့် ထိုနေ့ ထိုရက်ကို ရာသီအလိုက်ပွင့်သော ပန်းကို အမှတ်သညာပြု၍ ပြုလုပ်ခြင်း ဖြစ်၏။ နွယ်နီပန်း၊ သို့မဟုတ် အောက်အခေါ် နတ်ပန်းသည် ဇပြီလနှင့်ဆုံသော မြန်မာလပြည့်နေ့တွင် အဖူးအငုံများ ပွင့်အာလာပြီး တခိုင်လုံးနီဝင်းလာသည်။ ထိုအချိန်သည် ဆလုံတို့ နတ်ပူဇော်ပသသောအချိန် ဖြစ်သည်။ တခြားရက်နေ့များတွင် ပြုလုပ်ကျင်းပခြင်း၊ နတ်ပူဇော်ပသခြင်း မပြုလုပ်နိုင်ကြောင်း အယူရှိခဲ့သည်။ သရဲရှင်းရှိခိုးခြင်း၊ နှစ်သစ်ကူးပွဲ ပြုလုပ်ခြင်းသည် နတ် ပူဇော်ပသခြင်းနှင့်အတူတူပင် ဖြစ်သည်။

နတ်ပူဇော်ပသခြင်းကို မိဘဆွေမျိုး တဦးဦးသည် မိမိတို့နေထိုင်ရာ ရွာတွင် သေဆုံးမည်ဆိုပါက ၄င်းသေဆုံးမြှုပ်နှံထားရာ သရဲရှင်းသို့ တရွာလုံးသွား၍ ပြုလုပ်လေ့ရှိသည်။ နတ်ပူဇော်ပသခြင်း မပြုလုပ်မီ ၄င်းတို့သည် ပင်လယ်ရေလိပ်ကို မတွေ့တွေ့အောင် ပထမဦးစွာ ရှာကြသည်။ ပင်လယ်ရေလိပ်၏ဦးခေါင်းကို ဖြတ်ယူထားရသည်။ ပထမတွင် တိုင်လုံးကြီးကို စိုက်ထူ၍ နတ်ရုပ်ကဲ့သို့ ပြုပြင်ပြီး ဆေးနီရောင်စုံကွက်များ သုတ်ကာ တံခွန်ကုက္ကားများ စိုက်၍ သရဲရှင်းတွင် တိုင်လုံးကြီးကို စိုက်ထူကြသည်။ တခြားကြက်ဘဲ သစ်သီးမျိုးစုံနှင့်အတူ ပင်လယ်ရေလိပ်၏ဦးခေါင်းကို ယူ၍ သရဲရှင်းကုန်းတွင် မီးထွန်းပူဇော်ကြသည်။

နတ်ကသူတို့သည် နတ်ဆရာအဘိုးကြီး ရွတ်ဆိုအပြီး တယောက်လက်တယောက် ဆွဲချိတ်ကာ ပတ်လည်ဝိုင်း၍ အော်ဟစ်မြူးထူး ကခုန်ကြသည်။ တချို့က သစ်တုံးကြီးကို အလယ်မှ ချည်ထားပြီး တဘက်တချက်ဆွဲကာ ပင်လယ်ထဲသို့ချ၍ ငါးဖမ်းသကဲ့သို့ ပြုလုပ်ကြသည်။

ဆလုံတို့ ပူဇော်ပသသော ကျွန်းစောင့်သောနတ်နှင့်ပင်လယ်စောင့်သောနတ်များသာ ဖြစ်ကြသည်။ ထိုနတ်များကို မပူဇော် မပသပါ က မကောင်းကျိုးကို ပေးနိုင်သည်ဟု ယုံကြည်ကြသည်။ သို့သော် ၄င်းတို့တွင် နတ်ကောင်းများလည်း ရှိသည်။ ထိုနတ်မှာ တူးဒါးဟုခေါ်သည်။ တူးဒါးဟူသော နတ်မှာ လောကကို ဖန်ဆင်းပေးသော နတ်ကောင်းနတ်မြတ်ဟုယူဆ၍ ၄င်းနတ်ကို မကိုးကွယ် မပသလျှင် အပြစ်မရောက်နိုင်ဟု ယူဆကြသဖြင့် ယခုလို ကြီးကျယ်ခမ်းနားလေးစားစွာ မပြုလုပ်ကြပါ။

ယခင်က ကော့သောင်းမြို့တွင်လည်း ဆလုံတို့ နတ်ပူဇော်ပွဲကို ခြောက်ကြိမ်တိတိ ကျင်းပခဲ့သည်။ ဆလုံများသည် မိမိနေထိုင်ရာ ရွာတွင် တဦးတယောက် သေဆုံးပါက ထိုရွာတွင် မြူပ်နှံပြီး တရွာလုံး တခြားနေရာသို့ ပြောင်းရွှေ့သွားကြသည်။ အဆိုးမိစ္ဆာများ ဝင်ရောက်လာသည်ဟု ဆိုကြသည်။

ထို့နောက် သူတို့ရွာထဲသို့ တခြားသူစိမ်းဧည့်သည်များ ရောက်ရှိလာပါကလည်း ရွာစောင့်အဖြစ် အဘိုးအိုတဦးအား ချန်ထားခဲ့ပြီး တခြားတနေရာသို့ ပြောင်းရွှေ့ကြပြန်သည်။ ဆလုံတို့ သေဆုံးပါက ယခင်က လင့်စင်ထိုးပြီး စင်ပေါ်တွင် ထားခဲ့ရာမှ ယခုအခါ သဲတွင် တူး၍ မြှုပ်နှံကြသည်။ သေဆုံးသူတွင် လေ့ကို ထက်ခြမ်းခွဲပြီး စက်များ၊ ရွှေငွေ၊ အဝတ်များ၊ လေ့ကိရိယာများကိုပါ ၄၀းနှင့်အတူ ပူးတွဲ၍ မြှုပ်နှံလိုက်သည်။ ဆလုံတို့သည် နတ်ကို အလွန်ယုံကြည်ကြသဖြင့် လူမမာများ ရှိပါက နတ်များကို ပသ၍ ကုသကြသည်။

လက်ထပ်မင်္ဂလာဆောင်ခြင်း

ဆလုံတို့သည် အပျိုလူပျို နှစ်ဦးသဘောတူ သို့မဟုတ် ယောကျ်ားက ချစ်ကြိုက်လျှင် အောင်သွယ်တော်ခေါ် လူကြီးတစ်ဦးအား ထဘီသုံးထည်၊ သို့မဟုတ် ရွှေထည်ပစ္စည်းတခုခုကို ယူ၍ အမျိုးသမီးမိဘအား ပေးဆက်စေရသည်။ မိဘဖြစ်သူက သမီးအား ခေါ်ယူ၍ မည်သူက လာရောက်ပေးသွားကြောင်း ပြောလျက် အပ်လိုက်ရသည်။ အမျိုးသမီးက သဘောတူလျှင် လက်ခံရပြီး သဘောမတူလျှင် ပြန်ပေးလိုက်ရသည်။ ထို့နောက် အမျိုးသမီးသည် ယောကျ်ားလူပျိုနောက်သို့ လိုက်သွားရပြီး လေ့အသစ်တစီး ပြုလုပ်ကာ အိုးသစ်အိမ်သစ် ထူထောင်ကြသည်။ တချို့ကလည်း မိဘများရှေ့တွင် လက်ထပ်ကြပြီး အရက်များဖြင့်ပင် ကျွေးမွေးဧည့်ခံကြသည်။ မင်္ဂလာဆောင်ပြီး၍ ယောကျ်ားဖြစ်သူသည် အမျိုးသမီးမိဘထံတွင် သုံးနှစ်ခန့် အလုပ်အကျွေး ပြုရသည်။ ထိုအတွင်း ယောကျ်ားသားတဦး ပေါက်ဖွားလာပါက မိဘများနှင့်ခွဲသွားကြရသည်။ အကယ်၍ ယောကျ်ားသားလေး မွေးဖွားခြင်း မရှိပါက သုံးနှစ်လွန်မြောက်မှ ခွဲထွက်ရသည်ဟု အယူရှိလေသည်။

ဆလုံတို့သည် မြန်မာ့ပင်လယ်ကမ်းခြေအတွင်း ပင်လယ်လူမျိုးစုအနေဖြင့် ယခုအခါ တဖြည်းဖြည်း တိမ်ကောစပြုနေပြီ ဖြစ်သောကြောင့် ၄၀းတို့ မတိမ်ကော မပျောက်ပျက်မီ တိကျမှန်ကန်သော မှတ်တမ်းမှတ်ရာများ ပေါ်ထွက်လာနိုင်ရန် ရည်ရွယ်လျက် တင်ပြရှာဖွေ ရေးသားလိုက်ရပါကြောင်း။

နယ်ခြားမောင်

ပီပြင်စေသော

ရုစိုင်ဘုရင်မှာ၏

ရာဇဝင်

စဉ်	မင်းဆက်အမည်	မင်းနေပြည်တော်	သက္ကရာဇ်	မင်းပေါင်း
၁။	သူရတန်မင်းဆက်	ပထမဝေသာလီ	၆၇၂	၁၆
၂။	ဝါသုဒေဝမင်းဆက်	သံတွဲ	၁	၁
၃။	ဗြဟ္မဏရာဇာမင်းဆက်	ဒုတိယဝေသာလီ	၂၉၄	၇
၄။	မာရယုမင်းဆက်	ပထမဓညဝတီ	၅၉၉၅ မှ ၇၈၁၂	၆၂
၅။	ကံရာဇာကြီးမင်းဆက်	ဒုတိယဓညဝတီ	၇၈၁၂ မှ ၉၇	၂၈
၆။	စန္ဒသူရိယမင်းဆက်	တတိယဓညဝတီ	၉၇ ။ ၂၄၉	၂၅
၇။	မဟာစန္ဒရာမင်းဆက်	တတိယဝေသာလီ	၂၄၉ ။ ၁၈၀	၁၂
၈။	ခေတ္တသင်မင်းဆက်	ပဋ္ဌာ+ စမ္မဝက်	၁၈၀ ။ ၄၆၅	၁၅
၉။	လက်ယာမင်းနန်မင်းဆက်	ပထမပုရိန်	၄၆၅ ။ ၁၈၅	၆
၁၀။	ဒဿရာဇာမင်းဆက်	ဒုတိယပုရိန်	၄၈၅ ။ ၆၁၂	၂၂
၁၁။	အလောမာဖြူမင်းဆက်	လောင်းကြက်	၆၁၂ ။ ၇၆၆	၁၇
၁၂။	မင်းစောမွန်မင်းဆက်	ပထမမြောက်ဦး	၇၆၆ ။ ၈၉၃	၁၄
၁၃။	မင်းဘာကြီးမင်းဆက်	ဒုတိယမြောက်ဦး	၈၉၃ ။ ၁၀၀၀	၉
၁၄။	နရပတိကြီးမင်းဆက်	တတိယမြောက်ဦး	၁၀၀၀ ။ ၁၁၄၆	၃၂
				၂၆၆

အာရကန်ပြည်တွင် နှိုးစံခဲ့ကြသောဘုရင်များ

မင်းအမည်	မြို့တော်	အာရကန် သက္ကရာဇ်	ခရစ်တော် မပေါ်မီ သက္ကရာဇ်	ဗမာ သက္ကရာဇ်	ခရစ်တော် ပေါ်ပြီးမှ သက္ကရာဇ်	နန်းစံ နှစ်
		A.E	B.C	B.E	A.D	
သူရဘန်မင်း	ပ/ဝေသာလီ	မသိ	မသိ	မသိ	မသိ	
ဝါသုဒေဝမင်း	သံတွဲ	〃	〃	〃	〃	
ဗြဟ္မဏရာဇာ	ဒု/ဝေသာလီ	〃	〃	〃	〃	
ဗြဟ္မဏသုန္ဒရမင်း	ငခွီးသင်းထောင်	〃	〃	〃	〃	
ဗြဟ္မဏရာဇာဆက်	〃	〃	〃	〃	〃	
မာရယုမင်း	ပ/မည်ဝတီ	၅၉၉၅-၆၀၅၃	၃၃၂၅-၃၂၆၃	-	-	၆၂
သားမာရဇေတု	〃	၆၀၅၃-၆၀၈၉	၃၂၆၃-၃၂၃၀	-	-	၃၂
မာရအုံ	〃	၆၀၈၉-၆၁၄၂	၃၂၃၀-၃၁၇၈	-	-	၅၃
မာရရွယ်	〃	၆၁၄၂-၆၁၉၀	၃၁၇၈-၃၁၃၀	-	-	၄၈
မာရကင်	〃	၆၁၉၀-၆၂၄၅	၃၁၃၀-၃၀၇၅	-	-	၅၅
မာရဇိန်	〃	၆၂၄၅-၆၂၄၈	၃၀၇၅-၃၀၄၂	-	-	၃၃
မာရကိန်	〃	၆၂၇၈-၆၃၀၀	၃၀၄၂-၃၀၂၀	-	-	၂၂
ဘက္ကာစိုး						
ငဆတ်အို	〃	၆၃၀၀-၆၃၂၁	၃၀၂၀-၂၉၉၉	-	-	၂၁
ဒေါလစန္ဒရား	〃	၆၃၂၁-၆၃၆၁	၂၉၉၉-၂၉၅၉	-	-	၄၀
သောလစန္ဒရား	〃	၆၃၆၁-၆၃၉၄	၂၉၅၉-၂၉၂၆	-	-	၃၃
သူရိယစန္ဒရား	〃	၆၃၉၄-၆၄၃၁	၂၉၂၆-၂၈၈၉	-	-	၃၇
ကာလစန္ဒရား	〃	၆၄၃၁-၆၄၇၁	၂၈၈၉-၂၈၄၉	-	-	၄၀
တစဥ္ဇစန္ဒရား	〃	၆၄၇၁-၆၅၀၂	၂၈၄၉-၂၈၁၈	-	-	၃၁
မဓုစန္ဒရား	〃	၆၅၀၂-၆၅၂၃	၂၈၁၈-၂၇၉၇	-	-	၂၁
ဇေယျစန္ဒရား	〃	၆၅၂၃-၆၅၆၃	၂၇၉၇-၂၇၅၇	-	-	၄၀
မောက္ခန္ဒရား	〃	၆၅၆၃-၆၅၈၉	၂၇၅၇-၂၇၃၁	-	-	၂၆
ဂုဏစန္ဒရား	〃	၆၅၈၉-၆၆၀၁	၂၇၃၁-၂၇၁၉	-	-	၁၂
အမတ်မြို့ ၃ ဦး	〃	၆၆၀၁-၆၆၀၂	၂၇၁၉-၂၇၁၈	-	-	၁
ကံရာဇာ	〃	၆၆၀၂-၆၆၄၃	၂၇၁၈-၂၆၇၇	-	-	၄၁
ကံရာဇာချေ	〃	၆၆၄၃-၆၆၇၉	၂၆၇၇-၂၆၄၁	-	-	၃၆
ဣန္ဒသူရိယ	〃	၆၆၇၉-၆၇၁၄	၂၆၄၁-၂၆၀၆	-	-	၃၅
အသူရိန္ဒသူရိယ	〃	၆၇၁၄-၆၇၄၄	၂၆၀၆-၂၅၇၆	-	-	၃၀
သာရမိတ္တ	〃	၆၇၄၄-၆၇၇၂	၂၅၇၆-၂၅၄၈	-	-	၂၈
သူရိယ	〃	၆၇၇၂-၆၈၀၃	၂၅၄၈-၂၅၁၇	-	-	၃၁
မင်းထီ	〃	၆၈၀၃-၆၈၂၅	၂၅၁၇-၂၄၉၅	-	-	၂၂
မင်းပါ	〃	၆၈၂၅-၆၈၄၇	၂၄၉၅-၂၄၃၃	-	-	၂၂
စည်ပေါင်သူ	〃	၆၈၄၇-၆၈၇၅	၂၄၃၃-၂၄၄၅	-	-	၂၈

မင်းအမည်	မြို့တော်	အာရုကန်သက္ကရာဇ်	ခရစ်တော်မပေါ်မီသက္ကရာဇ် A.E	ဗမာသက္ကရာဇ် B.C	ခရစ်တော်ပေါ်ပြီးမှသက္ကရာဇ် B.E	နန်းစံနှစ် A.D
တံတိုင်းသင်	ပ/ခညဝတီ	၆၈၇၅-၆၉၀၆	၂၄၄၅-၂၄၀၄	-	-	၃၁
ကျော်ခေါင်စဉ်	။	၆၉၀၆-၆၉၅၉	၂၄၀၄-၂၃၆၁	-	-	၅၃
သူရိယစန္ဒမိတ်	။	၆၉၅၉-၆၉၈၀	၂၃၆၁-၂၃၄၀	-	-	၂၁
အနန္ဒဘယ	။	၆၉၈၀-၇၀၁၀	၂၃၄၀-၂၃၁၀	-	-	၃၀
လက်ယာစည်သူ	။	၇၀၁၀-၇၀၄၀	၂၃၁၀-၂၂၈၀	-	-	၃၀
သီဟက္ကစ္ဆိ	။	၇၀၄၀-၇၀၈၃	၂၂၈၀-၂၂၃၇	-	-	၄၃
မင်းဘုန်းသန်	။	၇၀၈၃-၇၁၁၄	၂၂၃၇-၂၂၀၆	-	-	၃၁
သက္ကမ္မီး	။	၇၁၁၄-၇၁၆၃	၂၂၀၆-၂၁၅၇	-	-	၄၉
ဇေယျနန္ဒသူ	။	၇၁၆၃-၇၂၁၅	၂၁၅၇-၂၁၀၅	-	-	၅၂
တက္ကသူ	။	၇၂၁၅-၇၂၆၁	၂၁၀၅-၂၀၅၉	-	-	၄၆
လက္ခဏာ	။	၇၂၆၁-၇၂၉၈	၂၀၅၉-၂၀၂၂	-	-	၃၇
ဂုဏာရာဇ်	။	၇၂၉၈-၇၃၄၀	၂၀၂၂-၁၉၈၀	-	-	၄၂
သီဝရာဇ်	။	၇၃၄၀-၇၃၈၁	၁၉၈၀-၁၉၃၉	-	-	၄၁
မင်းလှမ္မီး	။	၇၃၈၁-၇၄၀၂	၁၉၃၉-၁၉၁၈	-	-	၂၁
ပုရိန္ဒ	။	၇၄၀၂-၇၄၆၂	၁၉၁၈-၁၈၅၈	-	-	၆၀
မင်းသိဒ္ဓတ်	။	၇၄၆၂-၇၄၈၄	၁၈၅၈-၁၈၃၆	-	-	၂၂
မင်းလှကြီး	။	၇၄၈၄-၇၅၃၃	၁၈၃၆-၁၇၈၄	-	-	၄၇
ထွီးလုတ်ကြီး	။	၇၅၃၃-၇၅၅၅	၁၇၈၄-၁၇၆၅	-	-	၂၄
စေရာဇ်	။	၇၅၅၅-၇၅၉၃	၁၇၆၅-၁၇၂၇	-	-	၃၈
မျက်နှာဝန်း	။	၇၅၉၃-၇၆၁၇	၁၇၂၇-၁၇၀၃	-	-	၂၄
လက်ရုံးကြီး	။	၇၆၁၃-၇၆၄၄	၁၇၀၃-၁၆၇၆	-	-	၂၇
သီရိကမ္မသူရိန္ဒ	။	၇၆၄၄-၇၆၇၄	၁၆၇၆-၁၆၄၆	-	-	၃၀
နန္ဒကောဘယ	။	၇၆၇၄-၇၇၀၁	၁၆၄၆-၁၆၁၉	-	-	၂၇
မင်းနန်းဖြူ	။	၇၇၀၁-၇၇၂၁	၁၆၁၉-၁၅၉၉	-	-	၂၀
မင်းနန်းလှ	။	၇၇၂၁-၇၇၄၉	၁၅၉၉-၁၅၇၁	-	-	၂၈
မင်းခေါင်ချေ	။	၇၇၄၉-၇၇၆၉	၁၅၇၁-၁၅၅၁	-	-	၂၀
လောက်ခေါင် ရာဇာ	။	၇၇၆၉-၇၇၈၄	၁၅၅၁-၁၅၃၆	-	-	၁၅
သီဟ မင်းချေ	။	၇၇၈၄-၇၈၀၅	၈၅၃၆-၁၅၁၆	-	-	၂၀
ပျော်လှစည်သူ	။	၇၈၀၅-၇၈၁၂	၁၅၁၆-၁၅၀၉	-	-	၇
အမတ်ကြီး(၃)ဦး	။	၇၈၁၂-၇၈၁၃	၁၅၀၉-၁၅၀၇	-	-	၁
ဘုရင်မ၊စောစစ်	နီလာ ပန်းတောင်း	၇၈၁၃-၇၈၁၃	၁၅၀၇-၁၅၀၇	-	-	၁
မင်းဆက်ပြီး၏။	မာရယုမင်းဆက်	(၆၂)နန်းစံနှစ်		(၁၈၁၈)		

မင်းအမည်	မြို့တော်	အာရကန် သက္ကရာဇ် A.E	ခရစ်တော် မပေါ်မီ သက္ကရာဇ် B.C	ဗမာ သက္ကရာဇ် B.E	ခရစ်တော် ပေါ်ပြီးမှ သက္ကရာဇ် A.D	နန်းစံ နှစ်
ကံရာဇာကြီးမင်း	ဒု/ဓညဝတီ	၇၈၁၃-၇၈၅၀	၁၅၀၇-၁၄၇၀	-	-	၃၇
သီလရာဇာ(သား)	〃	၇၈၅၀-၇၈၉၁	၁၄၇၀-၁၄၂၉	-	-	၄၁
ဝါသုရ	ဒု/ဓညဝတီ	၇၈၉၁-၇၉၂၂	၁၄၂၉-၁၃၉၈	-	-	၃၁
နန္ဒသူရိယ	〃	၇၉၂၂-၇၉၆၂	၁၃၉၈-၁၃၅၈	-	-	၄၀
သူရိယနန္ဒ	〃	၇၉၆၂-၇၉၉၄	၁၃၅၈-၁၃၂၆	-	-	၃၂
သူရနန္ဒ	〃	၇၉၉၄-၈၀၁၇	၁၃၂၆-၁၃၀၃	-	-	၂၃
စန္ဒမာရု	〃	၈၀၁၇-၈၀၄၉	၁၃၀၃-၁၂၇၁	-	-	၃၂
သီရိစန္ဒာ	〃	၈၀၄၉-၈၀၈၉	၁၂၇၁-၁၂၃၁	-	-	၄၀
သီဟရာဇာ	〃	၈၀၈၉-၈၁၃၅	၁၂၃၁-၁၁၈၅	-	-	၄၆
သီဟဟနု	〃	၈၁၃၅-၈၁၅၅	၁၁၈၅-၁၁၆၅	-	-	၂၀
ပယာက	〃	၈၁၅၅-၈၁၈၆	၁၁၆၅-၁၁၃၄	-	-	၃၁
နိလဂုဏ်	〃	၈၁၈၆-၈၂၂၇	၁၁၃၄-၁၀၉၃	-	-	၄၁
ရောဟဂုဏ်	〃	၈၂၂၇-၈၂၅၇	၁၀၉၃-၁၀၆၃	-	-	၃၀
သီရိဂုဏ်	〃	၈၂၅၇-၈၂၈၁	၁၀၆၃-၁၀၃၉	-	-	၂၄
သမန်ဇာ	〃	၈၂၈၁-၈၃၁၆	၁၀၃၉-၁၀၀၄	-	-	၃၅
သုဝဏ္ဏကုမ္ဘာ	〃	၈၃၁၆-၈၃၄၆	၁၀၀၄-၉၈၄	-	-	၂၀
သက်တင်ဖြူ	〃	၈၃၄၆-၈၃၇၆	၉၈၄-၉၄၄	-	-	၄၀
သက်တင်ဥ	〃	၈၃၇၆-၈၄၁၈	၉၄၄-၉၀၂	-	-	၄၂
ဇေတဝန်	〃	၈၄၁၈-၈၄၄၄	၉၀၂-၈၆၆	-	-	၃၆
မုဠိယ	〃	၈၄၄၄-၈၄၈၁	၈၆၆-၈၃၉	-	-	၂၃
ကုမ္ဘာရဝိသုက	〃	၈၄၈၁-၈၅၅၈	၈၃၉-၇၆၂	-	-	၃၃
ဝါသုမင္ဂလ	〃	၈၅၅၈-၈၅၉၂	၇၆၂-၇၂၈	-	-	၃၄
ပုရိန္ဒ	〃	၈၅၉၂-၈၆၂၃	၇၂၈-၆၉၇	-	-	၃၁
ရာလမာယု	〃	၈၆၂၃-၈၆၄၅	၆၉၇-၆၇၅	-	-	၂၂
ရာလမာယု	〃	၂-၃၃	၆၇၅-၆၄၄	-	-	၃၁
ရတကုန်	〃	၃၃-၅၅	၆၄၄-၆၂၂	-	-	၂၂
ဝိသုရာဇာ	〃	၅၅-၆၇	၆၂၂-၆၁၀	-	-	၁၂
သီရိရာဇာ	〃	၆၇-၉၇	၆၁၀-၅၈၀	-	-	၃၀

ဇာကြီးမင်းဆက်ပြီး၏။ကံရာဇာမင်းဆက်(၂၈)၊ နန်းစံနှစ်ပေါင်း (၉၂၇)

စန္ဒသူရိယ	တ/ဓညဝတီ	၉၇-၁၄၉	၅၈၀-၅၂၈	-	-	၅၂
သူရိယခိပတိ	〃	၂-၄၉	၅၂၈-၄၈၁	-	-	၄၇
သူရိယပတိပါတိ	〃	၄၉-၁၀၅	၄၈၁-၄၂၆	-	-	၅၆
သူရိယရူပ	〃	၁၀၅-၁၅၀	၄၂၆-၃၈၀	-	-	၄၅
သူရိယစန္ဒာ	〃	၁၅၀-၂၁၄	၃၈၀-၃၁၆	-	-	၆၄
သူရိယစက္က	〃	၂၁၄-၂၅၈	၃၁၆-၂၇၂	-	-	၄၄

မင်းအမည်	မြို့တော်	အာရုကန် သက္ကရာဇ် A.E	ခရစ်တော် မပေါ်မီ သက္ကရာဇ် B.C	ဗမာ သက္ကရာဇ် B.E	ခရစ်တော် ပေါ်ပြီးမှ သက္ကရာဇ် A.D	နန်းစံ နှစ်
သူရိယနာထ	တ/ဧည်ဝတီ	၂၅၈-၃၀၀	၂၃၂-၂၃၀	-	-	၄၂
သူရိယဝံသ	″	၃၀၀-၃၄၀	၂၃၀-၁၉၀	-	-	၄၀
သူရိယဗန္ဓု	″	၃၄၀-၃၆၆	၁၉၀-၁၆၄	-	-	၂၆
သူရိယကလျာဏ	″	၃၆၆-၄၀၄	၁၆၄-၁၂၆	-	-	၃၈
သူရိယမုက္ခ	″	၄၀၄-၄၃၄	၁၂၆-၉၆	-	-	၃၀
သူရိယတေဇ	″	၄၃၄-၄၈၄	၉၆-၄၆	-	-	၅၀
သူရိယပုည	″	၄၈၄-၅၁၉	၄၆-၁၁	-	-	၃၅
သူရိယကုလ	″	၅၁၉-၅၅၅	၁၁-AD ၂၅	-	AD ၂၅	၃၆
သူရိယပဘာ	″	၅၅၅-၆၀၉	-	-	၂၅-၃၉	၅၄
သူရိယစိတြ	″	၂-၃၈	-	-	၃၉-၁၁၅	၃၆
သူရိယဇေထ		၃၈-၆၀	-	-	၁၁၅-၁၃၃	၂၂
ဝိမလ	″	၆၀-၇၈	-	-	၁၃၃-၁၅၅	၁၈
သူရိယရေနု	″	၇၈-၁၀၀	-	-	၁၅၅-၁၇၃	၂၂
သူရိယကံသ	″	၁၀၀-၁၁၆	-	-	၁၇၃-၁၉၃	၁၆
သူရိယသက္က	″	၁၁၆-၁၂၄	-	-	၁၉၃-၂၀၁	၈
သူရိယသီရိ	″	၁၂၄-၁၄၄	-	-	၂၀၁-၂၂၁	၂၀
သူရိယကေသီ	″	၁၄၄-၁၆၃	-	-	၂၂၁-၂၄၀	၁၉
သူရိယကုမ္ဘာ	″	၁၆၃-၁၉၅	-	-	၂၄၀-၂၅၂	၃၂
သူရိယကေတု	″	၁၉၅-၂၄၉	-	-	၂၅၂-၃၂၆	၅၄
စန္ဒသူရိယမင်းဆက်ပြီး၏။ စန္ဒသူရိယ(၂၅)ဆက်၊ နန်းစံနှစ် (၉၀၆)						
မဟာစန္ဒရား	တ/ဝေသာလီ	၂၄၉-၃၀၆	-	-	၃၂၆-၃၈၃	၅၃
သူရိယစန္ဒရား	″	၃၀၆-၃၅၅	-	-	၃၈၃-၄၃၂	၄၉
မောလစန္ဒရား	″	၃၅၅-၄၀၃	-	-	၄၃၂-၄၈၀	၄၈
ပေါလစန္ဒရား	″	၄၀၃-၄၄၉	-	-	၄၈၀-၅၂၆	၄၆
ကာလစန္ဒရား	″	၄၄၉-၄၉၈	-	-	၅၂၆-၅၃၅	၄၉
ထုလစန္ဒရား	″	၄၉၈-၅၁၃	-	-	၅၃၅-၅၉၄	၁၉
သီရိစန္ဒရား	″	၅၁၃-၂၉	-	-	၅၉၄-၆၆၆	၃၂
သိဂ်စန္ဒရား	″	၂၉-၉၅	-	၂၉-၉၅	၆၆၆-၃၃၂	၆၆
စူဠစန္ဒရား	″	၉၅-၁၃၁	-	၉၅-၁၃၁	၃၃၂-၃၆၈	၃၆
အမြတူ (မြို့မင်း)	″	၁၃၁-၁၃၈	-	၁၃၁-၁၃၈	၃၆၈-၃၃၅	၃
ပဲဖြူ (မြို့မင်း)	″	၁၃၈-၁၅၅	-	၁၃၈-၁၅၅	၃၃၅-၃၉၂	၁၃
ငတုံး (ဝါ)						
စောရွှေလူး	″	၁၅၅-၁၇၉	-	၁၅၅-၁၇၉	၃၉၂-၄၁၆	၂၄
မဟာစန္ဒရားမင်းဆက်ပြီး၏။ မဟာစန္ဒရား (၁၂)ဆက်၊ နန်းစံနှစ် (၄၉၁)						

မင်းအမည်	မြို့တော်	အာရကန် သက္ကရာဇ်	ခရစ်တော် မပေါ်မီ သက္ကရာဇ် A.E	ဗမာ သက္ကရာဇ် B.C	ခရစ်တော် ပေါ်ပြီးမှ သက္ကရာဇ် B.E	နန်းစံ နှစ် A.D
ခေတ္တသင်	စမွဝက်	၁၇၉-၁၈၉	-	၁၇၉-၁၈၉	၈၁၆-၈၂၆	၁၀
စန္ဒသင်	″	၁၈၉-၂၀၄	-	၁၈၉-၂၀၄	၈၂၆-၈၄၁	၁၅
မင်းယင်ဖြူ	″	၂၀၄-၂၃၄	-	၂၀၄-၂၃၄	၈၄၁-၈၇၁	၃၀
နာဂသူရိယ	″	၂၃၄-၂၆၅	-	၂၃၄-၂၆၅	၈၇၁-၉၀၂	၃၁
သူရိယရာဇာ	″	၂၆၅-၂၉၇	-	၂၆၅-၂၉၇	၉၀၂-၉၃၄	၃၂
သုဇ္ဇာက	″	၂၉၇-၃၃၀	-	၂၉၇-၃၃၀	၉၃၄-၉၆၇	၃၃
မင်းကြီးဖြူ	″	၃၃၀-၃၄၅	-	၃၃၀-၃၄၅	၉၆၇-၉၈၂	၁၅
အမတ်စည်သဘင်	″	၃၄၅-၃၄၇	-	၃၄၅-၃၄၇	၉၈၂-၉၈၄	၂
မင်းနု	ပဒ္မာ	၃၄၇-၃၇၅	-	၃၄၇-၃၇၅	၉၈၄-၁၀၁၂	၂၈
မင်းလာတော်	″	၃၇၅-၃၉၅	-	၃၇၅-၃၉၅	၁၀၁၂-၁၀၃၂	၂၀
မင်းကုလား	″	၃၉၅-၄၂၃	-	၃၉၅-၄၂၃	၁၀၃၂-၁၀၆၀	၂၈
မင်းဘီလူး	″	၄၂၃-၄၂၉	-	၄၂၃-၄၂၉	၁၀၆၀-၁၀၆၆	၆
ဝရောင်းဒင်္ဂ	″	၄၂၉-၄၃၃	-	၄၂၉-၄၃၃	၁၀၆၆-၁၀၇၄	၈
မင်းဘုန်းသန်	″	၄၃၃-၄၅၁	-	၄၃၃-၄၅၁	၁၀၇၄-၁၀၈၈	၁၄
မင်းပတိ	″	၄၅၁-၄၆၄	-	၄၅၁-၄၆၄	၁၀၈၈-၁၁၀၁	၁၃
ခေတ္တသင်မင်းဆက်ပြီး။ ခေတ္တသင် (၁၅)ဆက်၊ နန်းစံနှစ် (၂၈၅)						
လက်ယာမင်းနန်	ပ/ပုရိန်	၄၆၄-၄၇၀	-	၄၆၄-၄၇၀	၁၁၀၁-၁၀၆၆	၆
သီဟပါ	″	၄၇၀-၄၇၁	-	၄၇၀-၄၇၁	၁၁၀၇-၁၁၀၈	၁
မင်းရာဇာ	″	၄၇၁-၄၇၄	-	၄၇၁-၄၇၄	၁၁၀၈-၁၁၁၁	၃
သကျဝင်ကြီး	″	၄၇၄-၄၇၆	-	၄၇၄-၄၇၆	၁၁၁၁-၁၁၁၃	၂
သကျဝင်ချေ	″	၄၇၆-၄၇၉	-	၄၇၆-၄၇၉	၁၁၁၃-၁၁၈၆	၃
ကောလိယ	″	၄၇၉-၄၈၄	-	၄၇၉-၄၈၄	၁၁၁၆-၁၁၂၁	၅
လက်ယာမင်းနန် မင်းဆက်ပြီး၏။ လက်ယာမင်းနန် (၆)ဆက်၊ နန်းစံနှစ် (၂၀)						
ဒဿရာဇာ	ဒု/ပုရိန်	၄၈၄-၅၀၀	-	၄၈၄-၅၀၀	၁၁၂၁-၁၁၃၇	၁၆
အနန္တသိရိ	″	၅၀၀-၅၀၃	-	၅၀၀-၅၀၃	၁၁၃၇-၁၁၄၀	၃
မင်းဖုန်းစား	″	၅၀၃-၅၁၀	-	၅၀၃-၅၁၀	၁၁၄၀-၁၁၄၇	၇
ပဥ္စကာလစက်	″	၅၁၀-၅၁၂	-	၅၁၀-၅၁၂	၁၁၄၇-၁၁၄၉	၂
ဓနရူပေါ	″	၅၁၂-၅၂၁	-	၅၁၂-၅၂၁	၁၁၄၉-၁၁၅၈	၉
စလင်္ဘိုလ်	″	၅၂၁-၅၂၂	-	၅၂၁-၅၂၂	၁၁၅၈-၁၁၅၉	၁
မဇ္ဈသင်	″	၅၂၂-၅၂၇	-	၅၂၂-၅၂၇	၁၁၅၉-၁၁၆၄	၅
ငရမန်း	″	၅၂၇-၅၂၉	-	၅၂၇-၅၂၉	၁၁၆၄-၁၁၆၆	၂
မင်းပုဂန်	″	၅၂၉-၅၃၁	-	၅၂၉-၅၃၁	၁၁၆၆-၁၁၆၈	၂
ငရင်္ခိုင်	″	၅၃၁-၅၃၄	-	၅၃၁-၅၃၄	၁၁၆၈-၁၁၇၁	၃

မင်းအမည်	မြို့တော်	အာရဏန် သက္ကရာဇ် A.E	ခရစ်တော် မပေါ်မီ သက္ကရာဇ် B.C	ဗမာ သက္ကရာဇ် B.E	ခရစ်တော် ပေါ်ပြီးမှ သက္ကရာဇ် A.D	နန်းစံ နှစ်
မင်းငကြုံ	။	၁၃၄-၁၄၆	-	၁၃၄-၁၄၆	၁၁၇၁-၁၁၈၃	၁၂
မင်းဆူ	။	၁၄၆-၁၅၁	-	၁၄၆-၁၅၁	၁၁၈၃-၁၁၈၈	၅
ငရွှေသင်	ဒု/ပုရိန်	၁၅၁-၁၅၄	-	၁၅၁-၁၅၄	၁၁၈၈-၁၁၉၁	၃
မင်းခေါင်ကြီး	။	၁၅၄-၁၆၀	-	၁၅၄-၁၆၀	၁၁၉၁-၁၁၉၇	၆
မင်းခေါင်ချေ	။	၁၆၀-၁၆၅	-	၁၆၀-၁၆၅	၁၁၉၇-၁၂၀၂	၅
ကမ္ဘာလောင်ကြီး	။	၁၆၅-၁၇၁	-	၁၆၅-၁၇၁	၁၂၀၂-၁၂၀၈	၆
ကမ္ဘာလောင်ချေ	။	၁၇၁-၁၈၂	-	၁၇၁-၁၈၂	၁၂၀၈-၁၂၁၈	၁၀
သကျဝင်ကြီး	။	၁၈၂-၁၈၄	-	၁၈၂-၁၈၄	၁၂၁၈-၁၂၂၀	၂
သကျဝင်ချေ	။	၁၈၄-၁၉၃	-	၁၈၄-၁၉၃	၁၂၂၀-၁၂၃၀	၁၀
သနပင်ဖြူ	။	၁၉၃-၁၉၆	-	၁၉၃-၁၉၆	၁၂၃၀-၁၂၃၃	၃
နယ်သိမ်း	။	၁၉၆-၆၀၇	-	၁၉၆-၆၀၇	၁၂၃၃-၁၂၄၄	၁၁
ငနှလုံး	။	၆၀၇-၆၁၁	-	၆၀၇-၆၁၁	၁၂၄၄-၁၂၄၈	၄
ဒဿရာဇာမင်းဆက်ပြီး၏။ ဒဿရာဇာ			(၂၂)ဆက် နန်းစံနှစ် (၁၂၇)			
အလောမဖြူ	လောင်းကြက်	၆၁၁-၆၁၇	-	၆၁၁-၆၁၇	၁၂၄၈-၁၂၅၄	၆
ရာဇသူကြီး	။	၆၁၇-၆၁၉	-	၆၁၇-၆၁၉	၁၂၅၄-၁၂၅၆	၂
မင်းစောလူ	။	၆၁၉-၆၂၂	-	၆၁၉-၆၂၂	၁၂၅၆-၁၂၅၉	၃
ဥဇ္ဇနာကြီး	။	၆၂၂-၆၃၀	-	၆၂၂-၆၃၀	၁၂၅၉-၁၂၆၇	၈
စောမွန်ကြီး	။	၆၃၀-၆၃၄	-	၆၃၀-၆၃၄	၁၂၆၇-၁၂၇၁	၄
နန်းကျကြီး	။	၆၃၄-၆၃၈	-	၆၃၄-၆၃၈	၁၂၇၁-၁၂၇၅	၄
မင်းဘီလူးချေ	။	၆၃၈-၆၄၂	-	၆၃၈-၆၄၂	၁၂၇၅-၁၂၇၉	၄
အမတ်စည်သဘင်	။	၆၄၂-၆၄၄	-	၆၄၂-၆၄၄	၁၂၇၉-၁၂၈၁	၂
မင်းထီး	။	၆၄၄-၇၁၀	-	၆၄၄-၇၁၀	၁၂၈၁-၁၃၈၇	၁၀၆
ဥဇ္ဇနာချေ	။	၇၁၀-၇၁၂	-	၇၁၀-၇၁၂	၁၃၈၇-၁၃၈၉	၂
သီဝရာဇ်	။	၇၁၂-၇၁၃	-	၇၁၂-၇၁၃	၁၃၈၉-၁၃၉၀	၁
သိဒ္ဓည်း	။	၇၁၃-၇၁၅	-	၇၁၃-၇၁၅	၁၃၉၀-၁၃၉၂	၂
ရာဇသူ	။	၇၁၅-၇၁၇	-	၇၁၅-၇၁၇	၁၃၉၂-၁၃၉၄	၂
သံတွဲစားစည်သဘင်	။	၇၁၇-၇၁၈	-	၇၁၇-၇၁၈	၁၃၉၄-၁၃၉၅	၁
အမတ်မြင်စည်စား	။	၇၁၈-၇၁၉	-	၇၁၈-၇၁၉	၁၃၉၅-၁၃၉၆	၁
ရာဇသူ	။	၇၁၉-၇၆၃	-	၇၁၉-၇၆၃	၁၃၉၆-၁၄၀၀	၄
သိဂ်သူ	။	၇၆၃-၇၆၆	-	၇၆၃-၇၆၆	၁၄၀၀-၁၄၀၃	၃
အလောမဖြူမင်းဆက်ပြီး၏။ အလောမဖြူ (၁၇)ဆက် နန်းစံနှစ် (၁၅၄)						
မင်းစောမွန်	ပ/မြောက်ဦး	၇၆၆-၇၉၅	-	၇၆၆-၇၉၅	၁၄၀၃-၁၄၃၂	၃
မင်းခရီ	။	၇၉၅-၈၂၀	-	၇၉၅-၈၂၀	၁၄၃၂-၁၄၅၇	၂၅

မင်းအမည်	မြို့တော်	အာရုကန်သက္ကရာဇ်	ခရစ်တော်မပေါ်မီသက္ကရာဇ် A.E	ဗမာသက္ကရာဇ် B.C	ခရစ်တော်ပေါ်ပြီးမှသက္ကရာဇ် B.E	နန်းစံနှစ် A.D
ဘုရင်မစောယင်မိ	ပ/မြောက်ဦး	၇၉၅-၈၂၀	-	၇၉၅-၈၂၀	၁၄၃၂-၁၄၅၇	-
စောဖြူ	″	၈၂၀-၈၄၃	-	၈၂၀-၈၄၃	၁၄၅၇-၁၄၈၀	၂၃
စောလျာ	″	၈၄၃-၈၅၃	-	၈၄၃-၈၅၃	၁၄၈၀-၁၄၉၀	၁၀
ဘစောညို	″	၈၅၃-၈၅၅	-	၈၅၃-၈၅၅	၁၄၉၀-၁၄၉၂	၂
မင်းရန်အောင်	″	၈၅၅-၈၅၆	-	၈၅၅-၈၅၆	၁၄၉၂-၁၄၉၃	၁
လက်ဝသူ	″	၈၅၆-၈၆၃	-	၈၅၆-၈၆၃	၁၄၉၃-၁၅၀၀	၇
မင်းရာဇာ	″	၈၆၃-၈၇၅	-	၈၆၃-၈၇၅	၁၅၀၀-၁၅၁၂	၁၂
က်မောရာဇာ	″	၈၇၅-၈၇၅	-	၈၇၅-၈၇၅	၁၅၁၂-၁၅၁၂	၂၉ရက်
ဇာပတိ	″	၈၇၅-၈၇၇	-	၈၇၅-၈၇၇	၁၅၁၂-၁၅၁၄	၂
မင်းစောအို့	″	၈၇၇-၈၇၇	-	၈၇၇-၈၇၇	၁၅၁၄-၁၅၁၄	၆လ
ဇာတ	″	၈၇၇-၈၈၃	-	၈၇၇-၈၈၃	၁၅၁၄-၁၅၂၀	၆
မင်းခေါင်ရာဇာ	″	၈၈၃-၈၉၃	-	၈၈၃-၈၉၃	၁၅၂၀-၁၅၃၀	၁၀
ပမြောက်ဦးမင်းစောမွန် နန်းဆက်ပြီး၏။ မင်းစောမွန် (၁၄)ဆက်၊ နန်းစံနှစ် (၁၂၇)						
မင်းပါကြီး	ဒု/မြောက်ဦး	၈၉၃-၉၁၅	-	၈၉၃-၉၁၅	၁၅၃၀-၁၅၅၂	၂၂
မင်းတိက္ခ	″	၉၁၅-၉၁၈	-	၉၁၅-၉၁၈	၁၅၅၂-၁၅၅၅	၃
မင်းစောလှ	″	၉၁၈-၉၂၆	-	၉၁၈-၉၂၆	၁၅၅၅-၁၅၆၃	၈
စကြံဝတေး	″	၉၂၆-၉၃၃	-	၉၂၆-၉၃၃	၁၅၆၃-၁၅၇၀	၇
မင်းဖလောင်း	″	၉၃၃-၉၅၅	-	၉၃၃-၉၅၅	၁၅၇၀-၁၅၉၂	၂၂
မင်းရာဇာကြီး	″	၉၅၅-၉၇၄	-	၉၅၅-၉၇၄	၁၅၉၂-၁၆၁၀	၁၉
မင်းခမောင်း	″	၉၇၄-၉၈၄	-	၉၇၄-၉၈၄	၁၆၁၀-၁၆၂၀	၁၀
မင်းဟာရီ	″	၉၈၄-၁၀၀၀	-	၉၈၄-၁၀၀၀	၁၆၂၀-၁၆၃၇	၁၆
မင်းစနေ	″	၁၀၀၀-၁၀၀၀	-	၁၀၀၀-၁၀၀၀	၁၆၃၇-၁၆၃၇	၂၀ရက်
မြောက်ဦးမင်းပါကြီး မင်းဆက်ပြီး၏။ မင်းပါကြီး (၉)ဆက်၊ နန်းစံနှစ် (၁၀၇)						
နရုပတိကြီး	တ/မြောက်ဦး	၁၀၀၀-၁၀၀၇	-	၁၀၀၀-၁၀၀၇	၁၆၃၇-၁၆၄၄	၇
ညိုရောင်ဖြူ	″	၁၀၀၇-၁၀၁၄	-	၁၀၀၇-၁၀၁၄	၁၆၄၄-၁၆၅၁	၇
စန္ဒာ	″	၁၀၁၄-၁၀၃၆	-	၁၀၁၄-၁၀၃၆	၁၆၅၁-၁၆၇၃	၂၂
ဥဂ္ဂါဗလ	″	၁၀၃၆-၁၀၄၇	-	၁၀၃၆-၁၀၄၇	၁၆၇၃-၁၆၈၄	၁၁
ဝရဓမ္မရာဇာ	″	၁၀၄၇-၁၀၅၄	-	၁၀၄၇-၁၀၅၄	၁၆၈၄-၁၆၉၁	၇
မဏိဒတ္တ	″	၁၀၅၄-၁၀၅၆	-	၁၀၅၄-၁၀၅၆	၁၆၉၁-၁၆၉၃	၂
သတိုးအောင်(၁)	″	၁၀၅၆-၁၀၅၈	-	၁၀၅၆-၁၀၅၈	၁၆၉၃-၁၆၉၅	၂
ငတုံးနော်ရထာ	″	၁၀၅၈-၁၀၅၈	-	၁၀၅၈-၁၀၅၈	၁၆၉၅-၁၆၉၅	၁၅ရက်
ဂူဖြူ	″	၁၀၅၈-၁၀၅၉	-	၁၀၅၈-၁၀၅၉	၁၆၉၅-၁၆၉၆	၁
ကုလားရွှေထ	″	၁၀၅၉-၁၀၅၉	-	၁၀၅၉-၁၀၅၉	၁၆၉၆-၁၆၉၆	၃လ

မင်းအမည်	မြို့တော်	အာရုဏ်သက္ကရာဇ်	ခရစ်တော်မပေါ်မီသက္ကရာဇ် A.E	ဗမာသက္ကရာဇ် B.C	ခရစ်တော်ပေါ်ပြီးမှသက္ကရာဇ် B.E	နန်းစံနှစ် A.D
ကာလဂန္ဓာတ်	″	၁၀၅၉-၁၀၆၀	-	၁၀၅၉-၁၀၆၀	၁၆၉၆-၁၆၉၇	၁
မောင်ဖြူ	″	၁၀၆၀-၁၀၆၂	-	၁၀၆၀-၁၀၆၂	၁၆၉၇-၁၆၉၉	၂
အမတ်နန္ဒစည်သူ	″	၁၀၆၂-၁၀၆၂	-	၁၀၆၂-၁၀၆၂	၁၆၉၉-၁၆၉၉	၁၄ရက်
ကျော်သိဒ္ဓိ	″	၁၀၆၂-၁၀၆၈	-	၁၀၆၂-၁၀၆၈	၁၆၉၉-၁၇၀၅	၆
သတိုးလှ	″	၁၀၆၈-၁၀၇၂	-	၁၀၆၈-၁၀၇၂	၁၇၀၅-၁၇၀၉	၄
တန်ဆိုလ်မင်း	″	၁၀၇၂-၁၀၉၃	-	၁၀၇၂-၁၀၉၃	၁၇၀၉-၁၇၃၀	၂၁
ဟင်္သာ-သာမ	″	၁၀၉၃-၁၀၉၆	-	၁၀၉၃-၁၀၉၆	၁၇၃၀-၁၇၃၃	၃
တက်ချေ	″	၁၀၉၆-၁၀၉၇	-	၁၀၉၆-၁၀၉၇	၁၇၃၃-၁၇၃၄	၁
ခွီးချေ	″	၁၀၉၇-၁၀၉၉	-	၁၀၉၇-၁၀၉၉	၁၇၃၄-၁၇၃၆	၂
စန္ဒဝိဇယရာဇာ	″	၁၀၉၉-	-	၁၀၉၉-	၁၇၃၆-၁၇၃၇	၈ လ
ကုလားကတျာ	″	၁၀၉၉-	-	၁၀၉၉-	၁၇၃၇-	၃ ရက်
မေတ္တာရစ်	″	၁၀၉၉-၁၁၀၄	-	၁၀၉၉-၁၁၀၄	၁၇၃၇-၁၇၄၂	၅
နရအာဘယရာဇာ	″	၁၁၀၄-၁၁၂၃	-	၁၁၀၄-၁၁၂၃	၁၇၄၂-၁၇၆၁	၁၉
ရွှေယောက်	″	၁၁၂၃	-	၁၁၂၃	၁၇၆၁	၃ လ
စန္ဒပရမရာဇာ	″	၁၁၂၃-၁၁၂၆	-	၁၁၂၃-၁၁၂၆	၁၇၆၁-၁၇၆၄	၃
သံတောင်စား	″	၁၁၂၆-၁၁၃၅	-	၁၁၂၆-၁၁၃၅	၁၇၆၄-၁၇၇၃	၉
သောက်ကြာ	″	၁၁၃၅-၁၁၃၉	-	၁၁၃၅-၁၁၃၉	၁၇၇၃-၁၇၇၇	၄
ပိုးရွှေ	″	၁၁၃၉-	-	၁၁၃၉	၁၇၇၇	၄၀ ရက်
အောင်ဇုံ	″	၁၁၃၉-၁၁၄၄	-	၁၁၃၉-၁၁၄၄	၁၇၇၇-၁၇၈၂	၅
ဒါးပြန်စီး	″	၁၁၄၄	-	၁၁၄၄	၁၇၈၂	၁၆
တုံးစံရွှေ	″	၁၁၄၄	-	၁၁၄၄	၁၇၈၂	၁ ရက်
သမ္မတရာဇာ (၀၂)						
သတိုးအောင် II	″	၁၁၄၄-၁၁၄၆	-	၁၁၄၄-၁၁၄၆	၁၇၈၂-၁၇၈၄	၂
မင်းပေါင်း- ၂၆၆					နန်းစံနှစ်	၆၀၇

ချစ်စဖွယ် ဂုံ အမျိုးသားများ

ဗိုလ်မှူး ဘရှင်

ဧည့်သည့်လုပ်ရသူက အားနာယူရလောက်အောင် ဧည့်ဝတ်ကျေ၍ ချက်ချင်းပင် သွေးရင်းသားရင်း သဖွယ် ထင်မြင်လာလောက်အောင် ဖေါ်ရွေသောကျွန်တော်တို့၏သားရင်းပြည်ထောင်စုသား အမျိုးသား တစ်မျိုးကို ပြောပြပါဟု ကျွန်တော့်အား မေးလာလျှင် ဂုံအမျိုးသားဖြစ်သည်ဟု မဆိုင်းမတွ ဖြေလိုက်မိပါ မည်။

လွန်ခဲ့သော ၁၀ နှစ်ကျော် ၁၁ နှစ်ခန့်က ဂုံတို့၏ဒေသ ကျိုင်းတုံမြေပြန့်သို့ ၁၀ ရက်ခန့် အလည် အပတ်ရောက်ခဲ့ဖူးပါသည်။ အုပ်စိုးသူလူတန်းစားကို အအုပ်အစိုးခံလုပ်သားပြည်သူတို့က မော်ဖူးရဆဲကာ လ၊ အုပ်စိုးသူအထက်တန်းလွှာတို့မှာ လုပ်သားပြည်သူတို့က လက်လှမ်းမမီနိုင်သည့်နေရာဝယ် မိုးကျွေ့ ကိုယ်သဖွယ် ဩဇာအာဏာနှင့်စည်းစိမ်ကို ခံစားစံစားနေကြသည့်ကာလ ဖြစ်၏။ ဆိုခဲ့သော ၁၀ ရက်တာ မျှကာလမှာ အအုပ်အစိုးခံ ပြည်သူလူထုတို့အထဲတွင် ကျင်လည်ခဲ့ရသည့်တိုတောင်းလှသောအချိန်ဖြစ်၏။ အချိန်ပင် တိုလင့်ကစား ဂုံတို့နှင့်ဆက်ဆံခဲ့ရာမှ ရရှိခဲ့သော အတွေ့အကြုံတို့မှာ ယနေ့တိုင် စိတ်တွင် လန်းဆန်းလျက် ရှိပါသေးသည်။ သူတို့၏ပွင့်လင်းမှု၊ သဘောဖြူမှု၊ ရိုးသားမှု၊ သစ္စာရှိ၍ ကတိတည်မှု၊ ဖေါ်ရွေ ချစ်ခင်တတ်မှု၊ သိမ်မွေ့ယဉ်ကျေးမှုတို့က ဖန်တီးပေးခဲ့၍ ကျွန်တော်၏စိတ်တွင် ခံစားခဲ့ရသော ကြည်လင်ရွှင်လန်းမှု၊ အားရကျေနပ်မှု၊ နှစ်သက်မြတ်နိုးမှုတို့ကို မေ့ပျောက်၍ မရနိုင်ခြင်းကြောင့်ပင် ဖြစ်တန်ရာသည်။

သူတို့၏ဒေသမှာ ဝေးကွာလှပါသည်။ တောအထပ်ထပ် တောင်အဆင့်ဆင့် မြစ်အသွယ်သွယ်တို့ကို ဖြတ်သန်းကာ ခက်ခက်ခဲခဲ သွားပြီးမှသူတို့၏ဒေသသို့ ရောက်ခဲ့ရပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏အ ရှေ့ဖျားတွင် ကျရောက်နေသဖြင့် ရှမ်းကုန်းပြင်မြင့်တစ်ခုလုံးလောက်ကို အနောက်မှအရှေ့ ကန့်လန့်ဖြတ် ကျော်လွှားသွားရသည့်ခရီးကြမ်း ဖြစ်ပါသည်။ သို့ဖြစ်၍လည်း ပြည်ထောင်စုအလယ်ပိုင်းဒေသမှ ပြည် ထောင်စုသားတို့မှာ သူတို့၏ဒေသသို့အရောက်အပေါက်နည်းခဲ့ကြပေသည်။ အရောက်အပေါက်နည်းသော ကြောင့် သူတို့အကြောင်းကို ပြည်ထောင်စုသား အများစုက သိသင့်သလောက် မသိကြသေးဟုထင်မိပါ သည်။

ကိုယ်ပိုင်စာရိတ္တ လူမှုဆက်ဆံရေး အရည်အသွေးကောင်းများရှိသော ချစ်စဖွယ် ဤသားချင်းပြည် ထောင်စုသားများကို သိချင်ကြမည် ဖြစ်ပါသည်။ သိလည်း သိထိုက်လှသည်ဟုထင်ပါသည်။

ဂုံဟူသောအမည်

မြန်မာရာဇဝင်ကျမ်းများနှင့်မြန်မာစာပေတို့တွင် သူတို့ကို ဂုံ သို့မဟုတ် ဂုန်ဟုရေးကြသည်။ သူတို့ ဂုဏ်ပြုလို၍လော မသိ၊ "ဂုဏ်"ဟုရေးသည်ကိုလည်း တွေ့ဖူးပါသည်။ သူတို့ကိုယ်သူတို့က ခေါ်သောတိုင်း ရှမ်းအမည်မှာ ခွန် ဖြစ်သည်။ ခွန်ဆိုသော်လည်း နူတ်ခမ်းကိုမစုဘဲ အာခေါင်ကို လျှာနောက်ပိုင်းနှင့်ထိ၍ နောက်နှင့်ဆိုရသော ခွန်၏အသံ ဖြစ်ပါသည်။ ခွန်၏အသံထွက်ရိုးရိုးထွက် မဟုတ်ပါ။

ကျိုင်းတုံမြို့တောင်ဘက်ရှိ ရွာငယ်မှ လူးအမျိုးသမီးလယ်သူမလေး

ကျိုင်းတုံမြေပြန့်

ဂုံတို့၏ဒေသမှာ ကျိုင်းတုံမြေပြန့်ဖြစ်သည်။ မဲခေါင်မြစ်၏အနောက်ဖက်လက်တက်တစ်ခုဖြစ်သော နမ့်လွိုင်မြစ်သို့ တောင်ဖက်မှစီးဝင်သောနမ့်ခွန်(နမ့်ဂုံ)လက်တက်ငယ်၏မြစ်စဉ်မြစ်ဝှမ်းသည် ဤကျိုင်းတုံမြေပြန့်ပင် ဖြစ်သည်။ ဤလက်တက်ငယ်တွင်းသို့ စီးဝင်သော မြောက်များလှစွာသော မြစ်ငယ်ချောင်းငယ်များ၊ စိုက်ပျိုးလုပ်ကိုင်ရန် ဖောက်လုပ်ထားသော ရေမြောင်းများသည် ဤမြေပြန့်ကို တစ်ဆယ့်နှစ်ရာသီ တစ်သွင်သွင် ဖြတ်သန်းစီးဆင်းနေသဖြင့် မြေပြန့်မှာ စိမ်းလန်းစိုပြည်သော စိုက်ခင်းများ၊ လယ်များ၊ သစ်ပင်ကြီးငယ်များနှင့်အမြဲလိုပင် သာတောင့်သာယာရှိနေပါသည်။ မြို့ရိုးမြို့တာ ကျုံးပစ္စင် ရင်တားအချို့ကျန်ရှိသေးသော ကျိုင်းတုံမြို့ရွာကြီးရွာငယ်များ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့်လည်း သိုက်သိုက်မြိုက်မြိုက် ရှိပေသည်။

အနှစ် ၅၀၀ ခန့်က အခြေအနေ

လွန်ခဲ့သောအနှစ် ၅၀၀ လောက်ကဖြစ်သော ဤမြေပြန့်၏အကြောင်းအရာနှင့်အခြေအနေကို ရှေးဟောင်းတရုပ်ရာဇဝင်ကျမ်းတို့တွင် ဤသို့ဖော်ပြထားသည်။

"အကြီးအကဲကို ဖကျောဝ့်ဟုခေါ်သည်။ အထပ်ထပ်ရှိသော အဆောက်အဦးတွင်နေ၏။ ဇနီးအမြောက်အများရှိသည်။ ညနေပိုင်းတွင် ဆင်များကို စီး၍ မြစ်ဆိပ်သို့ ရေချိုးဆင်းကြသည်။

အရာရှိကို စုလုသြောဝ်မုင်ဟုခေါ်သည်။ စစ်သားများကို ကျေစိုဟုခေါ်သည်။ သယ်ယူပို့ဆောင်ရေးတွင် ဆင်များကို အသုံးပြုသည်။ သူတို့၏လက်နက်တို့မှာ အသွားထက်မြက်လှသည်။ အမျိုးသားရော အမျိုးသမီးပါ ဖျတ်လတ်၍ လှုပ်လှုပ်ရှားရှားရှိကြသည်။

မြေဩကောင်းသောသူတို့၏မြေပြန့် ရှလီ ၁၀၀၀ ကျော်ကျယ်သည်။ အကြွယ်ဝဆုံးဖြစ်သည်။ ဤနယ်တွင် ကျားအလွန်ပေါသည်။ လယ်သမားတို့သည် မိမိတို့စိုက်ခင်းများကို ကာကွယ်စောင့်ရှောက်နိုင်ရန် သစ်ပင်ထိပ်တို့တွင် သက်ငယ်လင့်စင်များကို ဆောက်လုပ်ထားကြသည်။ သူတို့သည် လည်ကုပ်ကိုဖုံး

သောအကျိုးကို ဝတ်ကြသည်။ သူတို့၏စောင်များကို ငန်းမွေးသွပ်၍ ဂွမ်းကပ်သဖွယ် ပြုလုပ်ကြသည်။"

တရုပ်မှတ်တမ်းတို့တွင် ကျိုင်းတုံနယ်ကို "မေင်ဧကန်"(Meng Ken)ဟုရေးသည်။ 'ကေင်တို့၏ပြည်'၊ ကေင်မှာ စွန်ကို တရုပ်အက္ခရာပုံနှင့်အက္ခရာ ဖလှယ်ရေးထားခြင်းဖြစ်သည်ဟုယူဆပါသည်။

ရှမဦးဖွယ် ရှခင်းတစ်ရပ်

ဤမြေပြန့်တွင် ဂုံတို့ချည်းသာမဟုတ်၊ ဂုံတို့နှင့်အနွယ်တူသော လူး၊ လေမ်ရှမ်းနှင့်အခြားအမျိုးသားတို့လည်း နေကြသည်။ သို့ရာတွင် ဂုံတို့မှာ လူများစုဖြစ်သည်။

တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်သွားသော တောင်တို့ကဝန်းရံထားသဖြင့် ဤမြေပြန့်မှာ ခပ်ပက်ပက်ဒယ်အိုးနှင့်တူနေသည်။ ယင်းတောင်များပေါ်တွင် တိဗက်-မြန်မာအနွယ်ဝင်များဖြစ်သော လောလော(လို လို)အစုဝင်၊ ကော့၊ အီကော ခေါ် ဂေါ့အမျိုးများ၊ မူဆိုးခေါ် လားဟူလူမျိုးစုများ၊ လီရှောလူမျိုးစုများနှင့်မွန်ခမာအစုဝင် ဝ သို့မဟုတ် လဝများနေထိုင်ကြသည်။ ကျိုင်းတုံဒေသတစ်ဝိုက်မှာ ထိုင်ဂုမ်း၊ တိဗက်-မြန်မာ၊ မွန်ခမာအနွယ်ဝင်များပါဝင်သည့်တိုင်းရင်းသား ကုန်းမြင့်နေလူမျိုးစုအတော်များများ နေထိုင်ရာဒေသဖြစ်သည်။ အလွန်စိတ်ဝင်စားဖွယ် ကောင်းသောဒေသ ဖြစ်၏။ ဈေးစည်ချိန်တွင် ကျိုင်းတုံမြို့ဈေးမှာ အဆင်၊ အရောင်၊ ပုံသဏ္ဌာန်ထွေပြားလှသော တိုင်းရင်းသား တိုင်းရင်းသူအသီးသီးတို့၏အမျိုးသားတို့၏အရောင်စုံနှင့်လွှမ်းလျက် ရှိသည်သာဖြစ်၏။ ထူးခြားတင့်ဆန်းလှသော ရှမဦးဖွယ် ရှခင်းတစ်ရပ်ဟုထင်မြင်မိပါသည်။

နောင်မရွာသူ ကောက်စိုက်သူမ ဂုံအမျိုးသမီး

ခေမာရဋ္ဌ

ပြည်ထောင်စု၏သာယာလှသော ဤဒေသကို မြန်မာစာပေတွင် ခေမာဝရတိုင်းဟုရေးသည်။ ဂုံတို့နှင့်အခြားထိုင်ရှမ်းတို့ကမူ ခေမာရဋ္ဌဟုခေါ်ဝေါ်သုံးစွဲကြသည်။ လူများစုများဖြစ်သည့်အားလျော်စွာ ဂုံအမျိုးသားတို့မှာ ဤခေမာရဋ္ဌတိုင်းကို စီမံခန့်ခွဲအုပ်စိုးလာခဲ့သူများ ဖြစ်ကြသည်။

ဂုံတို့၏ရင်းမြစ်

ဂုံအမျိုးသားတို့၏ရင်းမြစ်ကား အဘယ်နည်း။ ရုပ်ဆင်းသဏ္ဌာန်၊ ဝတ်စားဆင်ယင်မှု၊ ယဉ်ကျေးမှုနှင့် ဘာသာစကားတို့တွင် ဂုံတို့မှာ လူးတို့နှင့်အလွန်ဆင်သည်ကို မျက်မြင်ကိုယ်တွေ့ မှတ်သားခဲ့ရပါသည်။ ဂုံတို့နှင့်ဆင်သောအခြားလူမျိုးစုမှာ လေမ်များဖြစ်သည်။ အမြင်အားဖြင့် ဂုံ၊ လူးနှင့်လေမ်တို့မှာ အနွယ်တူများဖြစ်သည်ဟုယူဆပါသည်။ ဂုံတို့မှာ လူး၊ လေမ်တို့အပြင် မူရင်းအားဖြင့် အခြားရှမ်းအမျိုးသားတို့နှင့်တစ်နွယ်တစ်မျိုးတည်းဖြစ်ကြောင်းကို ဘာသန္တရပညာရှိတို့က ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။

ထိုင်ရှမ်းတို့၏ရွှေ့ပြောင်းမှု

တရုပ်ပြည်တောင်ဖက်ပိုင်းတစ်နေရာတွင် ရှိခဲ့သည်ဟုခန့်မှန်းရသော မူရင်းနေရာမှ ထိုင်–ရှမ်းတို့သည် ရှေးခေတ်ကတည်းက အနောက်၊ အနောက်တောင်၊ တောင်၊ အရှေ့တောင်နှင့်အရှေ့ဘက်တို့သို့ ရွှေ့ပြောင်းလာခဲ့ကြသည်ဟုဆိုပါသည်။ အနောက်ဖက်တွင် အာသံနယ်အထိ၊ အနောက်တောင်ဘက်တွင် မြန်မာနိုင်ငံအလယ်ပိုင်းအထိ တောင်ဘက်တွင် မလေးကျွန်းဆွယ်အထိ အရှေ့တောင်ဘက်တွင် ယူနန်နယ်တောင်ပိုင်းနှင့်ဗီယက်နမ်ပြည်မြောက်ပိုင်းအထိ အရှေ့ဘက်တွင် ဟိုနန်ကျွန်းအထိ အလွန်ကျယ်ပြန့်စွာ ပျံ့နှံ့ခဲ့သူများဖြစ်သည်။ ယင်းသို့ရွှေ့ပြောင်းပြန့်နှံ့ခဲ့ကြရာတွင် ဂုံတို့မှာ တောင်ဘက်သို့ ရွှေ့လာသောအစုတွင် ပါခဲ့သည်ဟုဆိုရပါမည်။ ဂုံတို့ရောက်ရှိစတည်းချရာဒေသမှာ ပထဝီဝင်အနေအထားအရ အခြားထိုင်ရှမ်းတို့နှင့်အဆက်အသွယ်ပြတ်လောက်အောင် တသီးတခြား ဖြစ်ခဲ့ရသည်။ အနောက်ဖက်တွင် သံလွင်မြစ်၊ အရှေ့ဘက်တွင် မဲခေါင်မြစ်၊ အရပ်လေးမျက်နှာတွင် တောင်မြင့်တန်းတို့က ပိတ်ဆို့ထားဘိသကဲ့သို့ တည်နေပေသည်။

ဂုံနှင့်အခြားရှမ်းတို့၏ကွဲပြားချက်များ

ထိုင်ရှမ်းတို့အကြောင်းကို အချိန်ယူကာ မျက်မြင်ကိုယ်တွေ့ သုတေသနပြုခဲ့သော ဆာဂျော့စကော့က အထက်မြန်မာနိုင်ငံ ဂဇက်တီးယားကျမ်းကြီးတွင် ဤသို့ မှတ်ချက် ချထားသည်။

"သို့ဖြစ်ရကား သံလွင်မြစ်၏အရှေ့ဖက်နှင့်အနောက်ဖက်တွင် ရှိကြသော ရှမ်းအမျိုးသားတို့၏အသံကွဲဘာသာစကားနှင့်အက္ခရာစာလုံးပုံတို့သည် သိသိသာသာ ကွဲပြားကြသည်။ ကျိုင်းတုံနယ်နှင့်ကျိုင်းရုံးကြီး(ကောင်းဟုင်း)နယ်များရှိ ဂုံ(ခွန်)နှင့်လူးတို့မှာ အပြင်ပ၏လွှမ်းမိုးမှုကို အနည်းဆုံးခံခဲ့ရသူများဖြစ်သည်။"

"ဂုံတို့၏အသံကွဲဘာသာစကားနှင့်အက္ခရာစာလုံးပုံတို့သည် သံလွင်မြစ်အနောက်ဖက်ရှိ ရှမ်းတို့၏စကား၊ အက္ခရာပုံတို့ထက် လော(လာအို)စကား၊ အက္ခရာပုံတို့နှင့်ပိုမိုနီးစပ်သည်။ လောတို့နှင့်မတူသောအချက်တစ်ချက်မှာ ဂုံတို့သည် ကမ္ဘောဒီးယားခေါ် ခမာယဉ်ကျေးမှုကို လောတို့ကဲ့သို့ တိုက်ရိုက်သော်၎င်း၊

ယိုးဒယားမှတစ်ဆင့်သော်၎င်း၊ လွမ်းမိုးခြင်း မခံရခြင်းပင် ဖြစ်သည်။ ခံရသည်ဆိုသည်တိုင်အောင် အနည်းငယ်မျှသာ ခံရခြင်းမျိုး ရှိမည်ဟုဆိုရပါမည်။"

"ဂုံစကားတွင် ဝ သို့မဟုတ် လဝစကားလွမ်းမိုးပါဝင်နေမှု အတော်များများ ရှိနေဟန်တူသည်။ ထိုင်ရှမ်းတို့မရောက်မီက ကျိုင်းတုံမြေပြန့်မှ တောင်ဘက်ဇင်းမယ်နယ်အထိ ဒေသမှာ ဝတို့၏ဒေသဖြစ်သည်။ (ထိုင်ရှမ်းတို့ရောက်လာမှ တောင်များပေါ်သို့ ရွှေ့ပြောင်းပေးခဲ့ကြရသည်။) ရှေးက ကျိုင်းတုံစော်ဘွားတို့ စော်ဘွားအဖြစ် ခံယူသည့်အခမ်းအနားတို့တွင် ဝအမျိုးသားနှစ်ဦးမှာ အစဉ်အလာအရ ပါဝင်ရစမြဲဖြစ်သည်။ (ဤအချက်က ကျိုင်းတုံမြေပြန့်ကို မူလက ဝတို့ပိုင်ဆိုင်ခဲ့ကြောင်းကို ညွှန်ပြနေဘိသကဲ့သို့ ရှိ၏)"

"သို့ဖြစ်၍ ဂုံတို့ကို လူးအမျိုးသားစုတွင် ပါဝင်ခဲ့သော အစိတ်အပိုင်းတစ်ခုဟုယူဆနိုင်သည်"

"မဲခေါင်နှင့်သံလွင်မြစ်တို့စပ်ကြား ကျိုင်းတုံနယ်တွင်ရှိနေသော ထိုင်ရှမ်းတို့သည် အမျိုးစုကိုလိုက်၍ မိမိတို့ကိုယ်ကို လူး၊ ခွန်(ဂုံ)၊ လေမ်ဟုအသီးသီးခေါ်ကြသည်။(ထိုင်းရှမ်းဟုခေါ်လိုခြင်း မရှိကြ)သံလွင်မြစ်အနောက်ဖက်ရှိ ရှမ်းတို့ကို သူတို့က ထိုင်ဟုခေါ်ကြသည်။ မိမိတို့မှာ ထိုထိုင်တို့နှင့်မည်သို့မျှ မတော်စပ်၊ အနွယ်အဆက်လည်း မရှိဟုဆိုကြသည်။ ကျိုင်းတုံမြေပြန့်တွင် သီးခြားရွာများနှင့်နေထိုင်ကြသောရှမ်းတရုပ်တို့ကို သူတို့က ထိုင်ခဲဟုခေါ်ကြသည်။ ထိုထိုင်ခဲတို့နှင့်လည်း မည်သို့မျှ မတော်စပ်ဟုဆိုကြသည်။

ကျိုင်းတုံဖြစ်စဉ်

ဤသည်ကား လွန်ခဲ့သောအနှစ် ၆၀ ကျော်က ရေးသားခဲ့သော ဂုံတို့၏ရင်းမြစ်နှင့်စပ်ဆိုင်သောအကြောင်းအချက်များ ဖြစ်သည်။ ကျိုင်းတုံမြေပြန့်၏အစောပိုင်းရာဇဝင်ကိုလည်း လေ့လာခွင့်ရခဲ့ပါသည်။ မြန်မာနိုင်ငံ၏အစောပိုင်းရာဇဝင်ကဲ့သို့ ဒဏ္ဍာရီဆန်နေသည်ကို တွေ့ရသည်။ သို့ဖြစ်၍ ဤဆောင်းပါးတွင် ချန်လှပ်ထားခဲ့ပါသည်။

တရုပ်အထောက်အထား

ကျိုင်းတုံနယ်သည် တရုပ်ပြည်နှင့်၁၄၀၅ အေဒီတွင် ရှေးဦးစွာ ဆက်ဆံခဲ့သည်ဟုတရုပ်မင်းဆက်ရာဇဝင်ကျမ်းတို့က ဆိုသည်။ သို့သော် ၁၃ ရာစုနှစ်များနောက်ပိုင်းလောက်ကတည်းက ကျိုင်းတုံနယ်ရှိခဲ့ကြောင်းကို ယွန်မင်းဆက်ရာဇဝင်ကျမ်းတို့အရ သိသာနိုင်၏။

ကျိုင်းတုံမြို့ တည်ထောင်လာပုံ

ဆာဂျော့စကော့၏ရေးသားချက်တို့မှ သိရသောကျိုင်းတုံနယ် တည်ထောင်လာပုံအကြောင်းမှာ ဤသို့ဖြစ်၏။

ဗူးသီးမှပေါက်ဖွားသည်ဆိုသော ဝတို့သည် ၁၁၂၉ အေဒီအထိ ကျိုင်းတုံနယ်ကို ကြီးစိုးခဲ့ကြ၏။ ၁၂၄၃ အေဒီတွင် ယိုးဒယားနိုင်ငံမြောက်ပိုင်းရှိ လန်နားတိုင်းပြည်မှ မင်ရိုင်မင်းသည် ဝတို့နယ်ကျိုင်းတုံကို အောင်နိုင်ခဲ့သည်။ ကျိုင်းတုံနယ်တွင် မြို့ရွာတည်ထောင်ရန် ဆောင်ရွက်ခဲ့သော်လည်း တိုးတက်မှုမရှိသဖြင့် ၁၂၅၃ အေဒီတွင် မိမိသားတော်တစ်ပါးနှင့်ရဟန်းတော်တစ်ပါးတို့ကို စေလွှတ်ခဲ့၍ အုပ်စိုးစေခဲ့သည်။

မုင်းခုင်းမှ ဖဇ အိမ်ထောင်

ရဟန်းတော်မှာ ယွန်းအမျိုးသား ဖြစ်သည်။ ကျိုင်းတုံနယ်တွင် ယွန်းအမျိုးသားတို့ အနေစကောင်း ယွန်းအမျိုးသားတို့က မအုပ်ချုပ်စကောင်းဟုအယူရှိနေကြသဖြင့် ရဟန်းတော်သည် မုင်းခုင်းနယ်သို့ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ လွှတ်ကာ ကျိုင်းတုံနယ်တွင် အခြေစိုက်နေထိုင်မည့်လူများကို ဖိတ်ခေါ်စေသည်။ မုင်းခုင်းနယ်မှအိမ်ထောင်စု ဖဇ အိမ်ထောင်တို့ ကျိုင်းတုံနယ်သို့ရွှေ့ပြောင်းနေထိုင်လာကြသည်။ ဤသူတို့မှာ အကျိုအဖြူ သို့မဟုတ် အနက်ကို ဝတ်သူများ ဖြစ်ကြသည်။ သူတို့သာလျှင် ကျိုင်းတုံနယ်တွင် နေထိုင်သူများ၊ ကျိုင်းတုံနယ်ကို အုပ်စိုးထိုက်သူများဟုအယူရှိကြသည်။ ဤလူစုမှ ဂုံအမျိုးသားတို့ဆင်းသက်ခဲ့သည်ဟုယုံကြည်ကြသည်။

မင်ရိုင်မင်း၏သားနှင့်ရဟန်းတော်တို့သည် ကျိုင်းတုံနယ်ကို ၁၂၅၃–၁၂၆၄ အေဒီအထိ အုပ်စိုးခဲ့သည်။ ယခုခေတ် ဂုံတို့၏ရှေးဘေးဘိုးကြီးများဟုဂုံတို့က ယုံကြည်နေသော ဤ ဖဇ အိမ်ထောင်စုသားတို့သည် ကျိုင်းတုံနယ်သို့လာရောက်သည်မှန်လျှင် ဤ ၁၂၅၃–၁၂၆၄ အေဒီ(၁၃ ရာစုနှစ်များအလယ်လောက်)က လာရောက်ခြင်းဖြစ်သည်ဟုဆိုရပါမည်။

ဂျပန်နှင့်ဆက်စပ်ပုံအယူ

ထူးခြားသောအခြားယုံကြည်ချက်တစ်ရပ်မှာ ကျိုင်းတုံနယ်ကို တိုးတက်အောင် ပြုလုပ်နိုင်သောပြင်ပမှလာရောက်သူတို့မှာ ဂျပန်တို့မှဆင်းသက်သူများဖြစ်ကြောင်း၊ ထိုလူစုမှာ တောင်ဖက်ယိုးဒယားနိုင်ငံဖက်မှလာကြောင်းဟူသော ယုံကြည်ချက်ပင်ဖြစ်သည်။ ဤယုံကြည်ချက်မှာ စိတ်ဝင်စားဖွယ်ကောင်းသည့်အားလျော်စွာ ဤဒေသဖက်သို့ ဂျပန်တို့မည်သည့်အချိန်က မည်ကဲ့သို့ ရောက်ရှိလာသည်ကို ရှာဖွေစုံစမ်းခဲ့ပါသည်။

ယိုးဒယားနှင့်ဂျပန်

ဤတွင် ယိုးဒယားနိုင်ငံ ပေါ်ပေါက်လာပုံကို အကျဉ်းအားဖြင့် ဖော်ပြမှရှင်းလင်းမည် ထင်ပါသည်။ ယိုးဒယားနိုင်ငံတွင် ထိုင်းရှမ်းတို့သည် ယေဘုယျအားဖြင့် မြောက်မှတောင်သို့ ဆင်းသက်ရွှေ့ပြောင်းသည်ဟုယုံကြည်ရပါသည်။ ယခုယိုးဒယားနိုင်ငံနယ်နိမိတ်အတွင်းသို့ မြောက်ဖက်မှဝင်လာခဲ့ပြီးနောက် ယိုးဒယားနိုင်ငံ၏မြောက်ဖက်စွန်တွင် ရှေးဦးစွာ ကျိုင်းသည်၊ ကျိုင်းရဲ၊ ကျိုင်းမဲ(ဇင်းမယ်)ကဲ့သို့သောနယ်များကို တည်ထောင်ခဲ့ကြသည်။ ထိုမှတစ်ဆင့် ယိုးဒယားနိုင်ငံအလယ်ပိုင်းတွင် သောက္ကတဲ(စခိုးထိုင်)၊ သဝဏ်ခလောက်၊ ကမာပိုက်(ကမ်ဖဲင်ဖက်)ကဲ့သို့သော မြို့ကြီးများပေါ်ပေါက်လာသည်။ ထို့နောက် တောင်ဖက်သို့တစ်ဆင့်တိုးကာ အယုဒ္ဓယမြို့ကို တည်ထောင်ခဲ့ကြသည်။ အယုဒ္ဓယကို တည်ထောင်သည့်နှစ်မှာ ၁၃၅၁ အေဒီဖြစ်သည်။

အယုဒ္ဓယမင်းဆက်၏မင်းတစ်ပါးဖြစ်သော ဧကထောက်စရောတ်မင်းလက်ထက်(၁၆၀၅–၁၆၁၀ အေဒီ)တွင် ဂျပန်အမြောက်အများ ယိုးဒယားနိုင်ငံသို့ ရောက်လာခဲ့သည်။ ယိုးဒယားတို့က ကောင်းမွန်စွာလက်ခံကြရုံသာမက ယိုးဒယားမင်း၏ကိုယ်ရံတော်တပ်၌ပင် အမှုထမ်းစေသည်။ ကိုယ်ရံတော်တပ်မှူးမှာ ဂျပန်အမျိုးသား ယမဒါ နဂမစ ဖြစ်သည်။ ယမဒါသည် တဖြည်းဖြည်း တန်ခိုးကြီးလာသည်။ သူ၏အကြံ

ပေးချက်အရ ယိုးဒယားမင်းသည် ဂျပန်နိုင်ငံ ရှိဂန်အိယေယေစု ယိနမိုတိုနှင့်မဟာမိတ်အဖြစ် ဆက်သွယ်ခဲ့သည်။

ဂျပန်တို့ ပုန်ကန်ခြင်း

ဧကထောက်စရောတ်မင်းကို ဆက်ခံသော စောင်ထမ်မင်းလက်ထက်တွင် ဂျပန်တို့ပုန်ကန်ထကြွကြသည်။ ရက်စက်စွာ ထိုးခုတ်သတ်ဖြတ်၍ မြို့တော်ကို တိုက်ခိုက်ဖျက်ဆီးလုယက်ကြသည်။ အဖိုးတန်ရတနာအမြောက်အများကို လုယက်ယူဆောင်ပြီးနောက် ဂျပန်သူပုန်တို့သည် ဖက်ဗူရီမြို့သို့ဆုတ်ခွာကာ အခိုင်အမာနေကြသည်။ ယမဒါသည်လည်း မင်းဧကရာဇ်တစ်ဆူကဲ့သို့ ပြုမူကျင့်ကြံခဲ့သည်။ သို့ရာတွင် ယိုးဒယားမင်းသည် စစ်သည်အင်အား မြောက်များစွာဖြင့် ဖက်ဗူရီမြို့ကို တိုက်ခိုက်၍ ဂျပန်သူပုန်တို့ကို မောင်းနှင်ထုတ်ခဲ့၏။

ဤသည်မှာ ယခုထိ သိရသမျှ ယိုးဒယားနိုင်ငံသို့ အင်အားအတော်များစွာဖြင့် ရှေးဦးစွာ ရောက်ခဲ့သော ဂျပန်တို့၏အကြောင်းဖြစ်သည်။ ကျိုင်းတုံသို့မုင်းခုင်းမှ ၆၉ အိမ်ထောင်ရောက်ခဲ့သော ၁၃ ရာစုနှစ်အလယ်ခန့်ကာလနှင့်သော် နှစ်ပေါင်း ၃၅၀ ခန့်နောက်ကျနေပေသည်။ မုင်းခုင်းမှ ၆၉ အိမ်ထောင်သားတို့မှာ သို့မဟုတ် ကျိုင်းတုံသို့ ၁၃ ရာစုနှစ်များအလယ်လောက်တွင် လာရောက်နေထိုင်သူတို့မှာ ဂျပန်တို့မှ ဆင်းသက်သူများဖြစ်သည်ဆိုလျှင် ဤယမဒါ၏ဂျပန်တို့မှ ဆင်းသက်သူများမဖြစ်နိုင်ပေ။

ဒဏ္ဍာရီကြောင့် ဂုဏ်မနိမ့်ကျစေလို

ယမဒါတို့ထက်စော၍ ယိုးဒယားသို့ရောက်သောဂျပန်များ ရှိသေးသလော။ ကျိုင်းတုံကိုတည်ထောင်သည့်ခေတ်နှင့်ညီရအောင်ဆိုလျှင် ၁၃ ရာစုနှစ်များ၏ပထမပိုင်းလောက်တွင် ယိုးဒယားသို့ ဂျပန်များရောက်ပြီးဖြစ်နေရပေမည်။ ယိုးဒယားမဟုတ်သည်တိုင်အောင် အာရှတိုက်အရှေ့တောင်ပိုင်းတစ်နေရာရာသို့ ထိုအချိန်က ဂျပန်များ ရောက်နှင့်ပြီးဖြစ်ရပေမည်။ ၁၃ ရာစုနှစ်များအလယ်လောက်တွင် ဂျပန်နိုင်ငံ၏အခြေအနေသည် မည်သို့ရှိ၍ ပင်လယ်ရပ်ခြား မည်သည့်ဒေသများသို့ဂျပန်တို့ ထွက်ခွာခဲ့သည်။ အာရှအရှေ့တောင်ပိုင်းသို့ ဂျပန်တို့ရောက်ခဲ့သလော။ ရောက်ခဲ့သည်ဆိုလျှင် မည်သည့်ခိုင်လုံသော အထောက်အထားများရှိသနည်းဟူသောအချက်တို့မှာ နိုင်ငံသမိုင်း၏အမှန်တရားကို ရှာသူတို့ရင်ဆိုင်ရမည့်မေးခွန်းများ ဖြစ်ပေသည်။ ခိုင်လုံသော အထောက်အထားမရှိပါက ရာဇဝင်မဖြစ်နိုင်တော့ပေ။ စိတ်ကြိုက်ပြောသောဒဏ္ဍာရီသာ ဖြစ်ပေမည်။

အထောက်အထား ခိုင်လုံမှုသည် အခရာ

မည်သို့ပင်ဖြစ်စေ၊ ဂျပန်မှ ဂုံတို့ဆင်းသက်သည်ဆိုသော အဆိုပြုချက်၊ သို့မဟုတ် ယုံကြည်ချက်အတွက် သုတေသနဆက်လက်ပြု၍ အထောက်အထားများကို ထပ်မံရှာဖွေရန် လိုပေသေးသည်။ ဂုဏ်ယူဖွယ်ကောင်းသောဂုံလူမျိုးတို့၏သမိုင်းကို ဒဏ္ဍာရီလုပ်ပစ်ခြင်းတို့ဖြင့် ဂုံတို့၏ဂုဏ်ကို မနိမ့်ကျစေလိုသောကြောင့် ဖြစ်ပေသည်။

ယဉ်ကျေးသိမ်မွေ့၍ ဖော်ရွေလှသောဂုံအမျိုးသားတို့ကို စစ်အတွင်းက နဖူးတွေ့ ဒူးတွေ့ တွေ့ခဲ့ရသော ဂျပန်တို့နှင့်မည်သို့မျှ ဆက်စပ်၍ မရနိုင်ပါဟုညည်းညူခဲ့သောမိတ်ဆွေတစ်ဦး၏ညည်းသံကို သတိရမိပါ

သည်။ စစ်ဦးဘီလူးဂျပန်တို့နှင့်ဂျပန်တစ်မျိုးလုံးကို စံထိုး၍ မရနိုင်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်ကို လည်း ပြန်လည်သတိရမိပါသည်။ မည်သို့ပင်ဖြစ်စေ၊ အကျိုးနှင့်အကြောင်းကို ဆက်စပ်ပြီးမှ လက်ခံယုံကြည်ပြီးမှ လက်ခံယုံကြည်နိုင်သောသိပ္ပံပညာထွန်းကားသည့်ဤခေတ်တွင် ခိုင်လုံသောအထောက်အထား သည်သာလျှင် အခရာ ဖြစ်ပေသည်။

လုံးဝအဓိပ္ပါယ်မရှိဟုဆိုသူ

ထိုင်ရှမ်းနှင့်ယိုးဒယားတို့၏ရာဇဝင်နှင့်ယဉ်ကျေးမှုတို့ကို နှစ်ရှည်လများ သုတေသနပြုခဲ့သူ ယိုးဒယားနိုင်ငံ၏သုတေသနအသင်းဖြစ်သော ဗန်ကောက်မြို့ ယိုးဒယားအသင်းကြီး၏ဒုတိယဥက္ကဋ္ဌဖြစ်ခဲ့ဖူးသူ အောက်၊ စိုင်ဒဲန်ဖဒဲန်ဆိုသူ ပညာရှိက ဤယူဆချက်နှင့်စပ်လျဉ်း၍ သူ၏ "ထိုင်လူမျိုးများ"(The Thai Peoples) ဆိုသောစာအုပ်တွင် ဤသို့ရေးသားထား၏။

"ထိုင်ခွန်(ဂုံ)တို့သည် လူးတို့ထက် အရပ်အမောင်း ပိုကောင်း၍ ရုပ်ရည်ပိုမိုသန့်ပြန့်သည်။ သူတို့သည် ဂျပန်လူမျိုးမှဆင်းသက်သည်ဟုအပိုင်ဆိုကြသည်။ (အံ့ဩသည့်အမှတ်လက္ခဏာ)ဤသည်မှာ အမှန်အားဖြင့် လုံးဝအဓိပ္ပါယ်မရှိပေ။ ဂုဏ်သိန်နေသူတစ်ဦးသည် မိမိဂုဏ်ကို မြှင့်တင်နိုင်ရေးအတွက် ဂုဏ်မြင့်သူ၊ ဂုဏ်ကြီးသူ မည်သူမည်ဝါနှင့်မည်သို့ အမျိုးတော်စပ်သည်။ မည်သို့ကျွမ်းကျင်သည်စသည်ဖြင့် ပြောတတ်သည်ကို တွေ့ရတတ်ပါသည်။

ဂုဏ်မြင့်နေပြီဖြစ်သော ဂုံများ

ချစ်စဖွယ်ကောင်းသော ပြည်ထောင်စုသားဂုံအမျိုးသားတို့မှာ လူမှုရေး၊ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှု၊ စာရိတ္တတို့တွင် ကျွန်တော်၏အမြင်၌ ဂုဏ်မြင့်နေသူများ ဖြစ်ပါသည်။ ပြည်ထောင်စုသားအားလုံးတို့က ဂုဏ်ယူဖွယ်ရာ၊ မြတ်နိုးဖွယ်ရာဖြစ်သောဂုဏ်မြင့်မှုဟုယူဆပါသည်။ ဤကား အရည်အသွေးကောင်းများ ဖြစ်ပါသည်။ လက္ခဏာကောင်းများလည်း ဖြစ်ပါသည်။ ဤအရည်အသွေးကောင်းနှင့်လက္ခဏာကောင်းတို့မှာ ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ရှေးကျသော မူပိုင်အရည်အသွေးနှင့်လက္ခဏာများ ဖြစ်သည်။ ဂုံတို့ကဲ့သို့ အမြတ်တနိုး ဂုဏ်ယူဖွယ်ကောင်းသောပြည်ထောင်စု၏အခြားတိုင်းရင်းသားတို့လည်း ရှိနေပေသည်။ ဤအရည်အသွေးတို့မှာ ပြည်ထောင်စုသားတို့၏မူရင်းမူပိုင် အရည်အသွေးများ ဖြစ်သည်ကို ဂုံတို့အကြောင်း စိတ်ဝင်စားစွာ လေ့လာရာမှ ထပ်မံ၍ သဘောပေါက်မိပါသည်။

အခါအခွင့်သင့်ပါက အထက်တွင်ဆိုခဲ့သော ဂုံအမျိုးသားတို့၏မူရင်းလူမှုရေး၊ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးစံတို့အကြောင်းကို ကိုယ်တွေ့မျက်မြင် လေ့လာခဲ့ရ၍ စိတ်တွင် စွဲမြဲခံယူခဲ့ရသည့်အတိုင်း ဆက်လက်၍ ရေးသားဖော်ပြလိုပါသည်။

အုပ်စိုးသူအရှင်သခင်တို့၏အပေါ်စီး အမြတ်ထုတ်မှုမှလွတ်လပ်ခဲ့၍ ဆိုရှယ်လစ်လူ့ဘောင်တွင် အခွင့်အရေးအပြည့်အစုံနှင့်ချဉ်းနင်းဝင်ရောက်နေပြီဖြစ်သော ချစ်ခင်မြတ်နိုးဖွယ်ကောင်းလှသည့်ပြည်ထောင်စုအရှေ့စွန်းမှ ပြည်ထောင်စု၏သားကောင်းများဖြစ်ကြသော ဂုံအမျိုးသားတို့နှင့်ဂုံအမျိုးသမီးတို့သည် ဂုဏ်တက်သည်ထက် တက်ကြ၍ တိုးတက်ကြီးပွားကြသည်ဖြစ်ပါစေဟူ၍ ဆန္ဒပြုမိပါတော့သည်။

မှတ်ချက်။ ။၁၉၆၅-ခုနှစ်၊ မတ်လထုတ် အမှတ်(၅၇) ငွေတာရီမဂ္ဂဇင်း စာမျက်နှာ(၁၆၇ မှ ၁၇၃)တွင်ပါသောဆောင်းပါးကို ပြန်လည်၍ စာစီရိုက်ထားပါသည်။

သိမှတ်ဖွယ်ရာ ချင်းတိုင်းရင်းသားတို့၏အပျိုလူပျိုဘဝ

လွှင်လွှင်မွန်

သိမှတ်ဖွယ်ရာ ချင်းတိုင်းရင်းသားတို့၏ အပျိုလူပျိုဘဝ

လွင်လွင်မွန်

၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ၊ ဆောင်းရာသီကာလ၏ အအေးဒဏ်ကို ကြံ့ကြံ့ခံရင်း ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနမှ ပါမောက္ခဦးဆောင်သော ဆရာမများသည် ချင်းတိုင်းရင်းသားတို့၏ လူမှုစီးပွားရေးဘဝကို သုတေသနပြုလေ့လာရန် ချင်းပြည်နယ်မြောက်ပိုင်း၊ ဟားခါးမြို့နယ်၊ ဖလမ်းမြို့နယ်နှင့်တီးတိန်မြို့နယ်များသို့ သွားရောက်ခဲ့ကြပါသည်။

ထိုသို့ လေ့လာသုတေသနပြုရခြင်း၏ အဓိကရည်ရွယ်ချက်မှာ တိုင်းရင်းသားအချင်းချင်း စည်းလုံးချစ်ခင်မှုကို တိုးပွားစေရန်နှင့်တစ်ဦး၏ ယဉ်ကျေးမှုကို တစ်ဦးက သိရှိနားလည်ပြီး အပြန်အလှန် လေးစားတန်ဖိုးထားတတ်စေရန် ဖြစ်ပါသည်။

စာရေးသူအပါအဝင် သုတေသနအဖွဲ့အနေနှင့် ချင်းပြည်နယ်မြောက်ပိုင်းနေ ချင်းတိုင်းရင်းသားတို့အား လေ့လာခဲ့ကြရာတွင် မနုဿဗေဒသီအိုရီများဖြစ်သည့်လုပ်ငန်းမူတည်သီအိုရီ(Funtionalism)၊ သမိုင်းကြောင်းကို အခြေခံ၍ လေ့လာသော သီအိုရီ(Historicalism)၊ ယဉ်ကျေးမှုကို ပုံဖော်သော သီအိုရီ (Cultural Configuralism)နှင့်ခေတ်လွန်အတွေးအခေါ်ဆိုင်ရာသီအိုရီ(Post Mordernism)စသည်တို့ကို အခြေခံ၍ သုတေသနပြုခဲ့ကြပါသည်။

ချင်းတိုင်းရင်းသားတို့၏ အပျိုလူပျိုဘဝအကြောင်းကို လေ့လာကြည့်သောအခါ ဒေသအလိုက် အနည်းငယ် ကွဲပြားကြသည်။ ပထမဦးစွာ ဟားခါးမျိုးနွယ်ထဲမှ အဓိကအားဖြင့် လိုင်မျိုးနွယ်စုအကြောင်းကို လေ့လာခဲ့ပြီး အုပ်ချုပ်ရေးအရ စင်ထန်း၊ ဇိုခွားနှင့်မိအယ်ဟူ၍ သုံးမျိုးထပ်မံခွဲခြားနိုင်ကြောင်း တွေ့ရှိရပါသည် ဟားခါးမြို့ပေါ်နေ ချင်းတိုင်းရင်းသား၊ စင်ထန်းမျိုးနွယ်စုမှ လူပျိုများသည် တစ်အိမ်တက် တစ်အိမ်ဆင်း လူပျိုလှည့်ခြင်းဓလေ့ကို ယခုအခါ ကျင့်သုံးခြင်းမရှိတော့သော်လည်း ယခင်အချိန်များနှင့်ရွာဘက်တွင် နေထိုင်သူများ ကျင့်သုံးခဲ့ကြသည်။ အပျိုလူပျိုဂေဟာသဘောမျိုး ရွာထဲနှင့်မြို့ပေါ်၌ မရှိကြပေ။ ယခင်ကမူ လူပျိုအများသဘောကျသော အမျိုးသမီးတစ်ဦးတည်း၏ အိမ်တွင် လူပျိုများ စုအိပ်ကြသောဓလေ့ ရှိခဲ့ကြသည်။ ထို့ပြင် စုဝေးရာအိမ်တွင် ညမိုးချုပ်သောအချိန်၌ စုဝေးကြပြီး သီချင်းဆိုကြခြင်း၊ ကခုန်ခြင်း၊ မောင်း၊ ဗုံစသည်တို့ တီးမှုတ်ခြင်းများ ပြုလုပ်လေ့ရှိကြသည်။ ပုလွေကို သိပ်မသုံးကြပေ။ ယခုခေတ်တွင်မူ ဂီတာတီး၍ လူပျိုလှည့်လေ့ရှိကြသည်။ ထို့ပြင် ချင်းဘာသာစကား၊ ဗမာစကား၊ အင်္ဂလိပ်စကားဖြင့် ခေတ်ပေါ်သီချင်းများ၊ ရှေးရိုးရာသီချင်းများကို သီဆိုကြသည်။ ကဗျာ၊ လင်္ကာ၊ စကားထာဝုက်၍ ပြောဆိုပြီး လူပျိုလှည့်လေ့ရှိကြသည်။ ထို့အပြင် ငွေကြေးချမ်းသာသူ ချင်းတိုင်းရင်းသားတစ်ဦးမှ ဦးဆောင်၍ (၅)ရက်တိုင်တိုင် ကျင်းပသော ဘွေသဲ(Bawite)ပွဲတော်၊ (၇)ရက်ကျင်းပရသော ခေါင်ကျွဲပွဲတော်၊ သီးနှံမျိုးအောင်ပွဲ(သို့မဟုတ်)ချင်းအခေါ် ရူမ်းဆွမ်သုပွဲတော်၊ သားကောင်အကြီးမပစ်ခင် ကြိုတင်ဆုတောင်းပွဲ(သို့မဟုတ်)ချင်းအခေါ် ပဆုမ်ရယ်ပွဲတော်၊ ကျားပစ်၍ အောင်နိုင်သောပွဲတော်၊ နှစ်သစ်ကူးပွဲတော်၊ အိမ်သစ်တက်ပွဲတော်၊ ကောက်ရိတ်သိမ်းပွဲတော်၊ တောင်ယာမီးရှို့ပွဲတော် စသည့်ပွဲတော်များနှင့်တောင်ယာအတူတူ လုပ်ကိုင်ကြရင်း အပျိုလူပျိုများ တွေ့ဆုံရင်းနှီးခွင့်ရကြပေသည်။ ရှေးခေတ်အခါက လူပျိုအပျိုခေါင်းဆောင်များ ရှိကြသည်။ ထိုခေါင်းဆောင်သူသည် အပျို(သို့မဟုတ်)လူပျို ဖြစ်ရမည်။ အများကို ဦးဆောင်နိုင်သူ ဖြစ်ရပေမည်။ များသောအားဖြင့် ချင်းတိုင်းရင်းသားအပျို လူပျိုများကို ငယ်ရွယ်စဉ်ကတည်းက လူကြီးချင်း စေ့စပ်ထားတတ်ကြပြီး မျိုးနွယ်စုတူသူချင်း ယူလေ့ရှိသည်။ ယခုခေတ်အခါတွင်မူ မိမိတို့ကြိုက်နှစ်သက်ရာကို ယူကြပေသည်။ လက်မထပ်မီ အပျိုလူပျိုဘဝကို ထိန်းသိမ်းကြကြောင်း လေ့လာတွေ့ရှိရသည်။

ချင်းပြည်နယ်၊ ဖလမ်းမြို့နေ ချင်းတိုင်းရင်းသား ဇံညက်မျိုးနွယ် အပျိုလူပျိုဘဝမှာလည်း တစ်မျိုးစိတ်ဝင်စားစရာကောင်းနေပါသည်။ ထိုအပျိုလူပျိုဘဝများသည်လည်း ထိမ်းမြားမင်္ဂလာပွဲ၊ အသုဘပွဲ၊ နှစ်သစ်

ကူးပွဲ၊ ကောက်ရိတ်သိမ်းပွဲ(ခေါ်)လောင်ပွေး၊ အိမ်သစ်တက်ပွဲ၊ တွန်လှမ်(ခေါ်)အခြားပွဲလမ်းသဘင်များတွင် လည်းကောင်း၊ တောင်ယာစုပေါင်းလုပ်ကိုင်ကြရင်းလည်းကောင်း တွေ့ဆုံရင်းနှီးခွင့် ရကြသည်။ သီးသန့်အ ပျိုလူပျိုလှည့်ခြင်း မရှိကြပါ။ တစ်ခါတရံ တောင်ယာအသွားအပြန်ခရီး၌ စုပေါင်း၍ သီချင်းများ သီဆိုကြ ကြောင်း လေ့လာတွေ့ရှိရသည်။ ထူးခြားချက်မှာ အပျိုတစ်ချို့ ဆေးရွက်ငုံသောဓလေ့၊ ဆေးရည်သောက်သော ဓလေ့ ရှိကြသည်။ ထို့ပြင် ဆေးလိပ်ကို အပျိုကလိပ်ပြီး လူပျိုအား လက်ဆောင်ပေးပါက ထိုသူက ကြိုက်နှစ် သက်ကြောင်း ပြသသည့်သဘောကို ဆောင်ပါသည်။

ချင်းတိုင်းရင်းသား ဟွာငိုမျိုးနွယ် အပျိုလူပျိုများမှာမူ တောင်ယာအပြန် ညဘက် ထမင်းစားပြီးချိန် များတွင် လူပျိုလှည့်လေ့ရှိကြသည်။ အများအားဖြင့် အုပ်စုလိုက် သီချင်းဆိုခြင်း၊ ပုလွေမှုတ်ခြင်း စသည့်ဓလေ့ ရှိကြပြီး ယခုခေတ်တွင်မူ ဂစ်တာတီးခြင်း ရှိကြသည်။ တစ်ခါတရံတွင်မူ တစ်ဦးချင်းလူပျိုလှည့်တတ်ကြသည် ကဗျာ၊ လက်ီစပ်ခြင်း၊ စကားထာဝှက်ခြင်း မရှိပါ။ ပွဲတော်များမှာ လူပျိုအပျို တွေ့ဆုံရင်းနှီးနိုင်ပါသည်။

ချင်းတိုင်းရင်းသား ဆိမ်(Sim)မျိုးနွယ်များမှာမူ ရွာ၏အလယ်၌ လူပျိုများ ညဘက်တွင် စုအိပ်ကြ သည်။ နေ့အချိန်တွင်မူ မိဘများအိမ်၌ နေကြသည်။ အုပ်စုလိုက် လူပျိုလှည့်ခြင်းဓလေ့ရှိကြပြီး သီချင်းဆိုခြင်း၊ ဗုံတီးခြင်း၊ ပုလွေမှုတ်ခြင်း၊ ချင်းရိုးရာသီချင်းစကားထာဝှက်ခြင်းမျိုးလည်း ရှိကြသည်။ ကဗျာလက်ီရွတ်ဆို ခြင်းမျိုးလည်း ရှိကြသည်။ မိန်းကလေးအပျို၏မိဘများရှေ့တွင် လည်ကြရပြီး ခေါင်ရည်ဖြင့် ဧည့်ခံကြသည်။ ပွဲတော်များနှင့်တောင်ယာများတွင် တွေ့ဆုံရင်းနှီးခွင့်ရကြသည်။ များသောအားဖြင့် အသက်(၁၈)နှစ်မှ (၂၃) နှစ်ကြားတွင် အိမ်ထောင်ပြုလေ့ရှိကြသည်။

ချင်းတိုင်းရင်းသားဇာဟာအို(ဇာဟောင်)မျိုးနွယ်တို့မှာမူ အပျိုလူပျိုဂေဟာဟူ၍ မရှိပဲ သဘောကျ သော အပျိုတစ်ဦး၏အိမ်တွင် လူပျိုများစု၍ အိပ်ခြင်းမျိုးသာ ရှိကြသည်။ စုရပ်အဖြစ် ရွာ၏အလယ်တွင် တဲ ထိုး၍ ထိုင်ခုံများ စုထိုင်ကြသည်။ အပျိုအိမ်သို့ သွားလည်တတ်ကြသည်။ တောင်ယာအပြန် ထမင်းစားပြီးချိန် ညဘက်၌ လူပျိုလှည့်လေ့ရှိသည်။ လမ်းလွှဲခေါ်ကြိုးတပ်တူရိယာတစ်မျိုးဖြင့် တီးမှုတ်လေ့ရှိကြပြီး သီချင်း မဆိုပါ။ ပုလွေကို တောင်ယာ၌ မှုတ်လေ့ရှိကြပြီး အိမ်မှာမူ မှုတ်သောဓလေ့ နည်းပါးသည်။ တစ်ခါတရံ ဗုံ မောင်းတီး၍ သီချင်းဆိုကြသည်။ လူပျိုများစု၍ ဝယ်လာသောခေါင်ရည်အိုးကို အလယ်၌တည်၍ စုဝေးသီဆို ကခုန်ကြသည်။ မိန်းကလေးအပျိုအိမ်မှ ခေါင်ရည်ဖြင့် ပြန်လည်ဧည့်ခံတတ်သည်။ ကဗျာလက်ီသီဆိုခြင်း မရှိ ပေ။ ပွဲတော်များ၌ အပျိုလူပျိုများ တွေ့ဆုံရင်းနှီးကြသည်။ ရှေးအခါက မိဘပေးစားခြင်းကို ယူခြင်းက များ သည်။ ချစ်ကြိုက်လျှင်လည်း လူကြီးသဘောတူမှ လက်ထပ်ကြသည်။ မိဘများအနေနှင့် အပျိုမှာ ရုပ်ချော၍ အလုပ်ကြိုးစားပြီး ပြောဆိုပုံလည်းကောင်းပါက မိမိတို့၏သားအတွက် မိဘက တောင်းပေးလေ့ရှိကြသည်။ စုန်းကဝေယုံကြည်ကြ၍ စုန်းကဝေမျိုးရိုးဟု သံသယရှိပါက ရှောင်ကြဉ်ကြသည်။ သူခိုးမျိုးရိုး၊ ရောဂါဆိုးရှိ သောမျိုးရိုးများကိုလည်း ရှောင်ကြဉ်ကြသည်။ အပျိုစင်ဘဝကို ထိန်းသိမ်းကြပြီး သန့်သန့်ရှင်းရှင်း နေထိုင် ကြသည်။ ကျူးလွန်ခဲ့ပါက လျော်ကြေးအဖြစ် ခေါင်ရည်အိုး(၅)လုံး၊ ဆပ်ဆန်(၇)ပြည်(တစ်ပုံး)၊ ဝက်လက် လေးဆုတ်(၁)ကောင်၊ ဆားတစ်ပိသာတို့ကို ပေးလျော်ရသည်။ ကျူးလွန်ပြီး မယူချင်ပါက လုံးခင်(ခေါ်)နာ မည်ပျက်ခအဖြစ် (၂၅)ရူပီးလျော်ရသောဓလေ့ ရှိကြောင်း၊ ရှေးအခါက ကျင့်သုံးကြကြောင်း လေ့လာတွေ့ရှိရ သည်။

ချင်းတိုင်းရင်းသား ခွာလ်စိမ်(Khaulsim)မျိုးနွယ်များတွင် အပျိုလူပျိုဂေဟာ မရှိပေ။ အပျိုအိမ်ကို လူပျိုများစု၍ လူပျိုလှည့်ခြင်း၊ တစ်ဦးစီ လူပျိုလှည့်ခြင်းတို့ ရှိကြသည်။ စုပေါင်း၍ သီချင်းသီဆိုတတ်ကြသော် လည်း တူရိယာအသုံးပြုခြင်း မရှိကြပေ။ ကဗျာလက်ီ စပ်ဆိုခြင်း၊ စကားထာဝှက်ခြင်းဓလေ့မျိုးလည်း မရှိ ကြပေ။ ညဘက်တိုင်း လူပျိုလှည့်လေ့ရှိသော်လည်း အပျိုဘက်မှ ပြန်လည်၍ ခေါင်ရည်ဖြင့် ဧည့်ခံခြင်းဓလေ့ မရှိကြပေ။ အပျိုလူပျိုများသည် ပွဲတော်များနှင့်တောင်ယာများ၌ တွေ့ဆုံရင်းနှီးခွင့်ရကြသည်။

ချင်းတိုင်းရင်းသား လင်သဲမျိုးနွယ်ဝင် အပျိုလူပျိုများသည် အပျိုလူပျိုဂေဟာဟူ၍ မရှိသော်လည်း အပျိုဧ၏အိမ်တွင် လူပျိုများ စုဝေး၍ အိပ်သောဓလေ့ရှိခဲ့ကြသည်။ တစ်ဦးချင်းအလိုက်၊ အုပ်စုအလိုက် လူပျိုလှည့်လေ့ရှိကြပြီး သီချင်းသီဆိုခြင်း၊ ဗုံ ပုလွေ ဂီတာ တီးမှုတ်ခြင်းဓလေ့ ရှိကြသည်။ အပျိုဘက်မှ ခေါင်ရည်ဖြင့် ဧည့်မခံကြပေ။ အပျိုလူပျိုများသည် တောင်ယာတွင် အလှည့်ကျလုပ်အားပေးရင်း တွေ့ဆုံရင်းနှီးကြသည် ပွဲတော်များတွင်လည်း တွေ့ဆုံကြသည်။

ချင်းတိုင်းရင်းသား ဆွန်ထလာမျိုးနွယ်ဝင်များတွင် အပျိုလူပျိုဂေဟာဟူ၍ မရှိဘဲ အပျိုအိမ်တစ်အိမ်တွင် လူပျိုများ စုအိပ်သောဓလေ့ ရှိကြသည်။ အပျိုအိမ်သို့ ညဘက် တစ်ဦးချင်းစီ လူပျိုလှည့်ကြသည်။ သီချင်းဆိုခြင်း၊ ဗုံတီးခြင်း၊ ဂီတာတီးခြင်း၊ စကားထာဝှက်၍ ကဗျာလင်္ကာရွတ်ဆိုခြင်းမျိုး မရှိသကဲ့သို့ ခေါင်ရည်ဖြင့် ပြန်လည်ဧည့်ခံခြင်းမျိုးလည်း မရှိကြပေ။ ပွဲတော်များနှင့်စုပေါင်းတောင်ယာများတွင် တွေ့ဆုံကြကြောင်း လေ့လာတွေ့ရှိရသည်။

ချင်းတိုင်းရင်းသား လှောန်ကျဲအိုမျိုးနွယ်များတွင် အပျိုလူမျိုဂေဟာမရှိသော်လည်း အပျိုတစ်ဦး၏အိမ်တွင် လူပျိုများစု၍ အိပ်သောဓလေ့ ရှိကြသည်။ ညဘက်(၇)နာရီခန့်တွင် လူပျိုလှည့်ကြပြီး သီချင်းသီဆိုခြင်း၊ ဗုံ မောင်း ဝါးပုလွေ တီးမှုတ်ခြင်းတို့ကို ပြုလုပ်ကြသည်။ ရိုးရာနတ်ပူဇော်ပွဲ၊ ရိုးရာကပွဲ၊ ကောက်သစ်စားပွဲ၊ နှစ်သစ်ကူးပွဲ၊ အိမ်သစ်တက်ပွဲ၊ မင်္ဂလာပွဲ၊ အသုဘအခမ်းအနားများ၌ အပျိုလူပျိုများ တွေ့ဆုံကြသည်။

ချင်းတိုင်းရင်းသား ငေါန်မျိုးနွယ်များတွင် အပျိုလူပျိုဂေဟာ မရှိပေ။ အပျိုတစ်ဦးအိမ်တွင် လူပျိုများဝိုင်းစု၍ အိပ်သောဓလေ့ရှိကြသည်။ ညဘက်အချိန်တွင် သွားအိပ်ကြခြင်း များပါသည်။ လူပျိုလှည့်ရာတွင် သီချင်းမဆိုကြဘဲ စောင်းကောက်သဏ္ဌာန်တူရိယာ(ကြိုးတပ်တူရိယာ)တီးခြင်း၊ ပုလွေမှုတ်ခြင်းမျိုးကို တွေ့ရသည်။ တောင်ယာနှင့်ပွဲတော်များတွင် တွေ့ဆုံကြသည်။ အနီရောင်နှင့်အဖြူရောင်ပါသော ကြိုးတစ်မျိုးကို အပျိုဧ၏လက်ကောက်ဝတ်တွင် ဝတ်ပြထားပါက လူပျိုကို ပြန်လည်ကြိုက်နှစ်သက်ကြောင်း ပြသသည့်သဘောဖြစ်သည်။

ချင်းတိုင်းရင်းသား လိုင်ဇိမျိုးနွယ်များတွင်လည်း အပျိုလူပျိုဂေဟာဟူ၍ မရှိပေ။ အပျိုအိမ်တွင် လူပျိုများ စုအိပ်လေ့ရှိသည်။ ညနေပိုင်းတွင် တစ်ဦးချင်းစီ လူပျိုလှည့်လေ့ရှိပြီး သီချင်းသီဆိုခြင်း မရှိကြပါ။ ခေါင်ရည်ဖြင့် ပြန်လည်ဧည့်ခံခြင်း မရှိပါ။ တောင်ယာနှင့်ပွဲတော်များတွင် လွတ်လပ်စွာ တွေ့ဆုံခွင့်ရကြပေသည်။

တီးတိန်မြို့နေ ချင်းတိုင်းရင်းသား ဆီးယင်းမျိုးနွယ် အပျိုလူပျိုများတွင် အပျိုလူပျိုဂေဟာဟူ၍ မရှိသော်လည်း ရှေးအခါက ရွာဧ၏အလယ်ရှိ ကျယ်ဝန်းသောအိမ်တစ်အိမ်ကို ရွေးပြီး လူပျိုများစု၍ အိပ်တတ်ကြသည်။ လူပျိုတစ်ဦးချင်းစီ အပျိုအိမ်သို့ ည(၈)နာရီခန့်တွင် လူပျိုလှည့်လေ့ရှိကြသည်။ သီချင်းသီဆိုကြခြင်း မရှိကြပါ။ အပျိုဖြစ်သူက လူပျိုကို ပြန်၍ကြိုက်လျှင် ဆေးလိပ် လိပ်ပြီး တည်ခင်းဧည့်ခံတတ်ကြသည်။ မကြိုက်ပါက ဆေးလိပ်မပေးပေ။ တစ်ခါတရံ အပျိုလူပျို မေတ္တာသက်ဝင်ပါ က ငုံသောဆေးရည်ကို ဘူးလေးထဲ ထည့်ကာ အပြန်အလှန် ဖလှယ်၍ ပေးတတ်ကြသည်။ အပျိုလူပျိုများသည် ရာသီအလိုက် ပွဲတော်များနှင့် တောင်ယာများတွင် လွတ်လပ်စွာ တွေ့ဆုံရင်းနှီးခွင့် ရကြသည်။

တီးတိန်မြို့နေ ချင်းတိုင်းရင်းသား ဆိုင်းဇံမျိုးနွယ်များ၏အပျိုလူပျိုဘဝမှာမူ တစ်မျိုးစိတ်ဝင်စားစရာကောင်းလှပါသည်။ ဆိုင်းဇံမျိုးနွယ်များနေသော ဆိုင်းဇံရွာဟောင်းလည်း ရှိပါသည်။ ထိုရွာတွင် လူပျိုဂေဟာသဘောမျိုးအနေဖြင့် လူပျိုများစု၍ နေသောအိမ်၊ ချင်းအခေါ် ဆုမ် ရှိကြသည်။ ထိုဆုမ်ကို ရွာထိပ်၊ ရွာအလယ်၊ ရွာအောက်ဟူ၍ သုံးနေရာခွဲ၍ ရွာအလိုက်၊ ရပ်ကွက်အလိုက် ထားလေ့ရှိကြသည်။ များသောအားဖြင့် ယောကျ်ားလေ့ အသက်(၁၀)နှစ်ကျော်လျှင် ဆုမ်၌ သွားအိပ်ကြသည်။ မိန်းကလေးများအတွက်မူ မရှိပေ။ ညဘက်(၈)နာရီခန့်တွင် မိမိတို့ နှစ်သက်ရာ အပျိုအိမ်သို့ လူပျိုလှည့်လေ့ရှိကြသည်။ မိဘများအနေဖြင့် ကန့်

ကွက်စရာမရှိသောလူပျိုဖြစ်ပါက စောစောအိပ်ပြီး လွတ်လပ်စွာ စကားပြောဆိုခွင့်ပေးကြသည်။ မိမိတို့မနှစ်သက်ပါက မိဘများက ထိုင်နေတတ်ကြသည်။ ခေါင်ရည်ဖြင့် ပြန်လည်ဧည့်ခံခြင်း မရှိပါ။ သီချင်းဆိုခြင်း၊ ပုလွေတီးမှုတ်ခြင်း မရှိပါ။ ချစ်ရေးဆိုရာ၌ သီချင်းဖွဲ့၍ ပြောဆိုခြင်းမျိုးတော့ ရှိကြသည်။ မိန်းကလေးအပျိုက ပြန်ကြိုက်လျှင် ဆေးလိပ်အကောင်းစားဖြင့် လိပ်ပေးပြီး ဧည့်ခံလေ့ရှိသည်။ ချစ်ကြိုက်ကြပါက ဆေးရည်ငုံရန် အတွက် ဆေးရည်ဖြည့်ပေးပြီး အပျိုလူပျိုများသည် အပြန်အလှန် လဲလှယ်တတ်ကြကြောင်း လေ့လာတွေ့ရှိရသည်။

ချင်းတိုင်းရင်းသား၊ တီးတိန်မြို့နေ ဗန်းတဲ့တိုင်းရင်းသားမျိုးနွယ်များတွင်လည်း လူပျိုများစု၍ နေသော ဆုမ် ရှိသည်။ အပျိုအိမ်သို့ လူပျိုလှည့်လေ့ရှိကြပြီး အချင်းချင်း မေတ္တာသက်ဝင်ပါက ဆေးလိပ်လိပ်၍ လက်ဆောင်ပေးခြင်း၊ ဆေးရည်ငုံဘူးလဲလှယ်ကြခြင်း စသောဓလေ့များ ရှိကြကြောင်း တွေ့ရပါသည်။

ထိုသို့ နေရာဒေသအလိုက် အနည်းငယ်ကွဲပြားနေသော ချင်းတိုင်းရင်းသားတို့ အပျိုလူပျိုဘဝကို လေ့လာမှတ်သားရင်း အခြားတိုင်းရင်းသားအနေနှင့်ရှောင်ကြဉ်စရာဓလေ့များ၊ ဆောင်ထားစရာဓလေ့များကို သိရှိနားလည်ကြပြီး တိုင်းရင်းသားအချင်းချင်း ချစ်ခင်စည်းလုံးမှု၊ အပြန်အလှန် လေးစားတန်ဖိုးထားတတ်မှုများ တိုးပွားလာစေလိမ့်မည်ဟုယုံကြည်မျှော်လင့်မိပါသည်။

လွင်လွင်မွန်

မှတ်ချက်။ ။ရန်ကုန်တက္ကသိုလ် မဂ္ဂဇင်း ၂၀၀၇-၂၀၀၈ ခုနှစ် စာမျက်နှာ(၁၃၉ မှ ၁၄၂)ထိ၌ လာရှိသော ဆောင်းပါးကို ပြန်လည်၍ စာစီရိုက်ထားခြင်း ဖြစ်ပါသည်။

ပီပြင်သော ရနိုင်ဘုရင်များ၏ ရာဇဝင်

အင်းစစ်ကော်ရာဇဝင်

(က-ရင်)

(၁) နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿတ။ ၁။ ဘုရားပွင့်တော်မမူမီ၊ ဝါသုဒေ
(၂) ဒဝ၊ ဘလဒေဝ၊ ညီနောင် တကျိတ်တို့မှ စ၍၊ သမန္တရာဇ်တိုင်း၊ ရခိုင်ပြည် မင်းဆက်၊ မ
(၃) ဟာသမတလက်ထက်မင်းမှစ၍၊ များလှစွာသော မင်းတို့သည်၊ ဆိုင်ဆက်ဖွားများ၍ အသီ၊
(၄) အညွှန်ပြည်တွင်။ သဃသ်ာ မင်းပြုကြသည်။ မဟာ သဃ်ဿမင်း လက်ထက် နှမတော်
(၅) မင်းသမီး ဒေဝဟ္ဘတွင် မြင်သည့် သား ဝါသုဒေဝ၊ ဗလဒေဝ၊ အဂ္ဂိဒေဝ၊ ညီနောင်တ၊
(၆) ကျိတ်တို့သည် ဦးရီးတော် မင်းသဃသ်ာကို ဖျက်၍ ဒွါရာဝတီမြို့ကိုဝ် တိုက်ဖျက်လျှင်
(၇) မြို့စောင့် ဘီလူးမသည် မှည်ရောင် ဘံဆင်း၍ မြို့ကိုလိုင်လှိ(း)မည် သွားလျှင် သမုဒ္ဓ
(၈) ရာ ရေဝန်းလျက်ရှိသည် ထင်သောကြောင့် မရနိုင်၊ ရသေ့ထံ မေးလျှင် မြို့ဝ့်လိုင်ဘင်

(ကာ-ကြော)

(၁) ကို သဲကြိုဝ်းနှင့်တွဲ၍၊ သဲတင်းပုတ်ခတ်နှင့် တိုက်မှရမည်ဆိုသောကြောင့်
(၂) သဲကြိုးနှင့်တွဲ၍တိုက်လျှင် ရသည်။ မင်းသားညီနောင်တကျိတ်တို့သည်။
(၃) သဲတွဲမြို့တွင် မင်းပြုကြသည်နှင့် ရသေ့ကျေးဇူးကြောင့်သာ ရသည်ဟု ပြ
(၄) ည်သူတို့က ဆိုသည်ကို မခံနိုင်၍ ရသေ့ကို ဆောက်ဖူးလှင်းကန်ကျောက်နှင့် ပြ
(၅) စ်၍ ခါးတွင် ပုဆိုးခဲလျက်၊ ဘယ်ကာလ ဖွားမည်။ ချောဖျက်သော စကားကို
(၆) မေးလျှင်၊ ခုနစ်ရက်တိုင် ရောက်သည့်ကာလ၊ ရှားမီးစ ဖွားမည်၊ လက်နက်ဖြစ်
(၇) ၍ မင်းသားတို့ကိုဝ် ထိပါးဖျက်ဆီးမည်ဆိုလိုက်သည့်အတိုင်း ရှားမီးစ ဖွားသ
(၈) ည်။ ပြာပုံပြု၍ ရေမှာဖြစ်သည်နှင့် များမကြာ မင်းသားတို့ ရေကစားရာ

(ကာ-ရင်)

(၁) ပြာကပ်၍နေသော သစ်ခက်သစ်ရွက်တို့သည် ပြစ်မှားမိသမျှ လူတို့ကိုဝ် ထိခိုက်စူးသ့၍ သေကြေပျက်စီး
သည်။ ဝါသုဒေဝ၊ ဗလဒေဝ၊ နှမတော် အညွှန်ဒေဝီ၊ ဆရာပုဏ္ဏား၊ ငြဟ္မသုန္ဒြေ၊ လေးဦးသားတို့ သဲတွဲမြို့
(၂) မှာ မနေဝန်၍ မြောက်အရပ်သို့ဝ် ထွက်ပြေးလျှင်၊ ရာန်ဟောင်းရှိသော ဘီလူးသည်၊ ဗလဒေဝကု
လမ်းတွင် ဘန်းသုတ်သည့်နောက်၊ ဝါသုဒေဝမင်းကြီး မောပန်း၍ အိပ်နေရာ၊ မုဆိုးမြင်လျှင် သားမှတ်၍
ပြ
(၃) စ်သတ် သေဆုံးသည်။ မင်းသွီးနှင့် ပုဏ္ဏားကြ၍ ဝေသာလီကျောက်လှေကားမြို့သို့ ရောက်သည်။
ဝေသာလီမြို့တွင် မင်းမျိုးဖျက်၍ မင်းသွီးသာကျန်သည် ငြဟ္မသုန္ဒြေပုဏ္ဏားနှင့် မင်းသွီးအညွှန်ဒေဝီတို့
ဝေသာလီနန်း
(၄) ရိုး မင်းသမီးကိုဝ် မိဖြားမြောက်၍ သုံမ်းဦး မင်းပြုကြသည်။ ဝေသာလီကျောက်လှေကားမြို့က အစပြု၍
များလှစွာသော အဆက်အနွယ်တို့သည် ကစ္ဆဘနဒီမြစ် အရှေ့ဘက် ၉၉ မြို့။
(၅) များတွင် အပြန်ပြန် မင်းပြုကြသည်။ အဆုံး(၊) ဘုရားပွင့်တော်မမူမှီ၊ ရခိုင်ပြည်တွင် မင်းမရှိ၊ မင်းသွီး
ရုစိတမာလာကျန်သည်။ ၎င်းကာလ ကပ္ပိလဝတ်ပြည်၊ အ
(၆) ညွှန်မင်းသား တောထွက်၍ ကစ္ဆဘနဒီမြစ်ညာဖျားသို့ ရောက်သည်။ အိန္ဒိယု ဆပ်မနှင့် သင့်၍ဆပ်မက
ဖွားမြင်သည်။ မာရယုမင်းသားတည်း၊ ဝေသာလီ ရခိုင်မင်းရိုး ရုစ္စတမာလာကိုဝ် မိဖြားရာ
(၇) မြောက်၍၊ ဝေသာလီကျောက်လှေကားမြို့တွင် မင်းပြုသည်။ ၎င်းမြို့ကိန်းခန်းမရ၍ ဓညဝတီမြို့ကို
မာရယုမင်း တည်ထောင်ပြုစုသည်။ ပဌမ ဓညဝတီမြို့ မင်းဆက်တည်း။
(၈) ဆပ်မသား မာရယုမင်းကစ၍ အိမ်စံ နန်းစံ သကြာဇ်နှစ်စု၊ မိဖုရားအမည် စသည်တို့ကို၊ အကျဉ်း
အားဖြင့် သိလွယ်စေကြောင်းနှင့် အင်းစောက်ချ၍ မှတ်ထားသည်(.)စကားစု အကြောင်းသာတည်း။

(ကီ-ကြော)

	အိမ်နီမုံ	နန်းစည်မိန်	သက်တော်	မိဖုရားနာမည်
ဆပ်မသား မာရယုမင်း	၁၈	၆၂	၈၈	ရုစ္စမာလာ
သား မာရမည်	၁၆	၃၂	၄၈	ဘဇေ
သား မာရဘုံလင်	၂၀	၃၅	၅၅	ဂေါစန္ဒဇေ
သား မာရထင်	၃၅	၄၀	၇၅	သီလာဘီ
သား မာရစိန်	၃၀	၃၃	၆၃	ဟုတသီ
သား မာရကင်	မ	မ	မ	ဝသမ္မီ
၎င်းအမတ် ငဆပ်ပို	၆၆	၂၁	၈၇	၎င်း ဝသမ္မီမိဖြား
၎င်း မာရကင်သား				
ဒေါရာစန္ဒရာ	၁၉	၃၄	၇၃	ဓမ္မဒေဝီ
သား သူရိယစန္ဒရာ	၄၀	၃၃	၇၃	စန္ဒီပီ
သား ကာစန္ဒရာ	၁၀	၄၀	၆၀	သုရာတီ
သား တိုင်စန္ဒရာ	၂၀	၃၀	၅၀	ဓမ္မဒေဝီ
သား မမူရာစန္ဒရာ	၂၂	၂၀	၄၂	ကဥ္စနဒေဝီ
သား ဇေဌစန္ဒရာ	၂၃	မ	မ	မ
သား ပေါက္ခစန္ဒရာ	၃၂	၂၆	၅၈	မူဘလီ
သား ကူလစန္ဒရာ	၃၆	၁၂	၄၈	ဆန်ဘီ
၎င်းအမတ်မျိုး ကျွဲဥရော့	မ	မ	မ	မ
ကူလစန္ဒရာမြေး ကံရာကြီး	၂၃	၄၁	၆၈	ဆေးသွား
သား ကံရာဇာငယ်	၂၀	၃၆	၅၆	စောပန်ကုံ
သား ဟိန္ဒသူရိယ	၃၀	၃၅	၆၅	စောနန္ဒိသူကြီး
သား အသူရိယ	၃၂	၃၀	၆၂	စောကျွတ်
သား သရစိတ္တ	၄၂	၂၈	၇၀	မနာနံသာ
သား သူရိယ	၂၉	၃၁	၆၀	စောပန်ဒီ
သား မင်းထီး	၂၀	၂၂	၄၂	မင်းသီတာ
သား မင်းပါ	၂၉	၂၂	၅၁	ကျော်ဖန်ဖြူ
သား စောတောင်သ	၂၆	၂၈	၅၄	ဆီမဆံ
ညီ တီတိုင်သည်	၂၉	၃၁	၅၀	မွေထွာအိမ်
သား ကျော်တော်စည်	၂၂	၃၁	၅၃	ငဲလှကျော်
သား သုရရိန္ဒမိတ်	၂၄	၂၁	၄၅	ဘုံသစ်ရောင်
သား အန္ဒက	၄၀	၃၁	၇၀	ကလျာဝင်
သား လက်ျာစည်သူကြီး	၃၀	၃၂	၆၂	ဆင်လှစံ
သား သီတက	၄၁	၄၃	၈၅	စောညက်ထွား
သား မင်ဆံ	၃၈	၃၁	၆၉	ဆင်မည်စစ်
သား သရက်မွေ	၁၉	၁၂	၃၁	စလပ်ပန်း
သူဇေနန်ထူ	၂၀	၃၄	၅၅	မြပန်ကုံ
သား တက္ကသု	၂၀	၄၆	၆၆	ဆင်လှစည်
သား လက္ခကော	၃၁	၃၇	၆၈	ဂန္ဓာ
သား ဂုဏ္ဏရာဇ်	၄၀	၄၂	၈၂	သူရိမာ

	အိမ်နီမုံ	နန်းစည်မိမ်	သက်တော်	မိဖုရားနာမည်
သား ဝိတုရာဇ်	၃၂	၄၂	၇၄	မင်ပန်းရွှေ
သား မင်းနေ	၂၃	၃၁	၅၄	စောရလှ
သား သူရိန္ဒ	၃၂	၃၆	၆၈	စောရွှေကျူ
သား သိန္ဓတ္ထကုမ္မာရ	၄၀	၂၅	၆၅	စက်လက္ခဒေဝီ
သား မင်းလှကြီး	၁၉	၄၇	၆၆	စောပန်းဖြူ
ညီ မင်းလှငယ်	၂၀	၁၄	၃၄	ရွှေစင်ဦး
သား ဦးဓရာဇ်	၃၁	၃၈	၆၉	စောလှမယ်
သား မျက်နှာဝမ်း	၁၆	၃၁	၄၇	စောပန်ကုံ
သား လက်ခုတ်ကြီး	၃၀	၂၇	၅၇	ရှင်လှဖြူ
သား သီရိကမ္မသဒ္ဓ	၂၂	၃၀	၅၃	စန္ဒာဒေဝီ
သား နန္ဒဂေါအာရ	၃၂	၃၂	၆၄	မယ်ဖွားကြီး
သား မင်းဝနန်းဖြူ	၂၄	၂၀	၄၄	စောလှခေါင်
သား ဓနု	၄၀	၂၈	၆၈	စောညီ
သား မင်းခေါင်ငယ်	၃၁	၁၉	၅၀	ဝတ္တမျာသွဲ
သား လော်ခေါင်ရာဇာ	၁၉	၄၀	၅၉	ဇောဘုံထွဋ်
သား ပျော်လှစည်သူ	၂၁	၃၀	၅၁	စောဇ်

မင်းပေါင်း ၅၅

(၁) ဓညဝတီမြို့ ကိန်းခန်းမရ၍ မင်းငယ်ပျော်လှစည် ကံသုံးဆင့်မှာ မြို့နေတည်ရာ အမတ် ၃ ဇ
(၂) ယာက်လုပ်ကြံ၍ ၎င်းနှစ် မင်းပြုကြသည်တွင် မိဖုရားစောစစ်၌ သမီး သုနန္ဒရ ညီမဖွားတော်သွေး
(၃) တို့ ကျော်ပန်းတောင်မှ ရွာချနေရာ တကောင်း ကံရာဇာကြီး လာရောက်သည်။ သုနန္ဒရီ ညီမ
(၄) ဖွားတော်သွေးကို မင်းသွီး နှစ်ယောက်ကို မိဖုရားမြောက်၍ ကျောက်
(၅) ပန်တောင် သီရိကုတ်မြို့တွင် ၂၄ နှစ် ထီးနန်းစံနေပြီးလျှင် ဓညဝတီမြို့
(၆) ဟောင်းကို တကောင်း ကံရာဇာကြီး တည်ထောင်သည်။ ဒုတိယဓညဝတီမြို့
(၇) မင်းဆက်တည်း။ ။

(ကီ-ကြော)

	အိမ်နီမုံ	နန်းစည်မိမ်	သက်တော်	မိဖုရားနာမည်
တကောင်း ကံရာဇာကြီး	၂၄			သုန္ဒရဘွားတော်
သား သီလရာဇာ	၂၃	၃၈	၆၁	သုဝဏ္ဏသုပဘာ
သား ဝါအသုရ	၁၀	၄၆	၅၆	နန္ဒာဘီ
သား နန္ဒဇေလရ	၂၂	၄၆	၆၈	ဝိသုတာဘီ
သား ပုန္နသူရီ	၃၀	၃၂	၆၂	ဓမ္မဒေဝီ
သား သူရိယစန္ဒာ	၄၀	၂၃	၆၃	သုပညာ
သား စိန္ဒိမာ	၃၀	၃၇	၆၇	စန္ဒရာဘီ
သား သီရိစန္ဒ	၃၅	၄၀	၇၅	ရမ္မာသီ
သား သီဟရာဇ်	၂၃	၄၆	၆၉	ဝိသုဒ်ပိ
သီဟန္ဒူ	၁၈	၂၈	၄၆	ဓမ္မဘီ
သား ပရဟ	၁၇	၁၃	၃၀	ရာမာစန္ဒီ
သား လကုံ	၁၁	၄၁	၅၂	အာနုဘီ

(၁) မိဖုရားကုမ္ဘာရံတွင် ပဋိသန္ဓေနေ၍ နတော်လပြည့်နေ့ နေဝင်ဆဲဆဲ လပေါ်ရဲရဲ နေလနှစ်ပါး အရောင် ခြံရံလျက် ဖွားသည်ကို အစွဲပြု၍ ထိုမင်းသားကို စန္ဒာသူရိယ အမည်ကို

(၂) မှည့်သည်၊ ဘုရားပွင့်တော်မူ၍ ၅ ဝါမြောက်တွင် ဧည့်ဝတီပြည် စန္ဒာသူရိယမင်းလက်ထက် ကြွလာသည်တွင် ကိုယ်စား ရုတ္တုတော်ကို ကိုယ်(း)ကွယ်လို၄

(၃) ကြောင်းနှင့် စန္ဒသူရိယမင်း လျှောက်တောင်းပန်လျှင်၊ ခွင့်ပေးတော်မူ၍ မဟာမုဏိ ဘုရားရှင်ကို ရတနာကိုးပါးဖြင့် သိကြား၊ ဗြဟ္မ နတ်အပေါင်းနှင့်

(၄) တရာတပါးမင်းတို့ ခြံရံသွင်းလုပ်၍ သီရိကုပ်မြို့ရွာဟောင်း ဝက်သတိုးတောင်တွင် တည်ထားကိုးကွယ်သည်။ တတိယ ဧည့်ဝတီမြို့ မင်းဆက်တည်း။

	အိမ်နိမ့်	နန်းစည်မိမ်	သက်တော်	မိဖုရားနာမည်
စန္ဒသူရိယ	၂၁	၅၅	၇၃	စန္ဒမာလာ
သား သီရိရတိဝိမလ	၂၉	၄၇	၇၆	သူရိယစည်သည်
သား သူရိယမတိဝါပါဒိ	၃၀	၅၆	၈၇	သုဝဏ္ဏဂလျာ
သား သူရိယရူပ	၁၆	၁၅	၃၁	သုဘာဒေဝီ
သား သူရိယမန္ဒလ	၁၄	၆၂	၇၆	နန္ဒဝတီ
သား သူရိယပဒ	၂၄	၄၄	၆၈	သူဇီတ
သူရိယပါဒ	၂၇	၄၀	၆၇	ဝါသုဒ္ဓိ
သူရိယဝံသ	၄၄	၆	၅၀	ဝါသုရန္ဓ
သား သူရိယဂလျာန	၂၂	၁၈	၄၀	သူရိယကုမ္ဘာ
သား သူရိယအန္တ	၄၀	၁၀	၅၀	ဝါသုရန္ဒာ
သား သူရိယမုက္ခ	၃၂	၁၁	၄၃	သွာဒေဝီ
သား သူရိယဇေတ	၄၀	၃၀	၇၀	ဝရုဒေဝီ

(ကီ-ရင်)

	အိမ်နိမ့်	နန်းစည်မိမ်	သက်တော်	မိဖုရားနာမည်
သား ရောဟကု	၃၈	၃၁	၆၉	ဂတာတဘီ
သား သီရိကုံ	၂၀	၂၄	၄၀	လမ္ဘာဘီ
တူ သမ်ရာဇာ	၁၃	၃၅	၄၈	ဂန္ဓာဘီ
သား သုဝဏ္ဏကုမ္ဘာရ	၃၃	၂၀	၅၃	ဝါသုဝံ
သား သက်တင်ဖြူ	၂၂	၄၀	၆၂	သီရိကုမ္ဘာရီ

ပေါင်း ၁၇

	အိမ်နိမ့်	နန်းစည်မိမ်	သက်တော်	မိဖုရားနာမည်
သား သက်တင်ဦး	၂၂	၄၂	၆၄	မာလာဘီ
သား ဇေတဝန်	၄၀	၃၆	၇၆	လက္ခကောရီ
သား မုဇ္ဈိမလ	၃၄	၂၃	၆၁	ပန်သီတာ
သား ကုမ္ဘာရဝိသုဒ္ဓ	၂၅	၈၃	၁၁၂	ရွှေကုန်လျှံ
သား ဝါသုမန္ဒလ	၄၃	၃၄	၈၁	ပညာနရီ
သား သူရိန္ဒ	၁၈	၃၁	၄၉	အင်္ဂါရီ
ညီ ရာလမရူ	၃၂	၁၁	၄၃	ဂင်္ဂါရီ

	အိမ်နီမှ်	နန်းစဉ်မှ်	သက်တော်	မိဖုရားနာမည်
သား နလမထူ	၁၈	၃၁	၄၉	သွာတိဝါသုဝ
သား ဝိတကုံ	၂၈	၃၁	၅၉	သွာတိ
သား ဝိသုဝိရာဇာ	၂၈	၂၀	၄၈	ကာရံသု
သား သီရိရာဇာ	၂၂	၂၀	၄၃	ကုမွာရံန်

ပေါင်း ၁၁။

၂ ခု ၂၈။

(၁) သီရိရာဇာမင်းကြီး နန်းပြည်ရွာကို အုပ်တော်မူလျှင် ကုမွာရံ အမှည်ရှိ မိဖုရားကြီးကို မောင်းမ
(၂) အပေါင်းတို့ ခြံရံလျက် သီလ ဥပုသ် လပြည့် လကွယ် ရှစ်ရက် အဖိတ် သံတင်း မပြတ် အလှူ
(၃) ပး၏ သီလ ဆောက်တည်သည်။ ။

(ကု-ကြော)

	အိမ်နီမှ်	နန်းစဉ်မှ်	သက်တော်	မိဖုရားနာမည်
သား သူရိယပုည	၄၀	၄၀	၈၀	ရောဟနီ
သား သူရိယကုမွာလ	၄၀	၂၃	၆၃	စိတ္တရဂလ္ဘာ
သား သူရိယပဘာ	၂၅	၂၅	၅၀	မနာ
သား သူရိယစိတ္တရ	၄၂	၁၀	၅၂	သုဘာဒေဝီ
သား သူရိယဝိမလ	၄၀	၈	၄၈	ကောသရံဘီ
သား သူရိယစည်နု	၃၀	၂၂	၅၂	ကောသရံဘီ
သား သူရိယကံသ	၂၂	၁၆	၃၈	သုရနန္ဒ
ဘထွေး သူရိယသကျ	၄၈	၈	၅၆	မဟာဘီ
သား သူရိယသီရီ	၁၉	၂၀	၃၉	ဝရကလ္ဘာ
သား သူရိယကေသီ	၂၃	၉	၃၆	ပညကလ္ဘာ
သား သူရိယတုလ	၄၂	၂၃	၆၅	သက္ကကလ္ဘာ
သား သူရိယကေတု	၄၂	၄၄	၈၆	သုသီလသုမွာ

ပေါင်း ၂၅၊ ၂ ခု ၅၃

(၁) ၎င်း သူရိယကေသုမင်းသား မဟာသူရိယစန္ဒယာမင်းသည်၊ ဓညဝတီမြို့ ကိန်းခန်းမရှိသောကြောင့် ကံ ၃ ဆင့် သို့ပြောင်း၍ မြို့တည်၊ ကံ ၃ ဆင့်တွင် ၇ လသာ နေနိုင်သည်။ ကံ ၃ ဆင့်မှသည် ဝေသာလီအမည် ရှိသော ကျောက်လှေကားမြို့ကို မဟာသူရိယစန္ဒရမင်း ပြုစုတည်ထောင်သည်။ ပထမကျော်လှေကား ဝေသာလီ မြို့ တည်မင်းဆက်။

	အိမ်နီမှ်	နန်းစဉ်မှ်	သက်တော်	မိဖုရားနာမည်
မဟာသုရိယစန္ဒရာမင်း	၁၅	၅၃	၇၂	သုဘာဒေဝီ
သား သူရိယစန္ဒရာ	၃၂	၄၂	၇၄	စောနန္ဒီ
သား မောဟပဉ္စစန္ဒရာ	၃၆	၄၀	၇၆	သုနန္ဒရီ
သား ပေါလောတဉ္စနန္ဒရာ	၃၀	၄၆	၇၆	ရောဟနီ
သား ရာလစန္ဒယာ	၂၁	၂၅	၄၆	ယုပါနီဝေါဘုရား
သား သီရိတညစန္ဒရာ	၁၇	၇၂	၈၉	ကညနဒေဝီ
သား သဃသိစန္ဒရာ	၁၈	၆၆	၈၄	သုဝန္ဒဒေဝီ
သား တညစန္ဒရာ	၂၀	၃၆	၅၆	စန္ဒာဒေဝီ

သည်မင်းစန္ဒရာကိုးဆက်တို့သည် ဆင်ဖြူလည်း ပျံရ၍ အတိုင်းတိုင်း အပြည်ပြည်တို့က အခွန်ဘဏ္ဍာသွင်းရောက်သည်။

(ကု-ရင်)

(၁) ၎င်း တည္ဆစန္ဒရာမင်း လက်ထက်။ သူရဲတို့ အနောက်ကုလားပြည်ကို သိန်းရုံးမည်စစ်ချီရာ စစ်တကောင်းမင်း ဆိတ်တွင် ဖောင်ဆိတ်၍ ရော်သည်ကာလ မှူးမတ်တို့က စစ်မထိုးကောင်းလျှောက်ထား၍ ရပ်ဆိုင်းနေလျှင်၊ သုရမံ စသော ကုလားမင်းတို့က လက်ဆောင်ဆ

(၂) က်၍ ကျွန်ခံလာသည်တွင် စစ်မထိုးကောင်းဆိုသည်ကို အစွဲပြု၍ စစ်မထိုးကောင်းတွင်စေသည်။ ယခု စစ်တကောင်းဟု ခေါ်ဝေါ်သည်။ ဝေသာလီမြို့သို့ ပြန်ခဲ့၍ တရုပ်သင်းတွဲပြည်သို့ ချီသည်။ သင်းတွဲပြည်တွင် ထမ်း ၆ ဆင့် စေတီတည်၍

(၃) ပြခဲ့သည်နှင့် မော်တင်နဂရာဇ်ပလ္လင်တွင် ဖောင်နှင့်တကွ နှစ်ဆုံ၍ အမတ်ကြီး ဓမ္မဇေရ၊ ဗိုလ်ခြေ တသောင်းနှင့် ဝေသာလီမြို့သို့လာသည်ကို စန္ဒဒေဝီ မိဖုရားက ငလင်ကို သတ်၍၊ မင်းပြုမည်လာသည် ထွက်ဆိုခံသောဇ

(၄) ကြောင့်၊ ဂန္ဓာဘနဒီမြစ်ညာ၊ တောကြီး၌ နေသည်ကို မိဖုရားက လိုက်၍ နှင်ပြန်သည်။ မနေသာ၍ သွားရလေသည်။ အသျှင်မကို မမုံ၊ ကံဆိုသည် ရခိုင်တို့ ဖာသာ ပထရာဇ်ဆိုသည်ကိုဝ်

(၅) အစွဲပြု၍ ကုလားပါသာ ဥတရာဇ် ခေါ်ဝေါ်သည်။ ထိုအမတ်ဗိုလ်ပါနှင့် တောင်ကြောင်းခရီး သွားလေ၏။ ယူဇနာ ၃၀ မကသော အရပ်တွင် ပြည်တည်၍ နေ့ကို သုပုံမြို့ဆိုလို၍ ကုလားပါသာ ဟစ်ခုံပြည်ဟု ခေါ်ဝေါ်သည်။

(၆) ၎င်းအမတ်များ သွားသည့်ကာလပါလူ ၅၀၀ သားတို့ မလိုက်ဝန့်၍ ခရီးအကြားတောမြို့ရာအရပ်မှာ ပြည်ရွာတည်ထောင်၍ နေရာဇ်သည်ကို ရခိုင်တို့ဘာသာ မြို့မြို့ဆိုသည်။ ချောင်းသုံးခွဆိုင်၍ ဟိသောကြောင့်၊ ကုလား

(၇) ဘာသာ တိန်မြို့မြို့ခေါ်ဝေါ်သည်။ ဒုတိယကျောက်လှေကား ဝေသာလီမြို့တည် မင်းဆက်တည်း။ ။ ဒုတိယကျောက်လှေကား ဝေသာလီမြို့နန်းဆက်။ ။ ၎င်(း)တည္ဆစန္ဒရာမင်းသည် တရုပ်သင်းတွဲ

(၈) မြို့သို့ ချီသည့်ကာလ စန္ဒဒေဝီ မိဖုရားတွင် ပဋိသန္ဓေသုံးလ ရှိရာဇ်သည် သင်းတွဲပြည်က မပြန်သေး၊ လွန်လျှင် လက်စွပ်နှင့် ထိုက်သူကို ရှာ၍ ထီးနန်းတည်ထောင်ရမည်။ မှာဆိုရင်းအတိုင်း အပ်ပေးခဲ့သည်။ လက်စွပ်နှင့်ရှာ

မြို့မင်း အမြကူ	၃၀	၇	၃၇	ပေါင်း ၂
၎င်းညီသား မဲဖြူ	၇	၁၀	၁၇	၂ခု ၁၁

(ကူ-ကြော)

(၁) လျှင် မြို့ အမြတူ၊ ညီ အမြကူ၊ သား ပဲဖြူ တို့ကိုတွေ့သည်။ အမြတူကို မင်းပြုစေ၍၊ ညီ အမြကူကို အိမ်ရှေ့ပေးသည်။ အိမ်ရှေ့ အမြကူနှင့် မိဖုရားရွှင်လျှင် အစ်ကိုကို ဆက်၍ သားပဲဖြူကို အိမ်ရှေ့နည်းပေးနှင့် ပြဲသည်။ ပဋိသန္ဓေနှင့် ကျဲရာဇ်ပြဲထ

(၂) လည်၊ တည္ဆစန္ဒရာမင်းသား ငတုံမင်းကို စန္ဒဒေဝီမိဖုရားက စစ်တင်တောသို့ ပို့ထားသွားသည်။ ၎င်းမြို့မင်းတို့ လက်ထက်၊ ပက် အနော်ရထာမင်းထိလင်မင်းတို့ ရောက်သည်။ ၄၁၆ ခု၊ သင်းကျတ်တော်ဘုရားကို ပင့်မရ၍ မဟာမုနိဘုရားသိမ်တော်ကြီး

(၃) ကို ဆောက်လုပ်၍ ပြဲသွားသည်။ မြို့မင်းတို့ ကွယ်လွန်မှ ရေနှစ်မင်း တည္ဆစန္ဒရာမင်းသား ငတုံမင်းသည်၊ စစ်တင် တင်တော်အရပ်ကလာ၍ မင်းပြုသည်။ ဝေသာလီမြို့ ကိန်းခန်းမရ၍ စမ္ဘက်မြို့ ငတုံမင်း တည်ထောင်ပြုစုသည်။ ၎င်းမြို့သည် မြောက်ဦးမြို့

(၄) အရှေ့၌ တိုင်ကွာတွင် ရှိသည်။ ပထမ စမ္ဘဝက်မြို့တည် မင်းဆက်တည်း။

	အိမ်နိမ့်	နန်းစည်မိ	သက်တော်	မိဖုရားနာမည်
ငတုံကြီး မင်းကြီး	၄၅	၂၅	၇၀	သူရိယဒေဝီ
သား မင်းရဲဖြူ	၂၈	၃၀	၅၈	စောမုက္ခ
သား နာဂသူရိယ	၂၁	၃၀	၅၈	စောလှဲ
သား သူရိယရာဇာ	၂၂	၂၃	၄၅	စောမင်ဖွား
သား ပုဏ္ဏက	၂၁	၂၃	၄၄	ရှင်ပန်းဖြူ
သား မင်းဖြူကြီး	မ	၁၂	၁၂	စောချုပ်ခေါင်
အမတ် စည်သဘင်ကြီး	မ	၂	၂	မ
မင်းဖြူသား မင်းနံသူ	၁၉	၂၀	၃၉	ရှင်မင်းကြီး
သား မင်းလာ	၂	၂၀	၂၂	ဘီလူးမ
သား မင်းကုလား	၁၉	၂၀	၃၉	စေပြိုင်ဖြူ
သား မင်းဘီလူး	၃၀	၆	၃၆	စောစစ်
အမတ် ဝါရောင်ဒုက်	မ	မ	မ	
သား မင်းဘုံသိန်	၄၂	၁၄	၅၆	ပျိုရွှည်ရွှည်
သား မင်းမူတိ	မ	၃	၃	မိဖုရား

ပေါင်း ၁၄

(ကူ-ရင်)

ပထမ ပရိန်မြို့တည် မင်းဆက်ကား ၆ ဆက်တည်း။

	အိမ်နိမ့်	နန်းစည်မိ	သက်တော်	မိဖုရားနာမည်
မင်းဘီလူးမြေး	၄၈	၂၈	၃၆	ရွှေကုံသွယ်
သော်ကျာနံမင်း				
သား သီဟဝါ	၂၂	၂၀	၄၂	သေပူလ
သား ရာဇာကြီး	၃၆	၂၃	၅၉	စောစရာသည်
သကျာဝင်ကြီး	၄၀	၃၂	၃၂	စောလုကြည်
သကျာဝင်ငယ်	၃၁	၁၈	၄၉	မိဖုရား
သား ကောလိယမင်း	၂၈	၃၀	၅၈	

ပေါင်း ၆ဆက်တည်း။

(၁) မင်းဘီလူးကို အမတ် ဝါရောင်ဒုက် လုပ်ကြံ၍ နန်းကျလျှင် ၎င်းသား အိမ်ရှေ့ ရဲမာရသည် ပုဂံသို့ပြေးရာ သားလက်ျာနံကို ပုဂံမှာ ဖွားမြင်သည်။ ၎င်းလက်ျာနံမင်းသည် ပုဂံပြည် အလောင်း စည်သူထံ ခစား၍ အလောင်းစည်သူက

(၂) ဗိုလ်လူနှင့် ရခိုင်အမတ်ကြီး မြို့မင်းပုထိကို တိုက်ဖျက်စည်၍ စံမွဝက်မြို့တွင်၊ မြို့လက်ျာနံကို မင်းလုတ် စေသည်။ စမွဝက်မြို့ ကိန်းခန်းမရပြု၍ ပရိန်မြို့ကို လက်ျာမင်းနံတည်ထောင်ပြုစုသည်။ ၎င်းမြို့သည်။

၉

(၃) မြောက်ဦးမြို့၌ တိုင်ကွာတွင် ရှိသည်။ ရာဇဝင်က ညွှန်(း)ဆိုသည်။ ၎င်းကောလိယမင်းလက်ထက် အနောက်ပုဂံမင်းနေပြည် အလုံဝါကို ပိုင်ဖူးသည်။ ထိုမင်းတို့ လက်ထက် မဟာဓိဘုရားကျောက်ညို

(၄) ဆင်းတုတိုင် ပူရိန်မြို့ အနောက်တတိုင်ကွာတွင် တည်လုပ်သည်ကာလ သူရဇံမင်း တာဝန်ခံ၍ လုပ်ရသည်။ တတိယပရိန်မြို့တည် နန်းမင်းဆက်တည်း။ ။

(၅) ကောလိယမင်းကြီးသား ဒသရာဇာတည်း။ ။ အိမ်စံ သက္ကရာဇ် ၂၁ နန်းစံ ၂၀၊ ပေါင်း ၄၁။ ရာမဒေဝီ မိဖုရားတည်း။ ဒသရာဇာသား၊ အနံသီရိ၊ အိမ်စံ သက္ကရာဇ် ၂၀၊ နန်း

(၆) စံ ၈။ ပေါင်း ၂၉။ မိဖုရား ကာသမ္ဘီ၊ ၂ စုပေါင်း ၈။ ၎င်း ဒသရာဇာမင်းလက်ထက် မဟာမုနိဘုရားကို သီရိကုပ်အရပ်သို့ ပင့်ဆောင်ခဲ့၍ အဂ္ဂညူတောင်၌ ကိုးကွယ်တည်ထားသည်ကာလ၊ အနော်

(၇) ပြည် သူရတ်မင်း၊ အနောက်ဘက်မင်း ကျူမင်းသည် မင်းသုံးမွှာတို့ တာဝန်ခံ၍ လုပ်ဆောင်ရသည်။ ၎င်းအနုံသီရိသည်၊ အကျင်မမှန်၍၊ မှူးမတ်တို့ လုတ်ကြံပြီးလျှင် ညီတော် မင်းဘုန်းဇာကို နန်းတင်သ

(၈) ည်။ ပရိန်မြို့ ကိန်းခန်းမရ၍ စမွဝက်မြို့ဟောင်း၌ တိုင်ကွာတွင် ခြံပ်ချောင်းသို့ပြောင်း၍ ချိပ်မြို့ကို မင်းတုံမ်ဇား တည်ထောင်သည်။ ခြံပ်မြို့ကိန်းခန်းမရ၍ ပညူကာလစက် သား ကိန္နရူဘော် (ကေ-ကြော)

(၁) စမွဝက်မြို့ဟောင်းတွင် စပ်၍တည်ထောင်ပြုစုသည်တည်း။ ၎င်းအမတ်ကြီးမျို့ စဂလ်ပို့မင်းကု မြတ်၍ နန်းရိုးကိန်နုဘော် သာ(း)တိုင်ချစ်ပညူသံ မင်းပြုသည်။
စမွဝက်မြို့ ကိန်းခန်းမရ၍ တောင်ငူနပညူယမြို့ကို တိုင်ချစ်ပညူသံ၊ မင်းပြုစုတည်ထောင်သည်။
စမွဝက်မြို့ ၎င်းမြို့သည် ပရိန်မြို့ အရှေ့

(၂) တောင်သည်၊ တောတန်(း)ကျွန်းအတွင်း ခရီးနှစ်အထွာကွာတွင် ရှိသည်။ ပထမချိပ်မြို့တည် မင်းဆက်။ မင်းကိန္နရူဘော်၊ ပေါင်း ၂။ သား ပဥ္စကာလစက်

	အိမ်နီမ့်	နန်းစည်မ်	သက်တော်	မိဖုရားနာမည်
တိုင်းချစ်သူ ပညူသံ	၂၄	၂၁	၄၅	ရွှေစင်ဦး
သား ငရမ့်	၃၅	၁၉	၅၄	ပဂၢာ
သား ငပုံကံ	၃၂	၁၇	၄၉	ရောင်လှမြို
သား ရခိုင်	၂၃	၂၀	၄၃	ရောင်ဘုံအန်
သား ငကျဲ	၄၁	၁၉	၆၀	စောဘုံဝါ
သား ငဆူ	၂၆	၂၉	၁၅	ရွှေအိမ်ရှင်
ညီ မင်းခေါင်	၂၃	၄၄	၃၁	စောမြို့ဖြူ
သား မင်းခေါင်ငယ်	၄၁	၃၁	၃၂	ညိုပြိုင်ဖြူ
သား ကမ္ဘာလောင်းကြီး	၂၃	၅	၃၂	ရှင်လှကြီး
သား လက်ျာငယ်	၂၄	၂၆	၅၀	စောစစ်ညို
	၄၁	၂၂	၆၃	စောမြို့
	၁၁	၂၉	၄၀	စန္ဒီနန္ဒီ
သား နေသိန်	၃၅	၂၀	၅၅	စောနန်
သား ငနလုံ	၂၅	၂၃	၅၂	စောရွှေနန်

၎င်းအနလုံမင်းသား အလိုမာဖြူသည် ၎င်းမြို့ကို ကိန်းခန်းမရ၍ လောင်းကြက်မြို့ကို ပြုစုတည်ထောင်သည်။ ၎င်းရှင်ဘုရင်လက်ထက် ဗြဟ္မာအာ(း) ရှန်အာ(း)တလန်းအာ(း) ရခိုင်(း)နှင့်တကွ အနောက်သို့ ချီတက်သိမ်းယူရာ သက်ပြည်၊ ရုံပြည် ဟစ်ရုံပြည်များက သူရတ်မင်းမှစ၍ လက်ဆောင်ပဏ္ဏာ ဆက်ရသည်။ ၆၃ ခု တည်သည်။ ၎င်းမြို့ပရိန်မြို့ တတိုင်ကွာတွင် ရှိသည့် ယွန်လောင်းကြက်မြို့တည် မင်းဆက် ၉ဆက်။ ပေါင်း ၉ ဆက်တည်း။ ။ ၉ ဆက်တည်း။

(ကော-ရင်)

က	အိမ်နိမ့်	နန်းစည်မိ	သက်တော်	မိဖုရားနာမည်
အလောမာဖြူ	၃၈	၆	၄၄	စောရွှေသစ်
သား ရာဇာသူကြီး	၂၃	၉	၃၂	စောမွန်ဖြူ
သား ဇေလူ	၂၅	၂၀	၄၅	စောပန်ဖြူဆ
သား ဦးစနာကြီး	၁၆	၂၃	၃၉	မြို့မျက်ရှု
သား စောမွန်ကြီး	၂၅	၁၆	၄၁	စောဘီလူ
သား နန်းကျကြီး	၃၁	၅	၃၆	စောမိုးမည်း
သား မင်းဘီလူ	၂၂	၄	၂၆	စောသမ္မာ
အမတ် စောသဘင်	မ	၃	၃	မိဖုရား
မင်းဘီလူသား မင်းထီး	၇	၁၀၇	၁၁၄	စောစစ်

(၁) လောင်းကြက်မြို့ မင်းဆက် ၇ ဆက်တည်း။ မင်းထီးလက်ထက် အမတ် ရာဇသကြိန်ကို ခန့်ထား၍ သက်ပြည်ကို ဖျက်စေရာ သက်မင်းကို သား

(၂) မယားနှင့်တကွ သိန်းယူဆက်သပြီးလျှင် အနောက်သို့ ရဲမက်ဗိုလ်ခြေနှင့် သိန်းပြံသည်။ သို့ီးနှင့် လက်ဆောင်ပဏ္ဏာရလျှင်၊ ၎င်းအရပ်၌ စေတီပုထိုး ဘုရားကျောင်းကန်

(၃) တန်ထား၊ ဇရပ် ရေကန်၊ ရေတွင်း တူးလုပ်တည်ထားပြုခဲ့သည်။ ယွန်ထက်တိုင် ပုထိုးစေတီ ရှိသည်ဟူ၍ ရာဇဝင်က ညွှန်ပြဆိုသည်။ ၉။ ဒုတိယလောင်းကြက်မြို့ မင်း ၇ ဆက် ဆိုသည်တည်း။

	အိမ်နိမ့်	နန်းစည်မိ	သက်တော်	မိဖုရားနာမည်
သား ဦဇနာငယ်	၇၃	၃	၇၆	စောကလျာ
ညီ သီဝရာဇ်	၅၁	၆	၅၇	စောသမ္မာ
ညီ သိန်းစည်နန်ကျ	၃၁	၄	၃၅	စောမည်ဘွား
အမတ် စည်သဘင်	မ	၃	၃	မိဖုရား
အမတ် မြဝဋ္ဌာ	မ	၁	၁	မိဖုရား
သိန်းစဉ်းနန်ကျသားရာဇူ	၃၁	၆	၃၇	စောညက်ထွား
ညီ သိန်ခသူ	၃၂	၄	၃၆	စောစစ်

ပေါင်း ၇။ ၂ ခု၊ ၁၆

(ကဲ-ကြော)

(၁) ၎င်း မင်းသား စောမွန်သည် လောင်းကြက်မြို့မှာ အဘ မရှိနောက် မင်းပြုသည်။ တွင်၊ ၎င်းမင်းစောမွန် လက်ထက် အင်းဝဆွေက သို့ီးတော် စောပြည့်ချမ်းသာနှင့် အမတ်တော် ကာမုနိုကို စေလွှတ်၍ လောင်းကြက်မြို့မှာ မင်းပြုလာသည်တွင် မင်းစိုးမွန်လည်း မခံနိုင်၍ အနောက်ကုလားသူ

(၂) ရထံ ပုဘာမင်းထံ ပြေးဝင်သည်။ လောင်းကြက်မြို့မှာ အဘကို(း)မင်းရာဇာတိရာဇ်က တိုက်ဖျက်၍ မြမ္မာဖျက်သည်။ တလိုင်းနှင့် မြမ္မာအကြိမ်ကြိမ် အဘန်များစွာ လုယူကြသည်နှင့် ၂၂ ရှိလျှင် ပဆာမင်းက ဗိုလ်ခြေနှင့် လောင်းကြက်မြို့ကို တိုက်၍ရ

(၃) ခိုင် စိုးမွန်ကို နန်းတင်သည်။ လောင်းကြက်မြို့တွင် နှစ်နှစ်နေ၍ လောင်းကြက်မြို့ကို ကိန်းခန်းမရ၍ ၇၉၂ ခု မြောက်ဦးမြို့ကို မင်းစိုးမွန်ပြုစု တည်ထောင်သည် ၎င်းလောင်းကြက်မင်း သိဒ္ဓသူသား မင်းစိုးမွန်သည် လောင်းကြ

(၄) က်မြို့က၊ ကိန်းခန်းမရှိ၍ သစ်ဟောင်းတန်းတို့နှင့် မြောက်ဦးမြို့ရာမြေကို ရှာသည်တွင် မတွေ့ရ၍ မေယဝတီမြစ်မှာ ဘောင်နှင့်တည်နေသည်။ ညည့်သံခေါင်အခါ ချောင်းမြောက်ဘက်နေ

(၅) မြောက်ဦးနတ်က ချောင်းတောင်ဘက်နေ၊ ဝဿနတ်ကို မေးသည်၊ အစ်မည် ဝဿ၊ ငါးရှားသည် ရ၏လော မေးလျှဆင် ငါးရှာသည်မရပါဆို၏။ ဝဿနတ်ကလည်း တဖန်မေးပြန်၏။ အစ်မည် မြေး

(၆) ဦး ငါးရ၏လောမေးလျှင် ဝေက်တကောင်သာ ရသည် မြောက်ဦးနတ်က ပြောသောအသံတြင်းကို မင်းကြီးကြားလျှင် ပညာရှိကို မေးသည်အလိုမှာ အစ်မည် မြောက်ဦးအဆိုကိုထောက်၍ မြောက်ဦးမြို့သေတွင် မှုပြီး ငါးရသ

(၇) ည်အလိုမှာ အရှင်မင်းကြီးလည်း အခါတပါး မြို့ရာရှာသည် မရချေ။ ဤအရပ်သို့ ရောက်မှမြို့ရာရသည် မှန်သောကြောင့် မြို့စောင့် မြောက်ဦးနတ်က ငါးရသည် တြင်းကိုပြသည်။ ဤတွင် အရှင်မင်းကြီးတည်း ရပ်စေလိုသည်။

(၈) ပညာရှိတို့က လျှောက်ထား၍ မိုဝ်းသောက်လျှင် မင်းကြီး၊ ဗိုလ်ခြေနှင့် ခုတ်ထွင်ရှာသည်။ ခမောင်းပင်ကြီးအောက် တရော်ညိုခြုံကို တွေ့၍ကြည့်ရှုလျှင် ကျားကိုခြီပြန်လိုက်သည်။ မြွေကိုဖားပြန် လိုက်သည် ပင်ခုံကို ကင်းပြန်လိုက်

(က)-ရင်)

(၁) သည်၊ တြင်းကိုရ၍ ခမောင်းပင်ကို ခုတ်လှေးလျှင် တောက်တဲ့ဖြူလေးကောင် ရသည်။ အလိုမှာ သင်္ဘော သား ကုလားဖြူလူမျိုးတို့ ဆိုက်ရောက်မည်၊ ဆိတ်ဖြစ်မည်။ တြင်းကိုယူ၍ ကဉ်းအရာရှာသည်။ မရရှိသည်နှင့် သူအိုတယောက်သည်၊ ေ

(၂) မြေဇာမြက်ကို လက်ျာရစ်ဆုတ်၍ လေးသည်အရပ်တွင်၊ သည်သည်တွင်တွင် ဆို၍ မြေကိုခြေနှောင်း ဆောင်းပြီးနောက်၊ ကွဲမြောက်၍ တူးကြည့်လျှင် မြေဖြူ မြေနီတဇတ်တွင် ထည့်သည် ဩကိုရသည်၊ အလိုမှာ နောက်မင်းတို့လက်ထက်

(၃) ပြည်ရွာချမ်းသာရ၏။ တန်ခိုးအာဏာရှိသူတဝက်၊ တန်းခိုးအာဏာမရှိသူတဝက် ဖြစ်မည်ကို ယူသည်။ ကြင့်နန်းသစ်မှာ ပရဝါဆရာ နတ်ထိန်(း)မြဝါ မြို့သက်ကို ရှည်အောင်တည်လျှင်၊ မင်းဆက်အလိုတော်မည်၊ မင်းသက်မည်ရှည်တည်လျှင်

(၄) မြို့သက်တော်မည်၊ အကြောင်းရှသည်တွင် မင်းကြီးအလိုရှိရာ တည်ပါမည် ဆရာတို့ လျှောက်ထားသည် ကာလ၊ အသက်ရှည်၍၊ ပြည်ရွာမရှည်၍ သတ္တဝါတို့ မချမ်းသာ၊ သာသနာမပွင့်လင်း၊

(၅) လျှင်၊ အကျိုးများစွာ ဖြစ်မည်ကို အလိုရှိသည်။ မြို့သက်သာရှည်အောင် တည်ရမည်။ ဆိုသည်တွင် အသက်မင်းကြီး၊ မြို့သက်မှာ တထောင်ဖြစ်သင့်၏။ ဆိုရာတွင် အကာကြီး ၁၀၀၀။ အကာ

(၆) ငယ် ၁၀၀၀၊ စည့်စပ်အောင် တည်နိုင်လျှင် အနှစ်တထောင်ရှည်ပါမည်၊ ဤမြို့တွင်ဖြစ်သော မင်းကိုကား အသက်တိုမည်၊ အနာနည်းမည်၊ အရှင်မင်းကြီး အလိုအတိုင်း တည်ရလျှင်၊ အရှင်မင်းကြီးကား သုံးနှစ်သာ နေရမည်လျှောက်

(၇) ထား၍ မင်းကြီးအလိုအတိုင်း မြို့သက် ၁၀၀၀ ရှည်အောင် ရဟန်းတထောင် ရာမကိုင်စည်၍ မြို့ကို သိန်းသည်၊ ကြင့်နန်းသစ်ချသည်မှာ တွင်းတူး၍ ကျောက်စီသည်၊ ရွှေပြား၊ ငွေပြား ကြေးပြား တွင်(း)ချ၍ခံ သည်။ ကြင့်နန်းသစ်ကို ခြိန်ဆွဲထား

(၈) ၍ အခါစောင့်သည်မှာ နတ်ကားပွဲတွင်၊ ကြက်ဖို၊ ကြက်မကို ကြောကခွဲ၍ အင်းချပြီးလျှင် မိမွတယောက် ရွှက်လျက်နေနေစေသည်။ ၎င်းမိမွအလိုလိုအလျှောက်တွင်းသို့ ဆင်းလျှင် အခါမှန်ပြီး အမှတ်ပေး၍ စောင့်နေစေ

(ကာ-ကြော)

(၁) သည်၊ အခါစောင့်သည်ကာလ၊ ၎င်းမိန်းမ အလိုအလျှောက် တွင်းသို့ဆင်းသည်အချိန်ကို ဖြတ်၍ချသည် တွင် မိန်းမဥက္ကောင်းတိုက်လျှင်၊ ကြင့်နန်းကျသည်။ ကြင့်နန်းတိုင်ကို လက်ျာရစ်လှည့်လျှက် သွေးစိန်း သွေးရှင်တိုင်ဆုံအောင်တက်

(၂) သည်ကိုမြင်လျှင်၊ ဆရာမြဝါလည်း မင်းကြီးမှာ ပြည်ရွာအကျိုးကို လို၍ အသက်တို၊ သုံးနှစ်သာ ခံလိုသည်၊ ငါလည်းလိုကောင်းသည်၊ နောင်ကောင်းရစ်စေ ဆို၍ ထက်သော်ကား ကြဲစေ၊ ချွန်းသော်ကား တုံးစေ၊ စကားတြင်း

(၃) ကိုပြခဲ့သည်။ မိမိအဉာကို ထုပ်ပြီးလျှင် သက္ကရာဇ် ၇၉၂ ခုနှစ်တွင် နန်းသုံးနှစ်နှင့် နတ်ရွာစံသည်။ မြို့စောင့် မြောက်ဦးနတ်ကို မင်းအထက်ထက်တို့ ဝါဝင်ဝါကျွတ် စစ်ရောက်မဂ်ရောက် အကြောင်းအရေးပေါ်ထွက်လျှင် ပွဲက

(၄) နားနှင့် မင်းညီမင်းသား မျူးမတ်ပြည်သူ ပြည်သားတို့ ကိုးကွယ်ပြသရမည်၊ မြို့(.)တည်မင်း ၇ ဆက်သာ နေရသောကြောင့် မြို့နန်းအပြီးအခိုင် မနေရ၊ ယာယီနှင့်သာ နေရသည်။ မြို့တည်မင်းစိုးမွန် အန္တ

(၅) ယ်ဆက်ဆက်လည်း မြို့နန်းအခိုင် မလုပ်နိုင်။ နောက်မင်းပါလက်ထက်မှ မြို့ကိုအဂ်တေ သရွက်နှင့် ကျောက်မြို့တည်သည်၊ မြို့အရပ်အမြင့် ၁၂ တောင် တံခါးပေါင်း ၆ ရှိသည်။ မြောက်ဦးမြို့ ခေါ်

(၆) ဝေါ်သည်မှာ ဓမ္မသောကမင်းကြီး ဆိပ်ရောက်သည်ကာလ ဦးခေါင်းအဉာကို မြောက်ဦးဖောင်ယူ၍ ဆက်သည်တွင် ဓမ္မသောကမင်းကြီးက နင်တို့နေသည် အဘယ်တောင်နည်း မေးသည်တွင် တောင်ညို တောင်၊ ကုက္ကားတောင်

(၇) မုလေးတောင် သုံးလုံမ်းအကြားတွင်နေသည်၊ လျှောက်လျှင် စကားကို ဓမ္မာသောကမင်းကြီးက နောင်တောင်ညိုတောင်၊ ကုက္ကားတောင် အဖျားဌ မြို့တည်၍ မြောက်ဦးမြို့ ခေါ်ဝေါ်သမုတ်လိမ့်မည် ဆိုသည်စကားကို

(၈) အစွဲပြု၍၊ မြောက်ဦးမြို့ ခေါ်ဝေါ်သမုတ်သည်။ ပထမမြောက်ဦးမြို့တည် မင်းဆက်၊ မြို့တည်သမုတ်သည်မှာ မြို့သက် ၁၀၀၀ ရှည်ကြောင်း စာကားပြောနှင့် စာစက်၍ ထားသည်အကြောင်းကု ပညာရှိတို့သိအောင်

(ကော-ရင်)

	နံ	သကြဇ်	နိုန့်	နန်း	၂ခု	မိဖုရား	ကလာခေါ်
စိုးမွန် မြို့တည်မင်း	၅	၇၉၂	၄၈	၃	၅၁	စောပိုညို	
ညီ မင်းဒရီ	၃	၇၉၆	၄၃	၁၅	၃၂	စောပညာ	အလီခင်
သား ဘစောဖြူ	၅	၈၂၁	၃၀	၂၃	၅၃	စောနန္ဒီ	ကလမသျှာ
သား ဒေါလျှာ	၅	၈၄၄	၅၃	၁၈	၃၅	သုရခိုင်	မောဒူဇာ
ဘစောဖြူညီ	၁	၈၅၄	၃၃	၂	၃၉	စောဆွယ်မည်	မဟာရောရီရှာ
ဘစောညို							
ဒေါလသျှားသား ရံအောင်	၄	၈၅၆	၉	၃	၁၆	စောရှင်ညို	နောင်ရီရှာ
ဝခိုးစလင်သူ	၄	၈၆၃	၄၀	၃	၄၃	စောသီဇာ	သက်ခေါင် ခေါ်ရှာ
သား မင်းရာဇာ	၂	၈၃၀	မ	၁၅	၁၅	ဇောသူဇာ	အလီရှာ
သား ဂဇပတိ	၁	၈၈၆	၁၆	၂	၁၈	စောမင်လှ	
စလက်သူညီ မစောညီရီ	၂	၈၈၃	၆၀	၆	၆၆	စောနန်းဆက်	စလရှာ
ဒေါလယာသာသရဇ်	၅	၈၈၃	၅၂	၆	၅၈	စောနန်းဆက်	အလရှာ
မင်းရာဇာသား မင်းပါ	ဝ	၈၉၃	၃၉	၂၃	၆၂	ဘွားစောမည်	စောက်ရပါရှာ

ပေါင်း ၁၂

(၁) ၎င်းမင်းပါသည် မင်းမဖြစ်မှီနှ တိန်းမြုတ်နန်ပါနေသည်နှင့် မင်းထံခစားလျှင် သံတွဲစားခန့်သည်။ ကြွက်ကား ၃၀။ ရှေ့ဖျားတည်၊ ကြံစည်ကောင်းခြင်း၊ သံတွဲမင်းဖြစ်လေ တော်သလင်း၊ သံတွဲမြွေဟောက်၊ အစွယ် ပေါက်၊ လက်

(၂) ကောက် ဝပ်လောက်ပြီတကား၊ ပေါ်သောနိဒါန်း ရှိသည်။ ကြွက်ကား စည်လျက် အဆက် နဂါးနောက်ထား ရေသူကိုဆက်ဟူ၏ဆိုသော သိုက်၊ မြော်က်ဦးမြို့အပါး၊ အိမ်ရှေ့နား၌၊ နဂါးသုံးခွေ စေလေမည်။ ဆိုသော သိုက်ကိုလိုက်၍ ကြွက်လွဲလွဲလှေ့ ၃၀ နှင့် သံတွဲ

(၃) မြို့က ချီတက် လုတ်ကြွ၍ မင်းပါ စနေသားမင်းဖြစ်သည်။ မြို့ကိုလည်း အင်္ဂတေကျော့ရိုက်၍တည်း။ အင်းဝမြို့က မပိုင်ရအောင်၊ ဖိုးခေါင်တွင် နှတ် ၈၀၀၀။ ဘုရား ရှစ်သောင်းတည်း။ အကာကြီး ၁၀၀၀၀။ ဘုရားရှစ်သောင်းတည်း။ အကာကြီး ၁၀၀၀၀။

(၄) အကာငယ် ၁၀၀၀ကိုလည်း လုတ်ဆောင်သည်။ ဘုရားပုထိုးကျောင်းနှင့် များစွာယတ္တရာနှင့်တည်ထားလုတ်ဆောင်သည်၊ မင်းပါကို ကုလားတို့က စောက်ပေါက်ရှာခေါ်ဝေါ်သည်။ ။ ၁၂။

မင်းပါသား မင်းဒီယာ	၁	၉၁၅	၃၉	၂	၄၁	စောသန္ဒာ
သား မင်းစောလှ	၃	၉၁၈	၂၄	၈	၃၂	စောမင်ဘုတ္တပ်

(ကော်-ကြော)

(၁) မင်းစိုးလက်ထက် အစွယ်ခေါခေါ မင်းစိုး ပုဂံ ဆဲလတ္တန့်၊ ပုဂံငါးကို စားလတ္တန့်၊ စစ်တကောင်း မြေခြား ကုလားများကို ပိုင်လတ္တန့်၊ မင်းကောပြည်ရွာ ပြုမူကာ ကုလားစေကျွန် ခံလတ္တန့်။ သစ်ဟောင်းထွက်ရှိသည်နှင့် အညီ

(၂) သွားလည်းရှည်သည်။ ပတောက်စည်းလည်း ရသည်။ မဟာခီး ဘုရားတွင်လည်း ယတ္တရာနှင့် ပုဂံကိုပိုင်ဖို့ စီရင်သည်။ ကုလားနံကို ဟရီတောင်၌ ကုလားကိုပိုင်လို၍ ဘုရားတည်သည်။ ၎င်းပြင်လည်း ယတ္တ

(၃) ရာများစွာ ပြုလုပ်သည်။ အရှေ့မြန်မာမင်းက မလွန်စားကို စေလွှတ်၍ လာရောက်လျှင် အမှတ်မဲ့ရုံကြည်၍ ဟုရားဗေဒင်တတ်တို့ကို အုပ်စေ၍ ရခိုင်မြို့မှာ မလွန်စားကို စကားကြီးစွာ အရာခန့်၍ စေသုံးသည်တွင် မြို့ဥက္ကောင်းလည်း အင်းခြေလက်ဖျားမှာ

(၄) ရွှေအိုးငွေအိုးမြုပ်ထပ်၍ မြေရှိဥစ္စာကို မြင်တတ်လေသကဲ့သို့ ဟောပြောထုတ်ယူ၍ မင်းကိုဆက်သည်။ မိုးကြိုးကဲ့တွင် မင်းစောင့်နဂါးကိုလည်း သံတွဲသံခဲကို မီးဖုတ်၍ ကဲမှာနှစ်ပြီးလျှင် နဂါးကို ပြေးစေသည်။ နားေ

(၅) ဒါင်းအင်္ဂီခါးဝတ် အသုံးအဆောင်၊ ခေါင်းအုံ(း)ရောင်မ အိုးခွက် အိမ်ရာကျောင်းမှစ၍ မတော်သင့်အောင် နေပေ၍ သုံးဆောင်စေသည်။ ရခိုင်မင်းယတ္တရာနှင့်တည်သည်။ ထင်တော်မူဘုရားကို ဆီးကာ၍၊ မြင်တော်မူ

(၆) ဘုရားကို တည်သည်။ မဟာခီးဘုရား ရောင်လျှံတော်ကို နေရောင်မစစ်ရအောင် နောက်ကခုသည်။ ပတောံစည်ကိုလည်း လက်လေးသစ်ခန့် ဖြတ်သည်။ ပုဂံတောင်ငယ်တွင် စက်သီးခံ၍ ဆောက်သည်။ ဆင်စွယ်ကျောင်း ယတ္တရာ၊ ဥက္ကံကျောင်း

(၇) များကို ယတ္တရာပြန်သည်။ မိန်းမရော၊ ယောကျ်ားရော၊ လူအမျိုးမျိုးတို့ မသန့်မပြန့်သုံးဆောင်သည်။ ချောင်းငယ်ကို ပုဂံချောင်းသမုတ်၍ ပေါင်းတော်ဆံပါး ဥရေဌင်ငါကိုလည်း သုံးဆောင်တော်မူပါလျှင် အင်းဝပုဂံကို ပိုင်မည် လှည့်ဖြားပြောဆိုသောကြောင့်

(၈) ယုံမှား၍ လိုက်ပူကျင်မိသည်။ မင်းကြီးစွယ်တော်ကိုလည်း လက်တသစ်မျှ ဖြတ်ခံရသောကြောင့်

သစ်ထွက်သည်အတိုင်း မဖြစ်ရ၊ မင်းစိုးလှလည်း၊ အိမ်နိမ့် ၂၄၊ နန်း ၈၊ နှစ်ခု ၃၂ တွင် ကွယ်လွန်ဆုံးကြောင်းကို စာဟောင်းရာဇဝင်က ညွှန်းဆိုသည်။ မင်းစောလှ

(ကော်-ရင်)

(၁) ညီ စကြဝတီ။ ၆။ ၉၂၆။ ၁၉။ ၇။ ၉၆။ စောဓမ္မဒေဝီ။ ။ ၎င်းစကြဝတီမင်းလက်ထက် နောင်တော်ပြုခဲ့သည့် ယတ္တရာနှင့် စစ်တကောင်းက ဘဏ္ဍာလွယ်ကာရသည်။ စကြဝဒီမင်း အခန့်။ မင်းပါသား မင်းခမောင်းလက်ထက် အရှေ့က မင်းတရားရွှေထီး

(၂) လာရောက်မည် ကြားသောကြောင့်။ ပန်းချေရပ်၊ လက်ဆေးကန်ရပ်များမှာ တဘက်ဆီးကံကို မြို့ရိုးပြစည် ရင်ဖြတ်တဆောင် ကျောင်း ဥယျဉ် အစုံနှင့် ယတ္တရာချထားစီရင်သည်။ ပြွန်ပေါက် ၁၀၀၀က ထွက်သမျှ ရေငံရေချိုကို ထုပ်သည် လွှတ်သ

(၃) ည်၊ တောင်နှစ်လုံးကြား၊ လင်းမြွေတွားသည်၊ နွားလား တသောသော၊ သိုက်ကို လိုက်၍ တောင်ညို တောင်၊ ကုက္ကားတောင် ခြေရင်းတွင်၊ ရှေ့မင်းတို့ ဆောက်လုပ်သည်နန်းကို သိမ်းသည်။ တောင်နှစ်လုံးထိပ်အပြင် ညီး၍ နန်းအပြီးအခိုင် ဆော

(၄) က်လုပ်သည်။ သင်ကချတွော်မှစ၍ ဘုရားပုထိုးများစွာသော ရေတွင်းရေကန် ကျောင်းသိမ်များကို စနေနံပေါ်အင်း၊ ယတ္တရာချ စီရင်ဆောက်လုတ်နေသည်၊ မင်းတရားရွှေထီး ချီတော်ရောက်လှာလျှင် လောင်းကြက်အရပ်

(၅) က ကြို၍ စကားပြောဆိုသည်။ မင်းနေမြို့ အနောက်မျက်နှာက လှည့်၍ မြို့နားတွင် ချဉ်းကပ်နေနရာ မြို့စီလူအစုံနှင့် တံခါးကို မဖေးရတ်ခံ၍ စကားဆိုလျှင် ဓာတ်ကို ရှုတ်၍ ဆုပ်သွားသည်။ အရှေ့မျက်နှာပရိန်အရပ်

(၆) ကလည်၍ ခရီးနှစ်တိုင်ကွာတွင် တပ်စွဲရတ်လှာသည်ကို လူ ရဟန်းပညာရှိတို့ကို ထွက်၍ စကားဆိုစေမှ ပြဿွားသည်။ မင်းဘလောင်းတွင်လည်း ငယ်မည်ကား၊ ဘိုးတော်ဆွယ် အင်္ဂဘလောင်းလူမျိုးတို့ လာရောက်၍ သင်္ဘောသား

(၇) နှင့် တိုက်သည်ကာလ၊ ၎င်းမင်းကိုလည်း ခေါ်ဝေါ်သည်။ သားတော်အငယ် မင်းသာ(း)လနကိုလည်း စစ်တကောင်းစား ခန့်၍၊ ဘိုးသင့်များစွာနှင့်နေ

(၈) စေသည်၊ မင်းဘလောင်းကို ကုလားတို့က၊ ရှောက်ကိန္နရာ ခေါ်ဝေါ်သည်။ မင်းပါသား မင်းဘလောင်း၊ ဝ။ ၉၃၃။ ၃၇။ ၂၂။ ၅၉။ မင်းဖျာမဲ့။ ရှောက်ကိန္နရာ မင်းဘလောင်းတို့အကြောင်း ရာဇဝင်မှတ်စုတည်း။

လေ့လာစရာ

ဆလုံတို့အကြောင်း တစေ့တစောင်း

နယ်ခြားမောင်

စာပေလုပ်သားမဂ္ဂဇင်း၊ ၁၉၈၃ ခု၊ ဩဂုတ်လ၊ အမှတ် ၂၈၊ နှာ ၃၈-၄၀ ထိ။

ဆလုံတို့နေထိုင်ရာဒေသ

တနင်္သာရီတိုင်း မြိတ် ကော့သောင် ပင်လယ်ကမ်းတလျှောက်နှင့်ပင်လယ်ပြင်၌ ရှိသော ကျွန်းကြီးကျွန်းငယ် အသွယ်သွယ်တို့တွင် အိုးအိမ် အတည်တကျ မတည်ထောင်ပဲ ဝါးနှင့်ကြိမ်တို့ဖြင့် ပြုလုပ်ထားသော ကဗန်းခေါ် လှေငယ်တို့ဖြင့် လှည့်လည်သွားလာ နေထိုင်လျက် ရှိသော မွန်ကင်းခေါ် ဆလုံတို့သည် ယခုအခါ မိသားစုပေါင်း ၇၆၉ ခန့်သာ ရှိသည်။ ဆလုံ ဟူသော အခေါ်မှာ မြန်မာတို့က ခေါ်သော အခေါ်အဝေါ်ဖြစ်ပြီး ၄င်းတို့ကမူ သူတို့ကိုယ်သူတို့ မော်ကင်းဟု ခေါ်ကြသည်။ ယိုးဒယားဘက်တွင် နေထိုင်ကြသော ဆလုံတို့ကမူ ထင်မိန်း ဟုခေါ်သည်။ "မွန်ကင်း"မှာ ပင်လယ်တွင် ပျော်သည်ဟု အဓိပ္ပါယ်ရပြီး "ထင်မိန်း"၏အဓိပ္ပါယ်မှာ ယိုးဒယားသစ်ဟု ခေါ်သည်။ ယိုးဒယားတွင် နေထိုင်ကြသော ဆလုံများကို ယိုးဒယားအစိုးရက အခမဲ့ ပညာသင်ပေးခြင်း၊ ဆေးကုသခြင်းတို့ကြောင့် ၄င်းတို့က ယိုးဒယားရဲအဖြစ် ပြန်လည်၍ တာဝန်ထမ်းဆောင်ပေးကြသည်။ ၄င်းဆလုံတို့သည် ဇာဒက်ကြီး၊ ညောင်ဝိ၊ လမ်းပိကျွန်း၊ ဒုန်းကျွန်းတို့တွင် နေထိုင်ကြသည်။

ဆလုံတို့၏ဇာစ်မြစ်

၁၆၇၅ ခုနှစ်၊ ဗြိတိသျှလူမျိုး ဗောင်းရေး ဆိုသူ စာရေးဆရာ၏ခရီးသွားမှတ်တမ်းတွင် ဆလုံတို့ကို ဆီလီဘာဟု ခေါ်ကြောင်း ဖော်ပြ၍ ၁၈၉၁ ခုနှစ်၊ သန်းခေါင်စာရင်း အစီရင်ခံစာတွင် ဆလုံတို့ကို ဆီလုန်ဟု ဖော်ပြထားပါသည်။ ယင်းတို့၏မူလနေထိုင်ရာ ဒေသမှာ မလေးကျွန်းဆွယ် ဖြစ်ဟန်တူသည်။ မလေးကျွန်းဆွယ်တွင် နေထိုင်ခဲ့ရာ မလေးတို့ ဝင်ရောက်လာရာမှ မူလဇာတိဒေသကို စွန့်ပစ်၍ ပင်လယ်ပြင်ရှိ ကျွန်းများတွင် လှည့်ပတ်နေထိုင်ကြသည်ဟု ယူဆဖွယ် ရှိသည်။

ဆလုံတို့၏ သမိုင်းကြောင်းကို လေ့လာသော စကီနှင့်ဗလက်ဂဒင်ပညာရှင်နှစ်ဦးကမူ လွန်လေပြီးသောအခါက အင်ဒိုချိုင်းနား တောင်ပိုင်းဒေသ၌ ဆလုံနှင့်မွန်ခမာတို့သည် လူမျိုးချင်း အဆက်အနွယ် ဖြစ်ခဲ့ဖူးလိမ့်မည်ဟု ထင်မြင်ယူဆသော သဘောရှိသည်။ ထိုသို့ ထင်မြင်ခြင်းမှာ ဆလုံတို့သည် မလေးကျွန်းဆွယ်ရှိ ဂျာကွန်လူမျိုးနှင့်ဆက်စပ်နေသည်ဟူသော အယူအဆကြောင့် ဖြစ်သည်။

ဂျာကွန်တို့မှာ မလေးကျွန်းဆွယ်ရှိ ခေတ်ဦး မလေးလူမျိုးများ ဖြစ်သည်။ ယင်းတို့သည် ဩရန်ဗူကစ်ခေါ် တောင်တန်းသားများနှင့်ဩရန်လောက်ခေါ် ပင်လယ်သားများဟူ၍ ရှိကြရာ ဩရန်လောက်လူမျိုးထဲတွင် ဆလုံတို့ အပါအဝင် ဖြစ်သည်။ မလေးလူမျိုးတို့ ကိုယ်တိုင်က ဆလုံတို့ကို ဩရန်ဗီဆင်ဟု ခေါ်ကြသည်။ ဩရန်ဗီဆင်ဟူသော ဝေါဟာရမှာ ဆီလန်လာနှင့်မလက္ကာကမ်းခြေရှိ ဂျာကွန်လူမျိုး အပါအဝင် ဩရန်ဗီဆီလီခေါ် ပင်လယ်သားတို့၏အမည်နှင့်အနည်းငယ် ဆင်သည်ဟု မြန်မာ့စွယ်စုံကျမ်းထဲတွင် ဖော်ပြထားသည်။

အချို့က လွန်ခဲ့သော ၁၆ ရာစုနှစ်က ကမ္ဘောဒီးယားနွယ်ဝင် ရှချင်းလူမျိုးထဲမှ ဆင်းသက်လာသည်ဟုဆိုပြန်သည်။ ဆလုံတို့ကမူ ၄င်းတို့က သူတို့သည် ပေါ်တူဂီလူမျိုးထဲမျ ဆင်းသက်လာကြသည်ဟုလည်း ဆိုသည်။ ပေါ်တူဂီတို့သည် မိမိနေရပ်သို့ မပြန်နိုင်သော တချို့ကုန်သည်များနှင့်အတူ ပင်လယ်တွင်း ကျွန်းကြီးကျွန်းငယ်တို့၌ ခိုအောင်းကာ ပင်လယ်ဒမြများအဖြစ်သို့ ရောက်ရှိလာခဲ့ရာမှ အကြွင်းအကျန်တချို့၏ဆက်နွယ်မှုကြောင့် ဆလုံများ ဖြစ်ပေါ်လာခဲ့သည်ဟုလည်း အချို့က ယူဆကြပြန်သည်။ မည်သို့ပင် ဆိုစေကာမူ မြန်မာ့စွယ်စုံကျမ်းကြီးက ဆလုံလူများသည် မလေးရှားအနွယ်ဝင်များဟု ဖော်ပြထားခြင်းမှာ မှန်ကန်သည်ဟု အများကပင် လက်ခံကြသည်။ ၄င်းတို့၏ပြောဆိုပုံတွင်လည်း မလေးလူမျိုးများ၏စကားအသုံးအနှုန်းများလည်း ပါဝင်နေသည်။ ၄င်းတို့မှာ စာပေဟူ၍ လုံးဝမရှိပါ။

ဆလုံတို့နေထိုင်ပုံ

ဆလုံတို့၏လှေကို ၄င်းတို့ဘာသာစကားဖြင့် "ကဗန်း"ဟုခေါ်သည်။ ကဗန်းမှာ ကြိမ်ဖြင့် ပြုလုပ်ထားသော လှေဖြစ်၍ သုံးနှစ်လျှင် တစ်ကြိမ် အသစ်လဲကြသည်။ ပေါင်းမိုးမှာ ခနီ သို့မဟုတ် တဂျက်ရွက်ကို စပ်၍ ရက်ထားသော ပေါင်းမိုးဖြစ်သည်။ သူတို့အဖို့ ထိုလှေသည်ပင် အိမ်ဖြစ်၍ ရာသီဥတု သာယာနေသမျှကာလပတ်လုံး လှေငယ်တွင် မိသားစုအားလုံး တင်ဆောင်၍ ပင်လယ်တွင်း လှည့်လည်နေထိုင်ကြသည်။ မိုးရာသီ ကျရောက်လာသောအခါ၌မူ ကျွန်းကြီးကျွန်းငယ်

ပင်လယ်ကမ်းခြေတို့၌ သုံးလေးလမျှ မိုးခိုနေထိုင်ကြသည်။ ထိုအခါ ခြေတံရှည်သော တဲအိမ်များကို ကမ်းစပ်တွင် ဆောက်လုပ်၍ နေထိုင်ကြပေသည်။

အလုပ်အကိုင်

ဆလုံတို့သည် ရေကူးရေငုပ် ကျင်လည်ကြသဖြင့် ငါးဖမ်းခြင်း၊ ခရင်းခွာခြင်း၊ ကျောက်ပန်းကျောက်ခက်ကောက်ခြင်း၊ ပင်လယ်မျှော့ဖမ်းခြင်း၊ ဖျာရက်ခြင်း၊ ခရုကမာငုပ်ခြင်း စသည်တို့ဖြင့် အသက်မွေးမြူကြသည်။ ယခင်က ဆလုံတို့သည် ငွေကြေးများ မသုံးစွဲတတ်သဖြင့် ၄င်းတို့ ပင်လယ်ထဲမှ ရရှိသော ခရုကမာ၊ ပင်လယ်မျှော့တို့ဖြင့် ၄င်းတို့လိုအပ်သော ပစ္စည်းများကို လဲလှယ်ကြသည်။

ပင်လယ်မျှော့သည် ပင်လယ်ကမ်းခြေတလျှောက် အလွန်ပေါများသော ရေသတ္တဝါမျိုး ဖြစ်သည်။ ယင်းကို ဆလုံတို့က ဖမ်းဆီးပြီး တရုတ်ကုန်သည်သူဌေးများထံ ပစ္စည်းများနှင့်လဲလှယ်မှုကြောင့် ယခုအခါ ပင်လယ်မျှော့သည် အဖိုးတန်ဈေးကောင်း၍ အရသာအရှိဆုံးသော အစားအစာတခု ဖြစ်လာသည်။

ကော့သောင်းမြို့နယ်ရှိ တရုတ်လူမျိုးများသည် ၄င်းတို့၏အဖိုးတန် ထုတ်ကုန်များကို မက်မောအလိုရှိသဖြင့် ဆလုံအမျိုးသမီးများကိုပင် လက်ထပ်ယူနေကြသည်။ ဆလုံတို့၏အကောင်းဆုံး အကြိုက်ဆုံး အစားအစာမှာ လိပ်သားနှင့်ငှက်ပျောသီးများ ဖြစ်ကြသည်။ ဆေးလိပ် သောက်သုံးခြင်း မရှိပဲ ဆေးခြောက်ကို ဝါးကြသည်။ ဆေးခြောက်ကို မမှီဝဲရပါ က ၄င်းတို့အလုပ် မလုပ်နိုင်ကြပေ။ ယခင် လှော်တက်ကို အသုံးပြုတတ်သော ၄င်းတို့သည် ယခုအခါ လှေတွင် စက်တပ်၍ ပင်လယ်ထဲ၌ သွားလာကျက်စားလျက် ရှိကြသည်။

ဓလေ့ထုံးတမ်းစဉ်လာ

ဆလုံလူမျိုးတို့သည် တစ်နှစ်လျှင် တစ်ကြိမ်သာလျှင် ပြုလုပ်လေ့ရှိသော နတ်ပူဇော်ပသခြင်း၊ သို့မဟုတ် သရိုင်းရှိခိုးခြင်း၊ သို့မဟုတ် နှစ်သစ်ကူးပွဲတော်ကို ဇပြီလနှင့်ဆုံသော မြန်မာလပြည့်နေ့မှ အစပြု၍ သုံးရက်တိုင်တိုင် ကျင်းပကြသည်။ ၄င်းတို့သည် နတ်ကို အလေးအနက် ယုံကြည်ကြသည်။ အထူး လေးစားကြသည်။ ၄င်းတို့တွင် ကိုယ်ပိုင်စာ အသုံးအနှုန်း မရှိကြသဖြင့် ထိုနေ့ ထိုရက်ကို ရာသီအလိုက်ပွင့်သော ပန်းကို အမှတ်သညာပြု၍ ပြုလုပ်ခြင်း ဖြစ်၏။ နွယ်နီပန်း၊ သို့မဟုတ် အောက်အခေါ် နတ်ပန်းသည် ဇပြီလနှင့်ဆုံသော မြန်မာလပြည့်နေ့တွင် အဖူးအငုံများ ပွင့်အာလာပြီး တခိုင်လုံးနီဝင်းလာသည်။ ထိုအချိန်သည် ဆလုံတို့ နတ်ပူဇော်ပသသောအချိန် ဖြစ်သည်။ တခြားရက်နေ့များတွင် ပြုလုပ်ကျင်းပခြင်း၊ နတ်ပူဇော်ပသခြင်း မပြုလုပ်နိုင်ကြောင်း အယူရှိခဲ့သည်။ သရိုင်းရှိခိုးခြင်း၊ နှစ်သစ်ကူးပွဲ ပြုလုပ်ခြင်းသည် နတ် ပူဇော်ပသခြင်းနှင့်အတူတူပင် ဖြစ်သည်။

နတ်ပူဇော်ပသခြင်းကို မိဘဆွေမျိုး တဦးဦးသည် မိမိတို့နေထိုင်ရာ ရွာတွင် သေဆုံးမည်ဆိုပါက ၄င်းသေဆုံးမြှုပ်နှံထားရာ သရိုင်းသို့ တရွာလုံးသွား၍ ပြုလုပ်လေ့ရှိသည်။ နတ်ပူဇော်ပသခြင်း မပြုလုပ်မီ ၄င်းတို့သည် ပင်လယ်ရေလိပ်ကို မတွေ့တွေ့အောင် ပထမဦးစွာ ရှာကြသည်။ ပင်လယ်ရေလိပ်၏ဦးခေါင်းကို ဖြတ်ယူထားရသည်။ ပထမတွင် တိုင်လုံးကြီးကို စိုက်ထူ၍ နတ်ရုပ်ကဲ့သို့ ပြုပြင်ပြီး ဆေးနီရောင်စုံကွက်များ သုတ်ကာ တံခွန်ကုက္ကားများ စိုက်၍ သရိုင်းတွင် တိုင်လုံးကြီးကို စိုက်ထူကြသည်။ တခြားကြက်ဘဲ သစ်သီးမျိုးစုံနှင့်အတူ ပင်လယ်ရေလိပ်၏ဦးခေါင်းကို ယူ၍ သရိုင်းကုန်းတွင် မီးထွန်းပူဇော်ကြသည်။

နတ်ကသူတို့သည် နတ်ဆရာအဘိုးကြီး ရွတ်ဆိုအပြီး တယောက်လက်တယောက် ဆွဲချိတ်ကာ ပတ်လည်ဝိုင်း၍ အော်ဟစ်မြူးထူး ကခုန်ကြသည်။ တချို့က သစ်တုံးကြီးကို အလယ်မှ ချည်ထားပြီး တဘက်တချက်ဆွဲကာ ပင်လယ်ထဲသို့ ချ၍ ငါးဖမ်းသကဲ့သို့ ပြုလုပ်ကြသည်။

ဆလုံတို့ ပူဇော်ပသသော ကျွန်းစောင့်သောနတ်နှင့်ပင်လယ်စောင့်သောနတ်များသာ ဖြစ်ကြသည်။ ထိုနတ်များကို မပူဇော် မပသပါ က မကောင်းကျိုးကို ပေးနိုင်သည်ဟု ယုံကြည်ကြသည်။ သို့သော် ၄င်းတို့တွင် နတ်ကောင်းများလည်း ရှိသည်။ ထိုနတ်မှာ တူးဒါးဟုခေါ်သည်။ တူးဒါးဟူသော နတ်မှာ လောကကို ဖန်ဆင်းပေးသော နတ်ကောင်းနတ်မြတ်ဟုယူဆ၍ ၄င်းနတ်ကို မကိုးကွယ် မပသလျှင် အပြစ်မရောက်နိုင်ဟု ယူဆကြသဖြင့် ယခုလို ကြီးကျယ်ခမ်းနားလေးစားစွာ မပြုလုပ်ကြပါ။

ယခင်က ကော့သောင်းမြို့တွင်လည်း ဆလုံတို့ နတ်ပူဇော်ပွဲကို ခြောက်ကြိမ်တိတိ ကျင်းပခဲ့သည်။ ဆလုံများသည် မိမိနေထိုင်ရာ ရွာတွင် တဦးတယောက် သေဆုံးပါက ထိုရွာတွင် မြူပ်နှံပြီး တရွာလုံး တခြားနေရာသို့ ပြောင်းရွှေ့သွားကြသည်။ အဆိုးမိစ္ဆာများ ဝင်ရောက်လာသည်ဟု ဆိုကြသည်။

ထို့နောက် သူတို့ရွာထဲသို့ တခြားသူစိမ်းဧည့်သည်များ ရောက်ရှိလာပါကလည်း ရွာစောင့်အဖြစ် အဘိုးအိုတဦးအား ချန်ထားခဲ့ပြီး တခြားတနေရာသို့ ပြောင်းရွှေ့ကြပြန်သည်။ ဆလုံတို့ သေဆုံးပါက ယခင်က လင့်စင်ထိုးပြီး စင်ပေါ်တွင် ထားခဲ့ရာမှ ယခုအခါ သဲတွင် တူး၍ မြှုပ်နှံကြသည်။ သေဆုံးသူတွင် လေ့ကို ထက်ခြမ်းခွဲပြီး စက်များ၊ ရွှေငွေ၊ အဝတ်များ၊ လေ့ကိရိယာများကိုပါ ၄၀းနှင့်အတူ ပူးတွဲ၍ မြှုပ်နှံလိုက်သည်။ ဆလုံတို့သည် နတ်ကို အလွန်ယုံကြည်ကြသဖြင့် လူမမာများ ရှိပါက နတ်များကို ပသ၍ ကုသကြသည်။

လက်ထပ်မင်္ဂလာဆောင်ခြင်း

ဆလုံတို့သည် အပျိုလူပျို နှစ်ဦးသဘောတူ သို့မဟုတ် ယောကျ်ားက ချစ်ကြိုက်လျှင် အောင်သွယ်တော်ခေါ် လူကြီးတစ်ဦးအား ထဘီသုံးထည်၊ သို့မဟုတ် ရွှေထည်ပစ္စည်းတခုခုကို ယူ၍ အမျိုးသမီးမိဘအား ပေးဆက်စေရသည်။ မိဘဖြစ်သူက သမီးအား ခေါ်ယူ၍ မည်သူက လာရောက်ပေးသွားကြောင်း ပြောလျက် အပ်လိုက်ရသည်။ အမျိုးသမီးက သဘောတူလျှင် လက်ခံရပြီး သဘောမတူလျှင် ပြန်ပေးလိုက်ရသည်။ ထို့နောက် အမျိုးသမီးသည် ယောကျ်ားလူပျိုနောက်သို့ လိုက်သွားရပြီး လေ့အသစ်တစီး ပြုလုပ်ကာ အိုးသစ်အိမ်သစ် ထူထောင်ကြသည်။ တချို့ကလည်း မိဘများရှေ့တွင် လက်ထပ်ကြပြီး အရက်များဖြင့်ပင် ကျွေးမွေးဧည့်ခံကြသည်။ မင်္ဂလာဆောင်ပြီး၍ ယောကျ်ားဖြစ်သူသည် အမျိုးသမီးမိဘထံတွင် သုံးနှစ်ခန့် အလုပ်အကျွေး ပြုရသည်။ ထိုအတွင်း ယောကျ်ားသားတဦး ပေါက်ဖွားလာပါက မိဘများနှင့်ခွဲသွားကြရသည်။ အကယ်၍ ယောကျ်ားသားလေး မွေးဖွားခြင်း မရှိပါက သုံးနှစ်လွန်မြောက်မှ ခွဲထွက်ရသည်ဟု အယူရှိလေသည်။

ဆလုံတို့သည် မြန်မာ့ပင်လယ်ကမ်းခြေအတွင်း ပင်လယ်လူမျိုးစုအနေဖြင့် ယခုအခါ တဖြည်းဖြည်း တိမ်ကောစပြုနေပြီ ဖြစ်သောကြောင့် ၄၀းတို့ မတိမ်ကော မပျောက်ပျက်မီ တိကျမှန်ကန်သော မှတ်တမ်းမှတ်ရာများ ပေါ်ထွက်လာနိုင်ရန် ရည်ရွယ်လျက် တင်ပြရှာဖွေ ရေးသားလိုက်ရပါကြောင်း။

နယ်ခြားမောင်